တက္ကသိုလ်

# သိယဟေဒေအောင်

## အမိုက်ဖုံးသော သိုင်းသခင်



တက္ကသိုလ်သီဟအောင်

# အမိုက်ဖိုးသောသိုင်းသခင်

ဒုတိယပိုင်း (ဇာတ်သိမ်း)

# အပြင်လောကသို့

လေတစ်ချက်ဝှေ့ယမ်းတိုက်ခတ်လာသည်။

လေတိုက်ခတ်မှုကြောင့် အဝတ်အစားများ တဖျပ်ဖျပ်လူး လွန့် လှုပ်ရှားသွားသည်။

ရှမ်းထင်းမှာ အပြာရောင်အဝတ်အစားများဝတ်ဆင်ထားသည်။ သူ၏ကျောပေါ်၌ အထုပ်ကလေးတစ်ထုပ် လွယ်ပိုးထားသည်။ ရှောင်လင်ကျောင်းမှ ထုတ်ပေးသော ခရီးစရိတ် ငွေအနည်းငယ်ရှိစေသည်။

အကျဉ်းခံအဘိုးအိုပေးထားသော စာရွက်ခေါက်အား ခါးကြား၌ကျစ်ကျစ်ပါအောင် လိပ်ထားလေသည်။

သူကရှောင်လင်ကျောင်းမှ ထွက်သွားတော့မည်ဖြစ်သည်။ ယခုနှစ်အတွင်း ရှောင်လင်ကျောင်းမှ ထွက်သွားနိုင်သည့် ပထမဆုံး ကျောင်းသားတစ်ယောက်ဖြစ်ပေသည်။

ခုံးမိန်၏ မျက်ဝန်းအစုံ၌ မျက်ရည်များဝိုင်းနေသည်။ ရှမ်းထင်းကို မကြည့်ဘဲ ကျောခိုင်းလိုက်၏။

ခပ်လှမ်းလှမ်း၌ ချင်းစိန်နှင့် ဝမ်းရှိုတို့က အကဲခတ်ကြည့်နေကြလေသည်။

အတန်ကြာမှ ခုံးမိန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... ကျုပ်ကိုယ်တိုင်တောင် မယုံကြည်နိုင်အောင်ဖြစ်နေရတယ်၊ ကျုပ်တပည့်တစ်ယောက်ဟာ အချိန်မစေ့သေးပဲ ကြေးလုရုပ်အခန်းက ဖြတ်သွားနိုင်တာ ဒါဟာပထမဆုံးအကြိမ်ပဲ" ဟုပြောလိုက်သည်။

ရှမ်းထင်းခေါင်းငုံ့ထား၏။ တကယ့်အဖြစ်အပျက်ကိုသာ ခုံးမိန်သိလျှင် ခွင့်လွှတ်နိုင်မည်မဟုတ်ကြောင်း နားလည်သဘောပေါက်ထားလေသည်။

ခုံးမိန်ဆက်ပြောလိုက်သည် ...

"ဘာပဲဖြစ်ဖြစ် မင်းရဲ့လက်နှစ်ဘက်က အမှတ်တံဆိပ်တွေဟာ ပညာရည်ပြည့်ဝတဲ့ရှောင်လင်ကျောင်းသားတစ်ယောက်ဆိုတာ ထင်ရှားပေါ်လွင်နေပြီ၊ ကျုပ်နောက်ဆုံးမှာချင်တာကတော့ ရှောင်လင်ကျောင်းရဲ့ ဂုဏ်သိက္ခာကို မကျဆင်းစေပါနဲ့၊ ကိုယ်တတ်ထားတဲ့ပညာနဲ့ အများအကျိုးဆောင်ရွက်ပါ၊ မကောင်းသူပယ်၊ ကောင်းသူကယ်ပါ ဒုစရိုက်လုပ်ငန်းအတွက် စိုးစဉ်းမျှ အသုံးပါနဲ့၊ တိုင်းပြည်နဲ့လူမျိုး၊ ဘာသာ သာသနာအတွက် အရိုးကျေကျေ အရေခမ်းခမ်း သက်စွန့်ကြိုးပမ်းဆောင်ရွက်ပါ၊ ကဲ ... ဒါပါပဲ၊ မင်းသွားလိုရာသွားနိုင်ပါပြီ"

သူကခွင့်ပြုလိုက်လျှင် ရှမ်းထင်းလည်း ဦးသုံးကြိမ်ချကာရှိခိုး



ကန်တော့လိုက်သည်။

ခုံးမိန်ကလှည့်၍ပင်မကြည့်ချေ။

လှည့်ကြည့်လျှင် သူ၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျနေသည်ကို တွေ့မြင်သွားမည်ဖြစ်လေသည်။

ရှမ်းထင်းကလည်း ခုံးမိန်အနီးမှ တိတ်တဆိတ်ထကာထွက်လာခဲ့လေတော့သည်။ ခပ်လှမ်းလှမ်းသို့ရောက်လျှင် သူ၏နောက်မှ ပြေးလိုက်လာသော ခြေသံများကိုကြားလိုက်ရသည်။

ရှမ်းထင်းလှည့်ကြည့်လိုက်သောအခါ ပြေးလိုက်လာကြသည့် ချင်းစိန်နှင့် ဗမ်းရှိုတို့ကို တွေ့လိုက်ရသည်။

ထို့ကြောင့် အနီးသို့ ရောက်ရှိလာသည့်ချင်းစိန်က ...

"ညီလေး ... မင်း ... မင်းထွက်သွားတော့မယ်ဟုတ်လား" ဟု မေးလိုက်သည်။

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။

ချင်းစိန်က ...

"မင်း ... မင်း ဘယ်ကိုသွားမှာလဲဟင်"

ရှမ်းထင်းက လက်ဝှေ့ယမ်းပြလိုက်သည်။

ကမ္ဘာကုန်ကျယ်သရွေ့ လျှောက်သွားမည့်သဘောဖြစ်လေသည်။

ချင်းစိန်သက်ပြင်းချလိုက်သည်။ ရှမ်းထင်းအား သံယောဇဉ်တွယ်ငြိနေကြသည်ဖြစ်သော်လည်း ဟန့်တားရန်အကြောင်းမရှိချေ။ သူတို့လည်း သိုင်းပညာလေ့ကျင့်အောင်မြင်လျှင် ရှောင်လင်ကျောင်းမှ ထွက်သွားကြမည် မဟုတ်ပါလား။

ချင်းစိန် စကားပြောရန် ဟန်ပြင်လိုက်ပြီးမှ ပါးစပ်ပိတ်ထား လိုက်လေသည်။

ထိုစဉ် ဝမ်ရှီက ...

"ညီလေး ... မင်း စုကျိုးနယ်ကိုရောက်ယင် သမားတော်ကျန်းရဲ့အိမ်ကိုဝင်ပြီး လည်ပတ်နိုင်တယ်၊ သမားတော်ကျန်းဟာ အစ်ကို့ဖေဖေပဲ၊ အကူအညီလိုရင်လဲ အစ်ကို့နာမည်ပြောပြလိုက်၊ သူတို့ကူညီလိမ့်မယ် ဟုတ်ပြီလား" ဟု မှာကြားလေသည်။

ရှမ်းထင်း ဦးညွှတ်လိုက်သည်။

လက်နှစ်ဘက်ဆုပ်ကာ အရှိအသေပေးယင်း ကျေးဇူးတင်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြန်ပြောလိုက်သည်။

ဝမ်းရှီနှင့် ချင်းစိန်တို့ ခြေလှမ်းရပ်လိုက်ကြ၏။ အခွဲချင်သော်လည်း ရှမ်းထင်းကို ဟန့်ထား၍ရမည်မဟုတ်ကြောင်း သိသလို၊ ဟန့်တားရန်လည်းမသင့်ကြောင်း နားလည်ပေသည်။

ရှမ်းထင်းက လက်ဝှေ့ယမ်းပြလိုက်သည်။ ခွဲခွာကာနီး နှုတ်ဆက်လိုက်ခြင်းဖြစ်၏။

ဝမ်းရှီနှင့် ချင်းစိန်တို့ ပြန်လည်၍ လက်ဝှေ့ယမ်းပြလိုက်သည်။ ရှမ်းထင်းပြုံးယင် ကျောခိုင်းကာ တောင်ဆင်းလမ်းကလေးအတိုင်း ထွက်သွားလေတော့သည်။

ချင်းစိန်နှင့် ဝမ်းရှီတို့ ငေးကြည့်ယင်းကျန်ခဲ့၏။ တခဏအကြာတွင် သစ်ပင်များကို ကွေ့ပတ်လျှောက်ယင်း ရှမ်းထင်းတစ်ယောက်မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ချင်းစိန်နှင့် ဝမ်းရှီတို့ ပြိုင်တူသက်ပြင်းချလိုက်သည်။



ထိုစဉ် ...

"သူထွက်သွားတာမြင်တော့ မင်းတို့အားကျနေကြတယ် မဟုတ်လား"

နောက်ကျောဘက်မှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ချင်းစိန်နှင့် ဝမ်းရှီတို့လှည့်ကြည့်လိုက်ရာ ခုံးမိန်ရောက်လာသည်ကိုတွေ့ရ၏။

"ဆရာ ..."

ချင်းစိန်နှင့် ဝမ်းရှီတို့ ကပျာကယာ ဂါရဝပြုလိုက်ကြ၏။

ခုံးမိန်က ...

"မင်းတို့ ဘာမှစိတ်မပျက်ကြပါနဲ့၊ တစ်နေ့မင်းတို့လဲ သူ့လို ထွက်သွားနိုင်ကြမှာပဲ၊ ကဲ ... ငေးငိုင်မနေကြနဲ့ အချိန်ရှိတုန်း သိုင်းပညာလေ့ကျင့်ကြရအောင်၊ မင်းတို့ကို သိုင်းကွက်အသစ်တွေထပ်ပြီး သင်ပေးမယ်၊ ကျုပ်နောက်လိုက်ခဲ့ကြ"

ပြောပြီး ထွက်သွား၏။

ချင်းစိန်နှင့် ဝမ်းရှီတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက် ...

သဘောကျစွာ ပြုံးလိုက်ကြပြီး ခုံးမိန်နောက်သို့ လိုက်သွားကြလေတော့သည်။

♣ ♣ ♣

# ရှောင်လင်ကျောင်း

ရှောင်လင်ကျောင်းကား တောင်ကုန်းအမြင့်ပေါ်၌ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ရှောင်လင်ကျောင်း၌ ချင်းစိန်၊ ဝမ်းရို၊ ဆရာခုံးမိန်၊ ဘုန်းတော်ကြီးချန်ထိုင်၊ အကျဉ်းခံရုပ်ဆိုး အဘိုးအိုနှင့် အမျိုးသမီးကြီးဝါးမေတို့ ကျန်ရစ်ခဲ့ကြပြီဖြစ်သည်။

ရှောင်လင်ကျောင်းမှ ရက်ပေါင်း၊ လပေါင်းများစွ[illegible]ရင်းတနှီးနေထိုင်ခဲ့ရသူများနှင့် ခွဲခွာလာရသဖြင့် ရှမ်းထင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်နေပေသည်။

သို့သော် ... သူ ... မထွက်သွား၍ မဖြစ်ပါ။

သူ၏ဘဝအတွက် ပေးဆပ်စရာ၊ ထမ်းဆောင်စရာ ဝတ္တရားများကျန်ရှိနေသေးသည် မဟုတ်ပါလား။ သူ၏ဘဝတာဝန်သည် အသက်နှင့်ထပ်တူ အရေးကြီးပေသည်။



အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အသက်ကိုစွန့်လွှတ်သင့်စွန့်လွှတ်ရမည်ဖြစ်သည်။ အသက်သေဆုံးသွားလျှင်လည်း သူဝမ်းနည်းမိမည်မဟုတ်ပါချေ။

အကြောင်းကား ... သူသည် ရှစ်နှစ်သားခန့်က အသက်ဘေးအန္တရာယ်နှင့်ကြုံတွေ့ခဲ့ရပြီး ကံကောင်းထောက်မကာ အသက်ရှင် ကျန်နေခဲ့သူမဟုတ်ပါလား။

ထိုအချိန်က အသက်သေမည်ဆိုလည်း သေသွားနိုင်လောက်ပေသည်။

ထိုစဉ်ကပင် မသေပဲ လွတ်မြောက်လာခြင်းကြောင့် အသက်အန္တရာယ်နှင့်ငင်း ရင်းဆိုင်ရမည်ကို လားလားမျှ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိတော့ချေ။

ရှောင်လင်ကျောင်းကြီးအား နောက်ချန်ထားရစ်ခဲ့ပြီးလျှင် သူ၏ရှေ့ဆက်ရမည့် ဘဝလမ်းကြောင်းကို တွေးကာစိတ်ဓာတ်တက်ကြွလာ၏။

"ငါ့မှာရှေ့ဆက်စရာအများကြီးရှိသေးတယ်၊ မှိုင်တွေငေးမောပြီး အချိန်ဖြုန်းလို့မဖြစ်ဘူး၊ မပြီးဆုံးသေးတဲ့ကိစ္စတွေကို ပြီးပြတ်အောင်လုပ်ရမယ်၊ ဖေဖေရဲ့ဆန္ဒအတိုင်း ဖြစ်မြောက်စေရမယ်"

ထိုသို့တွေးပြီး ရှေ့သို့ခပ်သွက်သွက်ကလေး လျှောက်လာခဲ့လေသည်။ တောလမ်းကလေးအတိုင်း လျှောက်လာယင်း ရှောင်လင်ကျောင်းတည်ဆောက်ထားရာ တောင်ကုန်းနယ်နိမိတ်အားဖြတ်ကျော်လာခဲ့သည်။

နယ်နိမိတ်အဆုံးရောက်လျှင် ရုတ်တရက် ...

လမ်းဘေးမှ ဘုရားစာရွတ်ဆိုသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ရှမ်းထင်းရင်ထိတ်သွားသည်။

ချက်ချင်း ခြေလှမ်းရပ်ကာ ဘုရားစာရွတ်ဆိုသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ ... လမ်းဘေးရှိ ကျောင်းဆောင်ကြီးတစ်ခုပေါ်၌ ဘုန်းတော်ကြီးတစ်ပါး တင်ပျဉ်ခွေထိုင်နေသည်ကို တွေ့ရသည်။ ဘုန်းတော်ကြီးသည် မျက်လွှာချထားပြီး နှုတ်မှဘုရားစာများ ရွတ်ဆိုနေသည်။

ထိုဘုန်းတော်ကြီးအားမြင်လျှင် ရှမ်းထင်းအံ့အားသင့်သွားလေသည်။

"ဟင် ... ဆရာတော် ချန်ထိုင်ပါလား" ဟု စိတ်ထဲရေရွတ်မိသည်။

မှန်ပေသည်။

ကျောက်ဆောင်ထက်၌ နေသူမှာ ချန်ထိုင်ဖြစ်နေ၏။ချန်ထိုင်က သူရောက်လာသည်ကို အရေးမစိုက်ပဲ မျက်လွှာချကာ ဘုရားစာများရွတ်ဆိုနေသည်။ ရှမ်းထင်းက ချက်ချင်းပင် မြေပေါ် ဒူးထောက်ဂါရဝပြုလိုက်၏။

ထို့နောက် ...

ဒူးထောက်ရာမှ ထရန်ဟန်ပြင်လိုက်၏။ ဤတွင် သူ့ရင်ထဲ ထူးခြားသော ခံစားချက်များဖြစ်ပေါ်လာလေသည်။

ချန်ထိုင်သည် ရှောင်လင်ကျောင်း၌ ကျောင်းထိုင်ဆရာတော်



ပြီးလျှင် ဩဇာအာဏာ အပြည့်ဝဆုံးသော စည်းကမ်းထိန်းသိမ်းရေးဆရာတော်ငါးပါးအနက် ဝါစဉ်အကြီးဆုံးဖြစ်၏။

ချန်ထိုင်သည် ဤနေရာသို့တစ်ယောက်တည်း လာထိုင်နေသည်မှာ အကြောင်းတော့ရှိရပေမည်။

အကြောင်းမရှိဘဲ ယခုလိုလာရောက်ထိုင်ကာ အချိန်ဖြုန်းနေမည် မဟုတ်ချေ။ မည်သို့သောအကြောင်းများကြောင့်နည်း။

တွေးယင်း ရှမ်းထင်း ရင်ထိတ်သွားသည်။ ချန်ထိုင်ကိုလည်း ကြောက်ရွံ့ထိတ်လန့်သောမျက်လုံးများဖြင့် ကြည့်လိုက်မိသည်။

ထိုစဉ် ...

ချန်ထိုင် မျက်လုံးဖွင့်လာသည်ကို တွေ့ရ၏။သူကဒူးထောက်နေသည့် ရှမ်းထင်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်သည်။

ပြီးလျှင် တည်ငြိမ်သောလေသံဖြင့် ...

"ရှမ်းထင်း ... မင်းဟာ တာဝန်ခံ ဆရာခုံးမိန်လက်အောက်မှာ ပညာသင်ကြားရတဲ့ ရှောင်လင်ကျောင်းသားတစ်ယောက်မဟုတ်လား" ဟု မေးလိုက်သည်။

ရှမ်းလင်း ဦးခေါင်းအသာအယာ ညိတ်ပြလိုက်သည်။

ချန်ထိုင်က ...

"တာဝန်ခံ ဆရာခုံးမိန်ဟာ အမြော်အမြင်ရှိတဲ့လူ၊ သိုင်းပညာတော်တဲ့လူတစ်ယောက်ပဲ၊ နှစ်ပေါင်းသုံးဆယ်အတွင်း လူများကြည်ညိုလေးစားခြင်းခံရတဲ့ ရှောင်လင်ကျောင်းတော်သားနှစ်ဆယ်ထက်မနည်းမွေးထုတ်ပေးနိုင်ခဲ့တယ်၊ မင်းဟာလဲ ခုံးမိန်ရဲ့တပည့်ဆိုတော့ လူအများလေးစားကြည်ညိုခြင်းခံရသူတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ကျုပ်

ထင်တယ်"

ရှမ်းထင်းက ဦးညွှတ်ကာ လက်ဟန်ခြေဟန်ဖြင့် ကတိပြုပါကြောင်း ပြောကြားလိုက်သည်။

ချန်ထိုင်က ဆက်ပြောလိုက်သည်။

"သို့ပေမဲ့လည်း ခုံးမိန်ဟာ ရှောင်လင်ကျောင်းတော်သားတစ်ယောက်ကို အနည်းဆုံးငါးနှစ်လောက် ကိုယ်တိုင်ကိုယ်ကျ ကြပ်မတ်သင်ကြားပေးပြီးမှ ကြေးလူရုပ်အခန်းကိုဖြတ်ခွင့်ပြုခဲ့တယ်၊ သူခွင့်ပြုသူတိုင်း အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ခဲ့တာချည်းပဲ၊ အဲ ... ထူးထူးခြားခြား မင်းတစ်ယောက်ပဲ သိုင်းပညာသင်ယူရတဲ့အချိန် ဘာမှမကြာသေးဘဲ ကြေးလူရုပ်အခန်းကို ဖြတ်နိုင်ခဲ့တာ၊ မင်းကို ခုံးမိန်က ခွင့်မပြုဘူးလို့လဲ ကျုပ်သိရတယ်၊

ရှမ်းထင်း မျက်နှာပျက်သွားသည်။ ရှောင်လင်ကျောင်းမှ လူများသည် ခေသူများမဟုတ်ကြပါချေ။ ချက်ဆို နားခွက်မီးတောက်သူများဖြစ်ကြသည်။

အကျိုးအကြောင်း ဆက်စပ်ကာ အခြေအနေကို အမှန်ကန်ဆုံး အနီးစပ်ဆုံး တွက်ဆနိုင်သူများဖြစ်ကြသည်။

ယခုလည်း သူအဘယ်ကြောင့် သိုင်းပညာအနည်းငယ် သင်ယူနိုင်ရုံဖြင့် ကြေးလူရုပ် အခန်းကို ဖြတ်သန်းနိုင်သနည်း။

ဤအချက်ကို သံသယဝင်နေပြီဖြစ်သည်။ ရှမ်းထင်းထိတ်လန့်နေသည်။

ချန်ထိုင်က မရမနေ မေးမြန်းလာတော့မည်ဟု ထင်မှတ်မိသည်။



ထိုစဉ် ... ချန်ထိုင်၏စကားသံ ထွက်ပေါ်လာသည်။

"ကြေးလူရုပ်အခန်းထဲကဖြတ်သန်းတဲ့ ကျောင်းတော်သားတွေရဲ့ အရည်အချင်းကို ကျုပ်တို့စည်းကမ်းထိန်းသိမ်းတဲ့ ဘုန်းကြီးငါးပါးစလုံး လျှို့ဝှက်အပေါက်ကနေ စောင့်ကြည့်ရလေ့ရှိတယ်၊ ကျောင်းတော်သားဟာ တကယ်မှန်မှန်ကန်ကန် ခုခံတိုက်ခိုက် အနိုင်ယူပြီး ကျော်ဖြတ်တာလား၊ ဒါမှမဟုတ် အကောက်ဉာဏ်သုံးပြီး ကျော်ဖြတ်တာလားဆိုတာ ဝေခွဲဆုံးဖြတ်ရလေ့ရှိတယ်၊ မင်းကတော့ အမှန်တကယ်ကို ရင်ဆိုင်တိုက်ခိုက် ကျော်ဖြတ်သွားခဲ့တယ်ဆိုတာ ကျုပ်တို့တွေ့မြင်ခဲ့ပါတယ်။

ပြောရင်း ရှမ်းထင်း၏ မျက်နှာကို အကဲခတ်သလိုကြည့်လိုက်သည်။ ရှမ်းထင်းမှာ ချန်ထိုင်နှင့် မျက်နှာချင်းမဆိုင်ဝံ့ပဲ ခေါင်းငုံ့ထားလိုက်ရသည်။

ချန်ထိုင်၏မျက်နှာတွင် လျှို့ဝှက်နက်နဲသော အပြုံးတစ်ရပ် ပေါ်ပေါက်လာ၏။

ဦးခေါင်းတဆတ်ဆတ်ညိတ်ယင်း ...

"မင်းဟာ တကယ့်ကို သိုင်းပညာထူးချွန်တဲ့ လူငယ်လေးတစ်ယောက်ပါပဲ၊ မင်းကို သိုင်းပညာသင်ပေးတဲ့ခုံးမိန်တောင် မင်းကို လိုက်မီမှာမဟုတ်ဘူး"

ရှမ်းထင်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ချန်ထိုင်ကို မျက်လုံးပြူးကာကြည့်မိသည်။

ချန်ထိုင်က ဆက်ပြောလိုက်ပြန်သည်။

"ခုံးမိန်တောင်မှ လိုက်လို့မမီတဲ့ သိုင်းပညာမင်းဘယ်ကရခဲ့

သလဲ၊ မင်းကို ဘယ်သူသင်ပေးသလဲ၊ သည်အချက်ဟာ ကျုပ်ကို ဦးနှောက်ခြောက်စရာဖြစ်လာစေခဲ့တယ်၊ ကဲ ... ဘယ်လိုလဲ ကျုပ်မေးတာ မင်းဖြေမလား"

ရှမ်းထင်း ပါးစပ်ပိတ်ထားလိုက်သည်။

ချန်ထိုင် မျက်မှောင်ကြုတ်ကာ ...

"မင်း ... မဖြေနိုင်ဘူးပေါ့"

ရှမ်းထင်း တုတ်တုတ်မျှပင် မလှုပ်ချေ။

ချန်ထိုင်လည်း ဒေါသထွက်လာဟန်ဖြင့် ...

"ကောင်းပြီ ... မင်းဟာ ကျုပ်အမိန့်ကို မနာခံဘူး၊ ကျုပ်မေးတာကို မဖြေဘူး၊ မင်းမှာအပြစ်ရှိတယ်၊ မင်းကိုအပြစ်ပေးရလိမ့်မယ်"

ပြောယင်း ထိုင်ရာမှ ထလိုက်လေသည်။

ပြောယင်း ထိုင်ရာမှ ထလိုက်သည်။

ရှမ်းထင်းကား မလှုပ်မယှက် ကျောက်ရုပ်ပမာရှိနေဆဲ။

ချန်တိုင်က ...

"မင်းက အာခံမယ်ဆိုယင်တော့ မင်းရဲ့အပြစ်ဒဏ်ဟာ၊ သေဒဏ်ပဲ၊ ဘုရားတရားသာ အာရုံပြုပေတော့"

စကားဆုံးလျှင် ရုတ်ခြည်းရှေ့သို့ခုန်ထွက်လာပြီး လက်ငါးချောင်းဖြင့်ရှမ်းထင်း၏ ဦးခေါင်းပေါ်သို့ ကုပ်ဆွဲချလိုက်လေသည်။ သူ၏လက်ချောင်းများသည် သိမ်းငှက်ခြေသည်းပမာ တောင့်တင်းသန်မာလှပေသည်။

သူက ကုပ်ချလိုက်လျှင် ရှမ်းထင်း မလွဲမသွေ သေဆုံးရမည်ဖြစ်လေသည်။ ရှမ်းထင်း မျက်လုံးမှိတ်ထားလိုက်၏။ ထိုင်ရာမှ မထ



သလို ရှောင်ရှားခြင်း၊ ခုခံတိုက်ခိုက်ခြင်း လုံးဝမပြုချေ။

ချန်ထိုင်သတ်လျှင် လည်စင်းခံမည်ဆိုသောသဘောဖြစ်လေသည်။ ချန်ထိုင်၏လက်ငါးချောင်းသည် ရှမ်းထင်း၏ဦးခေါင်းပေါ်သို့ ကုပ်ချမိရန် အနည်းငယ်အလိုတွင် ရုတ်ခြည်းရပ်တန့်သွားသည်။

"မင်း ... သေရမှာ မကြောက်ဘူးလား"

ချန်ထိုင်က မေးလိုက်သည်၊ ရှမ်းထင်းမျက်လုံးဖွင့်ကာ ချန်ထိုင်ကိုကြည့်လိုက်သည်။ သူ၏အကြည့်တွင် အဓိပ္ပာယ်များစွာပါဝင်နေကြောင်း ချန်ထိုင်နားလည်သဘောပေါက်မိသည်။

သက်ပြင်းချယင်း လက်ရုပ်ကာ နောက်ပြန်ဆုတ်လိုက်လေသည်။

ထို့နောက် ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ရှောင်လင်ကျောင်းရဲ့ ကြေးလူရုပ်တွေကို လဲကျသည်အထိ တိုက်ခိုက်နိုင်တဲ့လူတစ်ယောက်ရှိခဲ့ဘူးတယ်၊ အဲသည်လူဟာ ကျင့်ခုံးလွှေလို့ ခေါ်တယ်၊ သူဟာ ကျောင်းထိုင်ဆရာတော် ထင်းအီရဲ့ တပည့်အရင်းပဲ"

ထိုစကားကြားလျှင် ရှမ်းထင်း စိတ်ဝင်စားသွား၏။ ချန်ထိုင်၏ စကားမှာ အဓိပ္ပာယ်ရှိလှသည်ဟု တွက်ဆမိလေသည်။ ချန်ထိုင်က ဆက်ပြီးရှင်းပြလာလိမ့်မည်ဟု ယုံကြည်မိလေသည်။

သို့သော် ...

ချန်ထိုင်ပြောသောစကားကြားလျှင် အံ့သြသွားလေသည်။

"ကဲ ... မင်းကိုကျုပ် တစ်ခုသတိပေးလိုက်မယ်၊ မင်းဟာ ကသက်ငယ်တော့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်မှာမဟုတ်သေး

ဘူး၊ ဒါကြောင့် ဘယ်အရာမဆိုကောင်းသည်၊ ဆိုးသည် စဉ်းစားဆင်ခြင်ပြီးမှလုပ်ပါ၊ သူများပြောတိုင်း မယုံနဲ့၊ သူများခိုင်းတိုင်း မလုပ်နဲ့၊ ရှောင်လင်ကျောင်းတော်သားပီပီ အများအကျိုး အသက်စွန့်ဆောင်ရွက်နိုင်သူဖြစ်ပါစေ၊ ကိုယ့်ကြောင့် အများသူငါ ဒုက္ခအခက်အခဲ စိုးစဉ်းမျှ မဖြစ်ပါစေနဲ့"

ပြောပြီး အင်္ကျီလက်အိုးအတွင်းမှ စုတ်တံလေးတစ်ခု ထုတ်ယူလိုက်ပြီး လှမ်းပေးလိုက်သည်။ စုတ်တံမှာ ရွှေဖြင့်ပြုလုပ်ထားသော ရွှေစုတ်တံပင်ဖြစ်လေသည်။

ချန်ထိုင်က ...

"သည်ရွှေစုတ်တံလေးကို သေသေချာချာသိမ်းထားပါ၊ သည်ရွှေစုတ်တံပိုင်ရှင်ဟာ ပန်းတစ်ရာတောင်ကုန်းမှာရှိတယ်၊ မင်းမှာ ဘယ်လိုအခက်အခဲ ဒုက္ခတွေ့တွေ့ သူ့ဆီသွားပြီး သည်ရွှေစုတ်တံလေးကို ပြလိုက်ယင် မင်းကိုကူညီလိမ့်မယ်၊ ကဲ ... မင်းသွားလိုရာသွားပေတော့"

စကားဆုံးလျှင် တစ်ဘက်သို့လှည့်ကာ ကျောခိုင်းနေလိုက်လေသည်။

ရှမ်းထင်းမှာ ရွှေစုတ်တံကလေးကိုကိုင်ကာ တအံ့တဩဖြစ်နေစဉ် သူ၏လည်ပင်း၌ဆွဲထားသော ရွှေစုတ်တံကလေးကို အမှတ်မထင် ကိုင်မိသည်။

သူ၏လည်ပင်း၌ ချိတ်ဆွဲထားသော ရွှေစုတ်တံလေးနှင့် ချန်ထိုင်ပေးသော ရွှေစုတ်တံလေးမှာ တစ်ပုံစံတည်း ဖြစ်နေသည် မဟုတ်ပါလား။



ရှမ်းထင်းသည် ရွှေစုတ်တံကလေးကိုကြည့်ကာ ငိုင်နေမိသည်။ ရွှေစုတ်တံကလေးသည် ထူးခြားသော ဆက်စပ်မှုရှိနေရမည်ဟုလည်း သဘောပေါက်လာသည်။ အတန်ကြာ ငေးကြည့်နေပြီး ခေါင်းမော့ကြည့်လိုက်သည်။

ထိုအခါ ချန်ထိုင်ကား သူ့ရှေ့၌ မရှိတော့ချေ။ ချန်ထိုင်ထွက်သွားပြီဖြစ်သည်။

ရှမ်းထင်းလိုက်လံရှာဖွေလိုက်သည်။ သို့သော် ချန်ထိုင်ကို မတွေ့ရတော့ပါချေ။

ရှမ်းထင်းသက်ပြင်းချလိုက်၏။

ထို့နောက် ...

ဒူးထောက်ရာ မှထကာကျောခိုင်းထွက် လာခဲ့၏။ မဟောင်ဒွိဆန်သော သူ၏ဘဝ၌ နောက်ထပ်ပုစ္ဆာတစ်ပုဒ် တိုးလာပြန်ပြီဟု ယူဆမိ၏။

မည်သို့ဆိုစေ ... ထိပ်တန်းသိုင်းပညာရပ်များတတ်မြောက်လာသည်ကား သူ့အတွက် တစ်အားပင်။

တတ်မြောက်ထားသော သိုင်းပညာရပ်များကို အသုံးပြုယင် ပဟေဠိဆန်သော သူ၏ဘဝအတွက် ဖြေရှင်းရမည်ဟုလည်းကောင်းစွာ နားလည်သဘောပေါက်ထားပေတော့သည်။

♣ ♣ ♣

# အန္တရာယ်ကြားမှ လှကေရီ

ရှောင်လင်ကျောင်းသည်အဝေး၌ ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ရှောင်လင်ကျောင်းမှ ထွက်လာပြီးနောက် နောက်ပြန်လှည့်ကြည့်ရန် စိတ်မကူးတော့ပေ။

ရှေ့ခရီးကိုသာ စိတ်သစ်လူသစ် ရှေ့ဆက်ရမည်ဖြစ်သည်။

သို့တိုင် ... အကျဉ်းခံ၏ကိစ္စပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပေသည်။

ထို့ကြောင့် ရွက်ဝါမြို့သို့ ဦးတည်ကာ ခရီးထွက်ခဲ့၏။ ရွက်ဝါမြို့သို့ သူတစ်ကြိတ်တစ်ခါမျှ မရောက်ဘူးပါချေ။

သို့ဖြစ်ရာ ... လမ်းတစ်လျှောက် မေးမြန်းစုံစမ်းယင်း ခရီးဆက်လာခဲ့ရသည်။

တစ်နေ့ ...

ရှောင်လင်ကျောင်းမှထွက်လာပြီး သုံးရက်မြောက်သောနေ့တွင် တောရွာလေးတစ်ရွာသို့ ရောက်ရှိလာ၏။

ဝန်းကျင်၌ ရွှေရောင်ဝင်းမှည့်သော စပါးခင်းများရှိနေသည်။ ရွှေရောင်စပါးခင်းများတစ်ဖက်ရှိ စိမ်းလန်းသောတောအုပ်ကလေးအတွင်း၌ ရွာကလေးတည်ရှိခြင်းဖြစ်ပေသည်။

တောအုပ်ကလေးအတွင်း၌ ဟိုတစ်အိမ်၊ သည်တစ်အိမ်



အိမ်ခေါင်မိုးများကို တွေ့နေရသည်။ ရှမ်းထင်းရွာထဲဝင်သွားသောအခါ လမ်း၌တွေ့ရသော ရွာသားတစ်ယောက်ကမေးမြန်းစုံစမ်းယင်း ထမင်းဆိုင်ကလေးသို့ရောက်ရှိသွားသည်။

ထမင်းဆိုင်ကလေးကား တောခလေ့အရ သစ်ဝါးများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်၏။ ထမင်းဆိုင်ကလေး၌ ထမင်းဟင်းလျာများအပြင် အရက်လည်းရရှိနိုင်၏။

ရှမ်းထင်းက အရက်လုံးဝမသောက်ဘဲ ထမင်းဟင်းများကိုသာမှာကြားစားသောက်လိုက်သည်။ ဆိုင်ရှင်က အရက်ချပေးသော်လည်း လက်ဖျားနှင့်ပင်မတို့သဖြင့် အခြားအရက်သောက်နေသူများက သူ့အားမကြာခဏ အကဲခတ်ကြည့်နေကြ၏။

အချင်းချင်းလည်း တီးတိုးဝေဖန်ပြောနေကြသည်။

ရှမ်းထင်းကား လုံးဝအရေးမစိုက်ပဲ ခပ်သွက်သွက်စားသောက်လိုက်သည်။ စားသောက်ပြီး ကျသင့်ငွေကိုပေးချေကာ ရှေ့ခရီးဆက်ရဦးမည်မဟုတ်ပါလား။

သူစားသောက်ပြီးစီးသွားချိန်၌ ထမင်းဆိုင်ရှေ့သို့မြင်းတစ်စီးဒုန်းစိုင်းရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုင်ရာမှ ထမည်ကြံကာရှိသေးသည်။ မြင်းဟီသံနှင့်အတူ လူတစ်ယောက်ခုန်ဆင်းလာကာ စားသောက်ဆိုင်ထဲသို့ဝင်လာသည်ကိုတွေ့ရ၏။

ထိုလူလှမ်းဝင်လာသည်ကိုတွေ့လျှင် အားလုံးအကြည့်သည် ထိုလူထံ စုပုံရောက်ရှိသွားသည်။ ထိုလူမှာ လွန်စွာ ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

ထိုမိန်းကလေးသည် ခရမ်းရောင်အဝတ်အစားများ ဝတ်

ဆင်ထားပြီး ဦးခေါင်း၌ ပဝါနီတစ်ထည်စီးနှောင်ထားသည်။ ငယ်ရွယ်နုနယ်ပြီး ဖြူစင်ရိုးသားသူဖြစ်ကြောင်း မျက်နှာတွင် အထင်းသားပေါ်လွင်နေပေသည်။

ထိုမိန်းကလေးကိုမြင်လျှင် ရှမ်းထင်းလည်း အမှတ်မထင်ငေးကြည့်နေမိသည်။

မိန်းကလေးသည် ဆိုင်ထဲဝင်လာပြီး ...

"ထမင်းဟင်းများ ရနိုင်မလားရှင်" ဟု မေးလေသည်။

ချိုလွင်သာယာသော စကားသံလေးက နားထောင်ကောင်းလှပေသည်။ ဆိုင်ရှင်လည်း ပျာပျာသလဲ ခရီးဦးကြိုလိုက်လေသည်။

"ရပါတယ် မိန်းကလေး ... ရပါတယ်၊ ကျုပ်တို့ဆိုင်က အပေါစား စားသောက်စရာတွေပဲရှိလို့ အားတော့နာပါတယ်ဗျာ"

မိန်းကလေးပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးရှင် ... ကျွန်မအတွက် ထမင်းနဲ့ဟင်းတစ်ပွဲ ပေးပါလားရှင်၊ ဘာဟင်းဖြစ်ဖြစ်ရပါတယ်"

"ကောင်းပြီး အခုချက်ချင်း ပြင်ပေးပါမယ်"

ဆိုင်ရှင်က ထမင်းတစ်ပွဲ၊ ဟင်းတစ်ပွဲ ပြင်ပေးလိုက်သည်။ မိန်းကလေးက ထမင်းဟင်းရောက်လာလျှင် မည်သူ့ကိုမျှ အရေးမစိုက်ပဲ စားသောက်လိုက်သည်။

ခရီးဝေးကလာခဲ့ရခြင်းကြောင့် လွန်စွာ ဆာလောင်မွတ်သိပ်နေဟန်ရှိ၏။

ရှမ်းထင်းသက်ပြင်းချလိုက်သည်။ သူ၏ဘဝသည် ငယ်စဉ်မှစ၍ ယခုတိုင် အခက်အခဲဘေးဒုက္ခအမျိုးမျိုးရင်ဆိုင် ကြုံတွေ့ကာ စိတ်နှလုံးညှိုးနွမ်းခဲ့ရသည်။



အရွယ်ရောက်လာပြီဖြစ်သော်လည်း အခြားသူများကဲ့သို့ ချစ်ရေးကြိုက်ရေး မစဉ်းစားနိုင်ခဲ့ချေ။ ရင်ထဲမပြေပျောက်နိုင်သော ကြေကွဲမှုကြီးတစ်ခုက ထာဝရ အရိပ်မိုးထားသည်။

ယခုတော့ မိန်းကလေးကို တွေ့မြင်သည်နှင့် အလိုလိုရင်ထဲလှုပ်ရှားလာသည်။

သိုင်းပညာတတ်မြောက်ထားပြီးပြီဖြစ်ရာ စိတ်ထဲ လွတ်လပ်သလိုခံစားနေခြင်းလည်း ဖြစ်နိုင်ပေသည်။ ရှမ်းထင်းမတော်တော်နှင့် ဆိုင်ထဲမှ ထွက်မသွားဖြစ်တော့ပါချေ။

ထိုစဉ်မှာပင် ... အရက်သမားသုံးယောက် ထိုင်ရာမှထကာ မိန်းကလေးထံသို့ လျှောက်သွားနေသည်ကို တွေ့မြင်လိုက်ရသည်။

ရှမ်းထင်းအံ့ဩသွားပြီး ငေးကြည့်နေမိ၏။

ထိုလူသုံးယောက်သည် အရက်မူးယစ်နေပြီး မျက်နှာများပင် နီရဲနေကြသည်။ ပြုံးဖြီးဖြီးနှင့် မိန်းကလေးအနီးသို့ လျှောက်သွားကြပြီးလျှင်တစ်ယောက်က ...

"ဟဲ ... ဟဲ ... ဟဲ ... ညီမလေးက တစ်ယောက်တည်းလား" ဟု စကားစလိုက်သည်။

သူတို့ရောက်လာသည်ကိုတွေ့လျှင် မိန်းကလေးမျက်မှောင်ကြုတ်သွားလေသည်။

စားလက်စတစ်ပိုင်းတစ်စဖြင့်ရပ်ကာ ထိုလူများကိုကြည့်လိုက်ပြီး ...

"ရှင်တို့ ဘယ်သူတွေလဲ" ဟု ခပ်တန်းတန်းမေးလိုက်လေသည်။

အရက်သမားသုံးယောက်အနက် တစ်ယောက်က

"ဟဲ ... ဟဲ ... ကျုပ်တို့က နယ်လှည့်ခရီးသည်တွေပါကွယ်၊ ညီမလေးတစ်ယောက်တည်းဆိုယင် အစ်ကိုတို့နဲ့လိုက်ခဲ့ပါလား၊ အဖော်ရတာပေ့ါ၊ ညီမကို ဘယ်သူမှ နှောင့်ယှက်ရမ်းကားရဲတော့မှာမဟုတ်ဘူး၊ ဟား ... ဟား ... ဟား"

သူတို့သဘောကျစွာ ရယ်မောလိုက်သည်။ သူတို့သည် အရက်မူးယစ်ကာ တမင်သက်သက် မိန်းကလေးအား နှောင့်ယှက်နေကြခြင်းဖြစ်ပေတော့သည်။

မိန်းကလေး ဒေါပွသွားသည်။

"ရှင်တို့ ဘယ်လိုလူတွေလဲ၊ တမင်သက်သက် နှောင့်ယှက်နေကြတာမကောင်းဘူးထင်တယ်၊ ကျွန်မ အေးအေးဆေးဆေးစားသောက်ပါရစေလား" ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

စိတ်ဆိုးသွားသည့် သူမ၏ အမူအရာကလေးမှာ တစ်မျိုးချစ်စရာကောင်းနေသည်ဟု ရှမ်းထင်း ထင်မှတ်မိသည်။ သူကဝင်ရောက်ကူညီရန် စိတ်မကူးမိပဲ ငေးကြည့်နေမိသည်။

ထိုစဉ် အရက်သမားသုံးယောက်ကား ...

"ဟား ... ဟား ... ဟား ညီမလေးက ချစ်စရာကောင်းတာကိုး၊ ကျုပ်တို့က စေတနာနဲ့ ညီမကိုမေးနေတာပါကွယ်"

"ဟုတ်တယ် ညီမလေးစိတ်မဆိုးပါနဲ့ကွယ်၊ ကျုပ်တို့ကညီမလေးကို မြင်မြင်ချင်း ကူညီချင်တဲ့စိတ်တွေပေါ်လာလို့ပါ"

"ညီမလေးကြိုက်သလောက်စား၊ အစ်ကိုတို့ကျွေးမယ်ဟုတ်ပြီလား"

တစ်ယောက်တစ်ပေါက် ပြောလိုက်ကြသည်။

မိန်းကလေး သည်းမခံနိုင်ပါတော့ချေ။ အံကြိတ်ယင်းထိုင်



ရာမှ ဝုန်းခနဲထရပ်လိုက်သည်။

ထိုလူသုံးယောက်အား စိုက်ကြည့်ယင်း ...

"ရှင်တို့ထွက်သွားကြမလား၊ ကျွန်မက မောင်းထုတ်ပစ်ရမလားပြောပါ"

သူမ၏ပြတ်သားသောစကားသံကိုကြားလျှင် အရက်သမားသုံးယောက် နောက်တွန့်သွားကြသည်။

"ညီမလေးရယ် ... သိပ်ပြီး ဒေါသမကြီးပါနဲ့ကွယ်"

ပြောယင်းမိန်းကလေး၏လက်ကို လှမ်းဆွဲလိုက်လေသည်။

"ရှင်သေချင်ပြီထင်တယ်"

ပြောယင်း မိန်းကလေးက လက်ဝှေ့ယမ်းလိုက်သည်။

ထိုအခါ စားပွဲပေါ်တင်ထားသော ရေနွေးကြမ်းပန်းကန်လုံးတစ်လုံးမှာ ထိုလူ၏မျက်နှာပေါ်သို့ တန်းတန်းမတ်မတ် ပစ်လွင့်ထိမှန်သွားသည်။

"ခွပ်"

"အမယ်လေး"

ထိုလူက တစ်ချက်အော်ပြီး ပက်လက်လန် လဲကျသွားသည်။ သူ၏အဖော်နှစ်ယောက်က ချက်ချင်း ပွေ့ထူလိုက်ကြလေသည်။

ထိုလူကအံကြိတ်ယင်း ...

"ဩော် ... မင်းက တယ်စွာပါလား၊ ကောင်းပြီ ... ကျုပ်အကြောင်းသိစေရမယ်"

စကားဆုံးလျှင် အဖော်နှစ်ယောက်အား တွန်းဖယ်ကာ မိန်းကလေးထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။

မိန်းကလေးကအရေးမစိုက်ပဲ ပြန်လည်တိုက်ခိုက်လိုက်၏။

"ဝုန်း"

အသံတစ်ချက်ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ထိုလူပက်လက်လန်လဲကျသွားပြန်သည်။

ယခုတစ်ကြိမ် ...

ထိုလူသာမက သူ၏အဖော်နှစ်ယောက်ပါ ဒေါသထွက်သွားကြသည်။ သုံးယောက်သား ရှေ့တိုးလာပြီး ...

"သေပေတော့ "

"တို့အကြောင်း ကောင်းကောင်းကြီးသိရမှာပေါ့"

"ဟုတ်တယ် ... ဆုံးမလိုက်စမ်းကွာ"

တစ်ယောက်တစ်ပေါက်ပြောကာ မိန်းကလေးထံ ပြေးဝင်တိုက်ခိုက်လိုက်သည်။ မိန်းကလေးက အရေးမစိုက်ပဲ ပြန်လည်ခုခံတိုက်ခိုက်လိုက်လေသည်။

သုံးယောက်နှင့်တစ်ယောက် တိုက်ခိုက်ရသော်လည်း သူမက ခပ်သွက်သွက်ကလေး ပြန်လည်တိုက်ခိုက်နိုင်ခဲ့သည်။

သူမတိုက်ခိုက်သည်နှင့်

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

အရက်သမားသုံးယောက်သည် မိန်းကလေး၏ တိုက်ခိုက်မှုခံရပြီး မရှုမလှ လဲကျသွားကြသည်။

သို့သော် ... သူတို့ ပြန်လည်လူးလိမ့်ထလာကြသည်။

ယခုတစ်ကြိမ် သုံးယောက်စလုံး ဓားကိုယ်စီထုတ်ကာ



"သေပေတော့ ... "

အော်ငေါက်ယင်း မိန်းကလေးထံပြေးဝင်တိုက်ခိုက်လိုက်သည်။ မိန်းကလေးက လုံးဝအကြောက်အရွံ့မရှိ ခုံတစ်လုံးယူကာ ပြန်လည်ခုခံတိုက်ခိုက်လိုက်သည်။

အရက်သမားတစ်ယောက်၏ ဓားချက်မိကာ မိန်းကလေးကိုင်ထားသောခုံမှာ ထက်ပိုင်းကျိုးပြတ်သွားသည်။

မိန်းကလေး နောက်ဆုတ်လိုက်သည်။

အရက်သမားသုံးယောက်လည်း အခွင့်အရေးကို လက်လွှတ် မခံပဲ တရကြမ်း ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။ သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှသည်။

ရုတ်တရက် တိုက်ပွဲတစ်ခုဖြစ်ပေါ်လာခြင်းကြောင့် အခြားစားသောက်နေသူများ အော်ဟစ်ကာ ထွက်ပြေးကြကုန်သည်။

ဆိုင်ရှင်ကလည်း

"တော်ကြပါတော့ဗျာ ... တော်ကြပါတော့၊ ကျုပ်တောင်းပန်ပါတယ်၊ ကျုပ်ဆိုကပစ္စည်းတွေလဲ ကုန်ပါပြီ၊ တော်ကြပါတော့"

အနီးသို့ မကပ်ဝံ့ပဲ ခပ်လှမ်းလှမ်းမှ ရပ်ကာအော်ဟစ်တောင်းပန်နေ၏။

သို့သော် ... သူ၏စကားကို မည်သူမျှ အရေးမစိုက်ကြပါချေ။ အရက်သမားသုံးယောက်ကားဆက်၍ တိုက်ခိုက်နေကြဆဲ၊ မိန်းကလေးကလည်း ပြန်လည်တိုက်ခိုက်နေ၏။စားသောက်ဆိုင်ထဲမှပစ္စည်းများ ပျက်စီးကုန်သည်က အမှန်ပင်။

စားပွဲ၊ ကုလားထိုင်များ ကျိုးကုန်သလို ပန်းကန်ခွက်ယောက်များလည်း ကွဲကြေကုန်လေသည်။

ရှမ်းထင်းငေးကြည့်နေဆဲပင် ...

မိန်းကလေးမှာ အရက်သမားသုံးယောက်က ဓားဖြင့်တိုက်ခိုက်နေခြင်းကြောင့် အခက်ကြုံတွေ့နေရလေသည်။ လက်ချည်းသက်သက် ခုခံ၍ မဖြစ်နိုင်သည့်အတူတူ နောက်ဆုတ်ရှောင်တိမ်းနေရ၏။

သို့သော် ... ကြာကြာမရှောင်နိုင်ချေ။ နောက်သို့ဆုတ်လိုက်သည်။ တဒင်္ဂအချိန်အတွင်း ကျိုးနေသောခုံတစ်လုံးနှင့် တိုက်မိကာ ခြေချော်လဲသွားလေသည်။

"အမယ်လေး"

မိန်းကလေး၏အော်သံကြောင့် ရှမ်းထင်းရင်ထိတ်သွားသည်။ မိန်းကလေးဒုက္ခရောက်တော့မည်ဖြစ်ကြောင်း ရိပ်မိလျှင် တုံ့ဆိုင်းမနေတော့ချေ။

ရုတ်ခြည်းရွှေ့သို့ခုန်ထွက်ကာ မိန်းကလေးထံ ပြေးဝင်၍ ဓားဖြင့်ခုတ်ပိုင်းလိုက်ကြသည့် အရက်သမားသုံးယောက်အား လျှပ်တစ်ပြက်တိုက်ခိုက်လေသည်။ ရှမ်းထင်းယင်းသို့ ဝင်ရောက်တိုက်ခိုက်မည်ဟု မည်သူမျှမထင်မိကြချေ။

ထို့ကြောင့် ...

"ဝုန်း"

"အား"

"အမယ်လေး"

အရက်သမားသုံးယောက်မှာ လူတစ်ခြား ဓားတစ်ခြားအဝေးသို့လွင့်စဉ်သွားကြလေတော့သည်။

မိန်းကလေးကြောင်အမ်းအမ်း ဖြစ်သွား၏။ ဝင်ရောက်ကူညီလာသည့် ရှမ်းထင်းအား ကျေးဇူးတင်ကြောင်း အကြည့်ဖြင့်



ကြည့်လိုက်လေသည်။

တစ်ဖန် ...

လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်ဂါရဝပြုလိုက်လေသည်။ ထိုစဉ် ...

မိန်းကလေး မျက်လုံးပြူးသွားပြီး

"နောက်မှာ ... နောက်မှာ" ဟု အထိတ်တလန့်ဖြင့်အော်ပြောလိုက်၏။

မှန်ပေသည်။

လူတစ်ယောက်က ဓားတစ်လက်ဖြင့် တိတ်တဆိတ်ဝင်ရောက်တိုက်ခိုက်လာသည် မဟုတ်လား။

ထိုလူသည် အရက်သမားသုံးယောက်ထဲမှ ပထမဆုံးထလာသူဖြစ်ပေသည်။

ရှမ်းထင်းကလှည့်ပင်မကြည့်ပဲ ခြေထောက်တစ်ဖက် နောက်ပြန်ကန်ထုတ်လိုက်သည်။

"ဝုန်း"

အသံတစ်ချက်ထွက်ပေါ်လာပြီး ထိုလူကြမ်းပြင်ပေါ် ဖင်ထိုင်ကျသွားသည်။ ဝမ်းဗိုက်ကို ပြင်းကန်အကန်ခံလိုက်ရခြင်းကြောင့် မျက်လုံးပြူးထွက်ကာ အသက်မရှူနိုင်ပဲ ဖြစ်နေ၏။

ဓားကိုလွှတ်ချပြီး ဝမ်း ဗိုက်ကို လက်ဖြင့်နှိပ်ယင်း မျက်ဖြူလန်ကာလဲကျသွားသည်။

ထိုလူ သတိလစ်သွားပြီဖြစ်ရာ နောက်တစ်ကြိမ်ဝင်မတိုက်နိုင်ပါတော့ချေ။

ကျန်နှစ်ယောက်ကလည်း တိုက်ခိုက်ရကောင်းနိုး၊ ထွက်သွား

ရကောင်းနိုး ဝေခွဲမရဖြစ်သွားကြလေသည်။

မိန်းကလေးကိုပင် ခက်ခက်ခဲခဲတိုက်နေရလျှင် ယခုနှစ်ယောက်ဖြစ်လာသောအခါ ရင်ဆိုင်ဖို့မလွယ်တော့ကြောင်း နားလည်ထားကြ၏။

ယခုပင်လျှင် ...

သူတို့၏မိတ်ဆွေတစ်ယောက် သတိလစ်မေ့မြောနေပြီမဟုတ်ပါလား။

မိန်းကလေးကရှမ်းထင်းအား ပြုံးပြယင်း ...

"ကျွန်မကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောလေသည်။

ရှမ်းထင်းပြုံးပြလိုက်သည်။

သူကစကားပြန်လည်ပြောလိုသော်လည်း စကားမပြောနိုင်သည့်အပြစ်က ရင်နင့်စရာကောင်းလှပေသည်။

ရှမ်းထင်းထံမှ စကားသံထွက်ပေါ်လာမည်ဟု မိန်းကလေးမျှော်လင့်နေသော်လည်း စကားသံမကြားရသဖြင့် မျက်မှောင်ကြုတ်သွား၏။

ထိုစဉ် ... အရက်သမားနှစ်ယောက်မှာ ဆုံးဖြတ်ချက်ချလိုက်ကြသည့်အလား သူတို့၏မိတ်ဆွေကိုဆွဲကာ ထမင်းဆိုင်ကလေးအတွင်းမှ ပြေးထွက်သွားကြလေသည်။

မိန်းကလေးက မဲ့ပြုံးပြုံးယင်း ...

"မိန်းကလေးတစ်ယောက်ထဲ ခရီးသွားတယ်ဆိုပြီး မခန့်လေးစားလုပ်ချင်တဲ့လူတွေ၊ နှမချင်းမစာ၊ စော်ကားမော်ကားလုပ်ချင်သူတွေသည်လိုပဲ ထိတာကောင်းတယ်" ဟု ပြောလိုက်သည်၊



ရှမ်းထင်းက ဘာမှမပြောပဲ မိန်းကလေးကိုသာငေးကြည့်နေ၏။

မိန်းကလေးက ...

"ကျွန်မနာမည် ချူးမေလို့ခေါ်ပါတယ်၊ ကျွန်မကို ကူညီခဲ့သူဟာ ဘယ်သူလဲဆိုတာသိပါရစေလား၊ရှင်" ဟုမေးသည်။

ရှမ်းထင်းမှာ ချူးမေဆိုသော မိန်းကလေး၏အမည်ကို သေသေချာချာမှတ်သားထားလိုက်သည်။

သူ၏အမည်ကို ပြန်လည်ပြော ပြလိုပါသော်လည်း မပြောနိုင်သည့်ဘဝဖြစ်သည်။

မိန်းကလေးက ပြန်လည်ပြောလာမည်ဟု စောင့်မျှော်နေသော်လည်း ရှမ်းထင်းကပြန်မပြောသောကြောင့် စိတ်ပျက်သွားသည်။

ရှမ်းထင်းသည် သူမအားဝင်ပြီး ကူညီသော်လည်း သူမအားအရေးမစိုက် အဖက်မတန်သလို စကားမပြောပဲနေသည်ဟု ထင်မှတ်မိသည်။

ထို့ကြောင့် ရှက်ရွံ့သွားပြီး

"ရှင်မပြောချင်ယင်လဲ ကျွန်မမမေးတော့ပါဘူး၊ ကျွန်မကိုသွားခွင့်ပြုပါဦး"

ယဉ်ယဉ်ကျေးကျေးပြောပြီး ငွေတုံးတစ်တုံးထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။

ထို့နောက် ... ထမင်းဆိုင်ထဲမှ ခပ်သုတ်သုတ်ကလေးထွက်သွားသည်။ ရှမ်းထင်းဟန့်ထားရန် စိတ်ကူးမိသည်။

သို့သော် ...

ဟန့်တားခြင်းမပြုနိုင်ခဲ့ချေ။

မိန်းကလေးထွက်သွားသည်ကို တားမြစ်ရန် သူ့တွင်အခွင့်အရေးမရှိဟု နားလည်ထားသည် မဟုတ်ပါလား၊ မိန်းကလေးအပြင်ဘက်ထွက်သွားပြီး မြင်းမောင်းနှင်ထွက်ခွာသွားတော့သည်။

"ခွပ် ... ခွပ် ... ခွပ် ... ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။

ရှမ်းထင်းသက်ပြင်းချလိုက်သည်။

မမျှော်လင့်ပဲ တွေ့ဆုံခဲ့ရသော မိန်းကလေးကို ရင်ထဲမှ မေ့ပျောက်၍ မရနိုင်ပါတော့ချေ။

သို့သော် ... သူတို့နှစ်ယောက် ပြန်လည်ဆုံဆည်းရန် လမ်းစကား မမြင်ရတော့ချေ။ နောက်ဆုံး ငွေတုံးလေးတစ်တုံး နှိုက်ယူပေးကာ ထမင်းဆိုင်ထဲမှ ထွက်လာခဲ့သည်။

♣ ♣ ♣

# လျှို့ဝှက်စာ

ရွက်ဝါမြို့ ...

ရွက်ဝါမြို့သည် အိမ်ခြေတစ်ထောင်ကျော်ခန့်ရှိပြီး အလွန်စည်ကားသိုက်မြိုက်သောမြို့ကလေးတစ်မြို့ဖြစ်ပေသည်။

ရွက်ဝါမြို့ ကလေးသို့ ရှမ်းထင်းရောက်လာချိန်မှာ နံနက်လင်းခါစပင်ရှိသေး၏။

သို့သော် ...

ရွက်ဝါမြို့ကလေးကား ထုံးစံအတိုင်းပင် စည်ကားသိုက်မြိုက်နေပြီဖြစ်၏။

လမ်းများပေါ်၌ လမ်းသွားလမ်းလာများဖြင့် အထူးပင်စည်ကားနေပေသည်။

ရှမ်းထင်းမှာ လမ်းသွားလမ်းလာများနှင့် ရောနှောကာ မြို့ထဲဝင်သွားသည်။ မြို့ထဲရောက်လျှင် ရွှေပျံလွှား အပေါင်ဆိုင်အား လိုက်လံရှာဖွေလိုက်သည်။

လမ်းသွားလမ်းလာများထံ မေးမြန်းစုံစမ်းနိုင်ပါသော်လည်း သူက စကားမပြောနိုင်၍ မမေးတော့ပဲ ခြေအညောင်းခံကာ လိုက်လံရှာဖွေခြင်းဖြစ်သည်။

တစ်လမ်းဝင် တစ်လမ်းထွက် လိုက်လံရှာဖွေပြီးနောက် ...

"ရွှေပျံလွှားအပေါင်ဆိုင်"

ဟုရေးထားသော ဆိုင်းဘုတ်ကြီးတစ်ခုအား လှမ်းပြီးမြင်တွေ့လိုက်ရသည်။

ရှမ်းထင်းဝမ်းသာသွားသည်။ ချက်ချင်းပင် ဆိုင်းဘုတ်ချိတ်ဆွဲထားသော အဆောက်အဦးဆီသို့ ခပ်သွက်သွက် လှမ်းသွားလိုက်သည်။

အဆောက်အဦးတံခါးဟာလာဟင်းလင်းဖွင့်ထားသည်။ အတွင်းဘက်၌ စားပွဲတစ်လုံးချထားပြီး လူတစ်ယောက်ထိုင်နေသည်ကို တွေ့ရလေသည်။

ထိုလူသည် ရှမ်းထင်းဝင်လာသည်ကို တွေ့ရလျှင် ထိုင်ရာမှထကာ ပျာပျာသလဲ ဆီးကြိုနှုတ်ဆက်လိုက်လေသည်။

"ကြွပါဗျာ၊ ... မိတ်ဆွေလေးဘာပစ္စည်းများ ပေါင်နှံချင်ပါသလဲ၊ ကျုပ်တို့ဆိုင်က သည်မြို့မှာ အတိုးအနည်းဆုံးပဲယူပါတယ်၊

ရှမ်းထင်း ခေါင်းခါယမ်းပြလိုက်သည်။

ဆိုင်ရှင်မျက်မှောင်ကြုတ်သွားပြီး ...

"မိတ်ဆွေလေးက ပစ္စည်းအပ်မလို့လာတာမဟုတ်ဘူးလားဗျ၊ ဒါဖြင့် ဘာကိစ္စလဲဆိုတာ ပြောပါဗျာ"

ရှမ်းထင်းက ဘာမှမပြောပဲ အကျဉ်းခံ အရုပ်ဆိုး အဘိုးအိုပေးလိုက်သောစာကို ထုတ်ပေးလိုက်လေသည်။

ထိုစာကို သူလုံးဝဖွင့်မဖတ်ခဲ့ချေ။ စာကိုလိပ်ကာ ကြိုးစဖြင့်ချည်နှောင်ထား၏။

တစ်ဖန် ...



လက်စွပ်တစ်ကွင်းလည်း စွပ်ထားလေသည်။

ဆိုင်ရှင်ကြောင်အမ်းအမ်းဖြင့် လှမ်းယူလိုက်သည်။

စာလိပ်၌ စွပ်ထားသောလက်စွပ်ကလေးကိုတွေ့လျှင် မျက်လုံးများ ဝင်းလက်သွားပြီး

"ဒါ ... ဒါ ... ဆရာကြီးရဲ့"

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ သူတို့ပြောသောစကားများကို မည်သူမျှ ဂရုစိုက်နားထောင်နေခြင်းမရှိကြောင်း တွေ့ရမှ

"ဆရာကြီးက ပေးခိုင်းလိုက်တာ ဟုတ်သလား" ဟု မေးလိုက်သည်။

ရှမ်းထင်းခေါင်းညိတ်လိုက်သည်။

အကျဉ်းခံအဘိုးအိုနှင့် အပေါင်ဆိုင်ပိုင်ရှင်တို့ ဆက်နွယ်မှုရှိနေမည်ဟု တွေးမိကာ ခေါင်းညိတ်ပြလိုက်ခြင်းဖြစ်ပေသည်။

ဆိုင်ရှင်က ...

"ကျေးဇူးတင်လိုက်တာ ... သည်စာပဲပေးခိုင်းလိုက်တာပဲလား၊ တခြားဘာမှာလိုက်သေးလဲ" ဟု မေးလေသည်။

ရှမ်းထင်း ခေါင်းခါယမ်းလိုက်သည်။

ဆိုင်ရှင်က ...

"မိတ်ဆွေလေး ... ဘယ်ကိုသွားမလို့လဲဗျ"

ရှမ်းထင်းမှာ သူ၏တာဝန်ပြီးဆုံးသွားပြီဖြစ်ရာ ရှေ့ဆက်ခရီးဆက်ရန်ဆုံးဖြတ်လိုက်သည်။

ဆိုင်ရှင်က သူ့အားဖိတ်ခေါ်ကာ အကျဉ်းခံအဘိုးအိုအကြောင်း မေးမြန်းစုံစမ်းလိုကြောင်း သတိပြုမိသဖြင့် ရှေ့ ခရီးဆက်ရ

မည်ဖြစ်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ရှင်းပြလိုက်လေသည်။

ထို့နောက်..ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။ ဆိုင်ရှင်မှာ ရှမ်းထင်းသည် စကားမပြောနိုင်သူဖြစ်ကြောင်း ရိပ်မိသွားလေသည်။

ထို့အပြင် ... သာမန်စာပို့သူတစ်ယောက်ဟုလည်း ထင်မြင်သွားရာ ...

"ကောင်းပြီ ... မိတ်ဆွေလေးသွားမယ်ဆိုယင် သွားနိုင်ပါပြီ၊ ဒါပေမယ့် အခုလို အပင်ပန်းခံပြီး လာပို့ပေးတဲ့အတွက် ကျေးဇူးတုံ့ပြန်ပါရစေဗျာ"

ပြောယင်း ငွေတုံးတစ်တုံးနှိုက်ကာ ပေးလေသည်။

ရှမ်းထင်းက လက်မခံပဲ ငြင်းပယ်သော်လည်း ဆိုင်ရှင်က အတင်းပေးနေ၏။

ငွေတုံးသာ လက်မခံလျှင် တော်တော်နှင့် ထွက်သွား၍ရမည်မဟုတ်ကြောင်း ၎းလည်သဖြင့် မတတ်သာပဲ လက်ခံယူလိုက်ရသည်။

ထို့နောက် ... ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ဆိုင်ရှင်က ဆိုင်အပေါက်ဝသို့တိုင်အောင် လိုက်လံပို့ဆောင်ပေးလေသည်။

ရှမ်းထင်းထွက်သွားပြီးလျှင် ...

"ဟေ့ ... အလုပ်သမားတစ်ယောက် လာစမ်း" ဟု အော်ခေါ်လိုက်သည်။

သူ၏ခေါ်သံနှင့် မရှေးမနှောင်းတွင် အလုပ်သမားတစ်ယောက်ပြေးလွှားရောက်ရှိလာ၏။



ဆိုင်ရှင်က ...

"ဆိုင်ပိတ်လိုက်တော့ ... ကျုပ်ကို ဘယ်သူကမေးမေး မရှိဘူး၊ ခရီးသွားနေတယ်လို့ပြောလိုက် ဟုတ်ပြီလား" ဟု ပြောလိုက်သည်။

အလုပ်သမား ခေါင်းညိတ်လိုက်သည်။

"အမိန့်အတိုင်းပါဆရာ"

"အေး ... ဆိုင်မြန်မြန်ပိတ်လိုက်တော့"

အလုပ်သမားက မိုးလင်းကဖွင့်ခဲ့သောဆိုင်ကို နေမမြင့်မီ ပြန်ပိတ်လိုက်သည်၊ ဆိုင်ပိတ်ပြီးသည်နှင့် ဆိုင်ရှင်လည်း အဝတ်အစားပင် မလဲနိုင်ပဲ ဆိုင်အနောက်ဘက်အပေါက်မှ အပြင်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွားတော့သည်။

♣ ♣ ♣

ရွှက်ဝါမြို့၏ အနောက်ဘက်လမ်းမန်ဘေး၌ အနီရောင်ဆေးသုတ်ထားသော အဆောက်အဦးကြီးတစ်လုံး ရှိပေသည်။

ဟင် ... အဆောက်အဦးကား ဤမြို့မှ သိုင်းဆရာကြီးဟူကျန့်ပိုင်ဆိုင်သည့် အဆောက်အဦးဖြစ်ကြောင်း လူသိများပေသည်။

အပေါင်ဆိုင်ပိုင်ရှင်သည် ထိုအဆောက်အဦးကြီးဆီသို့ ခပ်သွက်သွက် ကလေးလျှောက်သွားနေ၏။

အဆောက်အဦးရှေ့၌ ခန္ဓာကိုယ်ထွားကျိုးသော လူသန်ကြီးနှစ်ယောက်ရပ်ကာစောင့်နေကြ၏။

အပေါင်ဆိုင်ပိုင်ရှင် ခပ်သုတ်သုတ်လာနေသည်ကို တွေ့လျှင်ချက်ချင်း လမ်းဖယ်ပေးလိုက်ကြသည်။

အပေါင်ဆိုင်ပိုင်ရှင်က ...

"ဟော့ ... မင်းတို့ ဆရာဟူကျန့်ရှိသလား" ဟု မေးလိုက်၏။ လူသန်ကြီးတစ်ယောက် ခေါင်းညိတ်ပြကာ

"ရှိပါတယ် ... တိုက်ကြုံးမြို့က ဆရာကြီး လုံဖွေးရောက်နေတာနဲ့ ဧည့်ခန်းထဲမှာ ဧည့်ခံစကားပြောနေပါတယ်"

အပေါင်ဆိုင်ပိုင်ရှင် ဝမ်းသာသွားသည်။

"လုံဖွေးရောက်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် အတော်ပဲ"

ပြောပြောဆိုဆို အတွင်းဘက် လှမ်းဝင်လိုက်သည်။

အတွင်းဘက်သို့ရောက်လျှင် ကျယ်ဝန်းသော ခန်းမဆောင်ကြီးတစ်ခုရှိနေ သည်ကို တွေ့ရ၏။ အပေါင်ဆိုင်ပိုင်ရှင်မှာ ဤနေရာသို့ မကြာခဏ ရောက်ဖူးသူဖြစ်သည့်အားလျော်စွာ သိုင်းဆရာဟူကျန့်ရှိနေသည့်နေရာသို့ တန်းတန်းမတ်မတ် လှမ်းဝင်နိုင်သည်။

ဧည့်ခန်းထဲ၌ လူငါးယောက် စီတန်းရပ်နေကြသည်။ ထိုလူငါးယောက်ကား ဟူကျန့်၏ သက်တော်စောင့်များဖြစ်ကြပေသည်။

ဧည့်ခန်းမတစ်ဖက်၌ ကျားသားရေခင်းထားသော ကုလားထိုင်နှစ်လုံးပေါ်၌ လူနှစ်ယောက်ထိုင်ကာ စကားပြောဆိုနေကြ၏။

ထိုလူနှစ်ယောက်သည် အပေါင်ဆိုင်ပိုင်ရှင် ဝင်လာသည်ကို တွေ့လျှင် ထိုင်ရာမှထရပ်လိုက်ကြသည်။

တစ်ယောက်က ...

"ဟော ... အစ်ကိုကြီး သန်ယု ရေးကြီးသုတ်ပျာ ဘယ်လိုများ ဖြစ်လာတာတုန်းဗျ" ဟု မေးလိုက်၏။



ကျန်တစ်ယောက်ကလဲ

"အစ်ကို သန်ယု တို့များ တွေ့လိုက်ယင် အမြဲတမ်းအရေးကြီးကိစ္စရှိနေတာချည်းပဲ၊ အေးအေးဆေးဆေးထိုင်ပြီး အရက်သောက်ပါဦးဗျာ"

သူတို့နှစ်ယောက်၏စကားကို အပေါင်ဆိုင်ပိုင်ရှင် (ဝါ) သန်းယု က ဥပက္ခာပြုရင်း အလျင်စလို ပြောလိုက်သည်။

"မင်းတို့ ဘာမှမသိကြသေးပဲကိုး၊ ဆရာကြီးဆီက သတင်း ၄ ရပြီကွ"

ထိုစကားကြားလျှင်

"ဟင်"

"ဟာ"

ထိုင်နေသူနှစ်ယောက် အံ့ဩသွားကြ၏။

ထိုလူနှစ်ယောက်အနက် ခန္ဓာထွားကျိုင်း သန်မာပြီးမျက်လုံးပြူးသူက ...

"ဗျာ ... ဆရာကြီးရဲ့သတင်း ဟုတ်လား" ဟု တအံ့တဩ မေးလိုက်၏။

ထိုလူမှာ ဤမြို့ကလေးမှ ကျော်ကြားသော သိုင်းဆရာ ဟူကျန့်ဆိုသူဖြစ်ပေသည်။

ကျန်လူတစ်ယောက်မှာကား ထိုက်ကြုံးမြို့မှ လုံဖွေးဆိုသူဖြစ်ပါသည်။

လုံဖွေးကလည်း ...

"ဆရာကြီးဆီက သတင်းဟုတ်လား ... အံ့ဩစရာကောင်းလိုက်တာ၊ နှစ်ပေါင်း နှစ်ဆယ်ကျော် သတင်းအစအနပျောက်နေပြီးမှ

အခုဘယ်လိုလုပ် သတင်းရတာလဲ ၊ ဟုတ်မှ ဟုတ်ရဲ့လားဗျာ"

ထိုစကားကြောင့် သန်ယု မကျေမနပ်ဖြစ်သွားလေသည်။

"မဟုတ်ပဲနဲ့ ကျုပ်ကအပင်ပန်းခံပြီး မင်းတို့ကိုလာပြောပါ့မလား၊ ဟောသည်မှာ ဆရာကြီးရဲ့လက်စွပ်နဲ့အတူ ပေးလိုက်တဲ့စာတစ်စောင်"

ပြောပြောဆိုဆို ရှမ်းထင်းလာပေးခဲ့သည့်စာကို လှမ်းပေးလိုက်သည်။

စာကိုလိပ်ကာ လက်စွပ်ကိုတွေ့လျှင် ဟူကျန့်နှင့် လုံဖွေးတို့မျက်လုံးပြူးသွားကြသည်။

ဟူကျန့်က ...

"ဟင် ... ဒါ ... ဒါ ဆရာကြီးရဲ့လက်စွပ်ပဲ" ဟု ရေရွတ်လိုက်သည်။

လုံဖွေးကလည်း

"ဟုတ်တယ် ... ဆရာကြီးရဲ့လက်စွပ်ကို ကျုပ်ကောင်းကောင်းမှတ်မိတာပေါ့၊ ဒါဆို သည်စာဟာ ဆရာကြီးစာဆိုတာ သေချာပြီ"

သူတို့နှစ်ယောက် သန်ယုကို လှမ်းကြည့်လိုက်သည်။ သန်ယုက သူတို့အကြည့်ကို နားလည်သဘောပေါက်ထားသည့်အလား ရှင်းပြလိုက်သည်။

"သည်ကနေ့မနက် ကျုပ်ဆီကို စကားမပြောတတ်တဲ့လူငယ်လေးတစ်ယောက်ရောက်လာပြီး သည်စာပေးသွားတာပဲ၊ သူက စကားမပြောတတ်ဘူးဆိုတော့ ဘာမှ မေးလို့လည်းမရဘူး၊ ဆရာကြီးက သူ့ရဲ့အကြောင်း ခြေရာမခံနိုင်အောင် တမင် ဆွံ့အလေးကိုအသုံး



ပြုလိုက်တာပဲဖြစ်မယ်" ဟု ရှင်းပြလိုက်သည်။

လုံဖွေးက ...

"ကဲ .. ဒါတွေထားလိုက်ပါတော့ ဆရာကြီးဆီက အကျိုးအကြောင်းသိရအောင် စာကိုဖောက်ဖတ်ကြည့်တာကောင်းလိမ့်မယ်"ဟု လောဆော်လိုက်သည်။

သန်ယုနှင့် ဟူကျန့်တို့လည်း စိတ်ဝင်စားနေကြပါသည်။

ထို့ကြောင့် လက်စွပ်ကိုချွတ်ပြီး ကြိုးစဖြည်ကာ စာကိုဖတ်ကြည့်လိုက်သည်။

စာရွက်ထဲ၌ စာတစ်လုံးမှ ရေးသားထားခြင်းမရှိပါပြီ၊ စာမရေးဘဲ ပန်းချီရေးဆွဲထားသည်ကို တွေ့ရ၏။

တောတောင် ရေမြေသဘာဝပန်းချီ ရေးဆွဲထားပြီး ကောင်းကင်ပေါ်၌ လခြမ်းပုံကလေးရှိနေသည်ကို တွေ့မြင်ရလေသည်။

သန်ယုနှင့် လုံဖွေးတို့ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

လုံဖွေးက ...

"ဒုက္ခပဲ ... အစ်ကိုကြီး သန်ယု၊ ခင်ဗျားတော့ စာမှားယူလာပြီထင်တယ်၊ ဒါမှမဟုတ် ... ဟိုကောင်လေးက စာမှားပေးခဲ့တာလား မပြောတတ်ဘူး၊ ကြည့်လည်း လုပ်စမ်းပါဦးဗျာ" ဟူ၍ သန်ယုဘက်လှည့်ကာပြောလိုက်၏။

သန်ယုဒေါပွသွားသည်။

"ဟာ ... ကျုပ်ကသေသေချာချာ ယူလာတာပဲ၊ ဆရာကြီးလက်စွပ်လဲပါနေတာ မင်းတို့မြင်တယ်မဟုတ်လား၊ စာမပါပဲ ပန်းချီကားရေးတာ၊ ဘယ်လိုအဓိပ္ပာယ်လဲဆိုတာ ကျုပ်မသိဘူး၊ ဒါပေမယ့်

ဆရာကြီးဟာ အဓိပ္ပါယ်မရှိပဲ ဘယ်တော့မှမလုပ်ဘူးဆိုတာ မှတ်ထား စမ်းပါ" ဟု မကျေမနပ်ပြန်ပြောလိုက်၏။

လုံဖွေးကလည်း ငြိမ်နေလိုက်သည်။

ဟူကျန့်ကား ပန်းချီကားကို မျက်တောင်မခတ် စိုက်ကြည့် နေပါ၏။ ကြည့်ယင်း သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်း လက်တောက်ပြောင်လာသည်။

ဦးဆောင်းတဆတ်ဆတ်ညိတ်ယင်း ...

"ဟုတ်ပြီ ... ဆရာကြီး ဆိုလိုချင်တာ ဒါပဲဖြစ်ရမယ်" ဟု ပြောလိုက်၏။

သန်ယုနှင့် လုံဖွေးတို့ စိတ်ဝင်စားသွားကြသည်။

လုံဖွေးက ...

"ပြောစမ်းပါဦးဗျာ၊ ခင်ဗျားဘယ်လိုအတွေးပေါက်လို့လဲ"ဟု မေးလေသည်။

သန်ယုကလည်း ...

"ဟုတ်သားပဲ၊ ဆရာကြီးက အတော်လျှို့ဝှက်နိုင်တဲ့လူဆို တော့ ထူးခြားတာတစ်ခုရှိရမယ်လို့ တွေးမိပါရဲ့၊ ဒါပေမယ့် ဘယ်လို ထူးခြားတယ်ဆိုတာ မသိဘူးဖြစ်နေတယ်ဗျ"

ဟူကျန့်ဂုဏ်ယူဝင့်ကြွားစွာ ပြုံးလိုက်လေသည်။

ပြီးလျှင် သန်ယုနှင့် လုံဖွေးကိုကြည့်ကာ ...

"ခင်ဗျားတို့ အမှုမထားကြလို့ပါဗျာ၊ တစ်ချိန်က ဆရာကြီးနဲ့ လက်တွဲပြီး ကျုပ်တို့ ကိစ္စကြီးတစ်ခု ဆောင်ရွက်ကြတယ်မဟုတ်လား၊ အဲသည်တုန်းက တောတောင်တွေထဲ ခရီးသွားခဲ့ကြသေးတယ်လေ"

ထိုစကားကြားလျှင် သန်ယု မျက်မှောင်ကြုတ်ကာ ...



"ဘာလဲ ... နယ်စပ်ဒေသက ရွှေတွင်းတွေပိုင်ဆိုင်တဲ့သူဌေး ကြီးဆီကို သွားတဲ့ကိစ္စလား" ဟု မေးလေသည်။

ဟူကျန့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... အဲဒီကိစ္စနဲ့ဘာဆိုင်သလဲဗျ၊ အဲဒီကိစ္စဖြစ် ပျက်ခဲ့တာ နှစ်ပေါင်းအတော်ကြာနေပြီပဲ"

"ဟုတ်ပါတယ်၊ အဲသည်တုန်းက တောထဲဖြတ်သွားယင်း ဆရာကြီးက ပတ်ဝန်းကျင် ရေ မြေ၊ သဘာဝအလှကို ချီးကျူးခဲ့သေး တယ်မဟုတ်လား၊ ထူးထူးခြားခြားဖြစ်နေလို့ ကျုပ်က သေသေချာချာ မှတ်ထားခဲ့သေးတယ်၊ အဲသည်နေ့ဟာ လဆန်းတစ်ရက်နေ့ပဲဗျ"

လုံဖွေးက ...

"ဒါနဲ့ ဆရာကြီးရဲ့ ပန်းချီကား ဘယ်လိုပတ်သက်နေလို့လဲ"

"ဟား ... ဟား ... ဟား ရှင်းပါတယ်၊ ဆရာကြီးက လဆန်း တစ်ရက်နေ့ ကျုပ်တို့ဆီကို အရောက်လာမယ်လို့ သတင်းပို့ လိုက်တာပေါ့"

"ဘာ ... လဆန်းတစ်ရက်နေ့လာမယ် ဟုတ်လား"

"ဟုတ်တယ် ... မကြာခင် ဆရာကြီး ကျုပ်ဆို့ဆီကို ရောက် လာလိမ့်မယ်"

လုံဖွေးနှင့် သန်ယုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ သဘောကျစွာ ပြုံးလိုက်ကြသည်။

ဟူကျန့်ဘက်သို့လှည့်ကာ ...

"မင်း ... သေချာတယ်နော်"

"စိတ်ချ ... ကျုပ်ပြောသလိုမဖြစ်ယင်၊ ကျုပ်ပိုင်တဲ့ ရွှေ ငွေ ရတနာတွေ ခင်ဗျားတို့နှစ်ယောက်ကို ခွဲပေးလိုက်မယ်ဗျ"

သန်ယုက ရယ်မောယင်း ...

"ဆရာကြီးရောက်လာယင် ကျုပ်တို့အတွက် အကောင်းဆုံး ပေ့ါဗျာ၊ ကျုပ်တို့ရဲ့လုပ်ငန်းတွေပြန်ပြီး စနိုင်တော့မှာပဲ၊ သိုင်းလောကကို ထုံးလိုချေ၊ ရေလိုနှောက်နိုင်တော့မှာသေချာတယ်၊ ဟား ... ဟား ... ဟား"

ဟူကျန့်နှင့် လုံဖွေးတို့ကလည်း သဘောကျစွာ ရယ်မောလိုက်ကြသည်။

"ဟား ... ဟား ... ဟား"

သူတို့၏ ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အဆောက်အဦးခန်းမအတွင်းမှတစ်ဆင့် အပြင်ဘက်တိုင် လွင့်ပျံ့သွားသည်ဟုပင် ထင်မှတ်ရလေတော့သည်။

♣ ♣ ♣

# ဒုတိယအကြိမ်ဆုံဆည်းရာဝယ်

ရွက်ဝါမြို့ကလေး၏ စည်ကားသာယာပုံကို ငေးမောကြည့်ယင်း ရှမ်းထင်း လျှောက်လာခဲ့သည်။

အကျဉ်းခံ အဘိုးအိုစေခိုင်းလိုက်သည့်အတိုင်း ရွှေပျံ့လွှားအပေါင်ဆိုင်၌ စာဝင်ပေးခဲ့ပြီးပြီ ဖြစ်ပေသည်။ စာပေးပြီးသည်နှင့် ရုတ်တရက် ဦးတည်ချက်မရှိတော့ဘဲ ခြေဦးတည့်ရာ သွားနေမိခြင်းဖြစ်သည်။

ရွက်ဝါမြို့ကလေး၏ စည်ကားသာယာပုံကိုကြည့်ယင်း ရှေ့ခရီးဆက်ရမည်ကိုပင် မေ့လျော့နေလေသည်။ အတော်ကလေးကြာအောင် လျှောက်သွားပြီးလျှင် လမ်းကြားကလေးတစ်ခုသို့ ရောက်ရှိလာလေသည်။

လမ်းကြားလေးအတွင်း၌လည်း စည်ကားနေပေသည်။

ရှမ်းထင်းက လမ်းကြားကလေးအတွင်းသို့ ချိုးဝင်လိုက်လေသည်။ ရှေ့ဆက်ပြီး ဟိုဟိုဒီဒီ ငေးမောကြည့်ကာ လျှောက်သွားနေစဉ် ရုတ်တရက် လမ်းဖြတ်ကူးသွားသော လူတစ်ယောက်ကို တွေ့ရလျှင် ခြေလှမ်း တုန့်ကနဲ ရပ်သွားလေသည်။

သူ၏မျက်လုံးများ ပြူးကျယ်သွားကာ ထိုလူကို စိုက်ကြည့်နေမိသည်။

ထိုလူမှာ ခရမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးဖြစ်၏။ တောရွာကလေး ထမင်းဆိုင်၌တွေ့ခဲ့ပြီး ကူညီခဲ့ရသော မိန်းကလေးဖြစ်သည်။

"ချူမေ ..."

ရှမ်းထင်း ရင်ထဲမှခေါ်လိုက်သည်။

သူသာစကားပြောနိုင်လျှင် အော်ခေါ်မိမည်ဖြစ်ပေသည်၊ သို့သော် သူ့စကားသံကား ထွက်ပေါ်လာခြင်း မရှိပါချေ။

ချူမေဆိုသောမိန်းကလေးက လမ်းဖြတ်ကူးပြီး စားသောက်ဆိုင် တစ်ဆိုင်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ ရှမ်းထင်း စိတ်လှုပ်ရှားလာသည်။ ချက်ချင်းပင် ချူမေဝင် သွားသော စားသောက်ဆိုင်ရှိရာသို့ လှမ်းဝင်သွားမိလေသည်။

စားသောက်ဆိုင်ထဲသို့ လှမ်းဝင်ပြီး ရှာဖွေကြည့်လိုက်သော အခါ ချူမေ၏ အရိပ်အယောင်ပင် မတွေ့ရပါတော့ချေ။ ရှမ်းထင်း အံ့ဩသွားလေသည်။

"ဟင် ... သူက သည်စားသောက်ဆိုင်ထဲဝင်သွားတာပဲ ဘယ်လိုလုပ် ပျောက်သွားတာလဲ၊ ငါမျက်စိမှားနေသလား"ဟု တွေးမိသည်။

ထိုစဉ် ...

ဆိုင်လုလင်တစ်ယောက်ရောက်လာပြီး ကြိုဆိုနေခြင်း ကြောင့် မတတ်သာပဲ စားပွဲတစ်လုံး၌ထိုင်ကာ စားသောက်ဖွယ်ရာများ မှာကြားလိုက်သည်။



မှာကြားထားသော စားသောက်ဖွယ်ရာများ ရောက်လာ၍ စိတ်မပါဘဲ စားသောက်ရလေသည်။

စိတ်ပျက်လက်ပျက် စားသောက်ယင်း ချူမေကိုသာရှာဖွေကြည့်နေမိသည်။

သို့သော် ...

ချူမေက ပျောက်ကွယ်သွားချေပြီ၊ သူငေးငိုင်နေစဉ် တဖက် စားပွဲ၌ထိုင်နေသော လူငါးယောက်ထံမှ စကားသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဟေ့ ... သည်မိန်းကလေးက အတော့်ကို ချောတာပဲကွ"

"ဟုတ်တယ် ... ကျုပ်တို့ မမြင်ဖူးပါဘူး"

"ဟာကွာ ... မင်းတို့ကလည်း၊ သူဟာ သည်ဆိုင်ကပေါ့၊ လွန်ခဲ့တဲ့ငါးနှစ်လောက်က နေပြည်တော်မှာရှိတဲ့ ဆွေမျိုးတွေဆီသွား နေတာ၊ အခုမှပြန်လာတာ၊ မင်းတို့မမှတ်မိလို့ဖြစ်ပါလိမ့်မယ်၊ အဲသည် တုန်းက သူဟာ ကလေးသာသာပဲ ရှိသေးတာပဲ"

"သူက သည်မှာနေမလို့ ပြန်လာတာထင်တယ်"

"ဟုတ်မှာပေါ့"

"ကောင်းကွာ ... ကျုပ်တို့ဆရာ ဟူကျန့်သာမြင်ယင် ဘယ် လောက်သဘောကျသွားမယ် မဆိုနိုင်ဘူး"

"ဟုတ်တယ်ဟေ့ ... ဆရာကြီးအတွက် သည်မိန်းကလေး ခေါ်သွားရင်ကောင်းမယ်"

တစ်ယောက်တစ်ပေါက် ပြောနေကြသောစကားများကြောင့် ရှမ်းထင်း ခေါင်းထောင်ကြည့်မိသည်။

ထိုအခါ ...

ဝိုင်းဖွဲ့ကာ အရက်သောက်နေကြသည့် လူငါးယောက်က ဆိုင်ထောင့်တစ်နေရာ၌ ထိုင်နေသည့်မိန်းကလေးကို ကြည့်ကာပြော နေခြင်းဖြစ်ကြောင်း တွေ့ရ၏။

ရှမ်းထင်းက ထိုမိန်းကလေးကို တွေ့မြင်သွားလျှင် ...

"ဟင် ... ချူးမေ" ဟု ရင်ထဲမှ ခေါ်မိသည်။

မှန်ပေသည်။

မိန်းကလေးမှာ ချူးမေဖြစ်ပေသည်။ ချူးမေသည် အဖြူ ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ကောင်တာ၌ ထိုင်နေ၏။ အရက်သောက်နေသူပြောစကားကြောင့် ချူးမေမှာ ဤဆိုင်မှ ဖြစ်ပြီး နေပြည်တော်မှ ပြန်လာသူဖြစ်ကြောင်း သိလိုက်ရသည်။

သူလိုက်လာစဉ် ပျောက်သွားသည်မှာ ဆိုင်ထဲဝင်ပြီး အဝတ် အစားလဲနေခြင်းကြောင့်ဖြစ်မည်ဟု တွေးမိသည်။

ထို့အပြင် ... သူနှင့် ဆုံတွေ့ခဲ့စဉ်က နေပြည်တော်မှ ပြန် လာသည့်အချိန်ဖြစ်မည်ဟု တွေးမိသည်။

ချူးမေကား သူ့အား သတိမပြုမိဘဲ ကောင်တာ၌ထိုင်ကာ စာရင်းတွက်နေသည်ကို တွေ့ရ၏။

ရှမ်းထင်းလည်း ဝမ်းသာသွားပြီး ချူးမေအား ငေးကြည့်နေ မိလေသည်။

ထိုစဉ် ... တစ်ဖက်စားပွဲမှ စကားသံတစ်ချက် ထွက်ပေါ် လာသည်ကို ကြားလိုက်ရ၏။

"ကျုပ်တို့ဘယ်လောက်ကျသလဲ ... ငွေလာယူပါ"

လူငါးယောက်အနက် တစ်ယောက်က အော်ခေါ်လိုက်၏၊ သူတို့သည် ဆိုင်လုလင့်အနောက်ဖက်သို့ ဝင်သွားသည်



အချိန်ကိုရွေးကာ ခေါ်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ချူးမေလည်း ကောင်တာမှ ထလာရတော့သည်။

ချူးမေအနီးသို့ရောက်လျှင် ထိုလူငါးယောက် သဘောကျစွာ ပြုံး၍ကြည့်နေကြသည်။ ချူးမေ မျက်မှောင်ကြုတ်ကာ

"ရှင်တို့ ငွေရှင်းမယ်ဆို" ဟု မေးလိုက်သည်။

ထိုအခါ တစ်ယောက်က ...

"ဟုတ်တယ် ... ငွေရှင်းမလို့ပဲ၊ ဒါပေမယ့် ညီမကိုတွေ့တော့ စိတ်ဝင်စားပြီး ငွေရှင်းဖို့တောင် မေ့သွားတယ်၊ ကဲ ... ကဲ ... ဘယ် လောက်ကျသလဲပြောပါ"

ချူးမေ ခံပြင်းသွားသော်လည်း စိတ်ချုပ်တည်းကာ ကျသင့် ငွေကို တွက်ချက်လိုက်၏။

ထို့နောက်

"အားလုံး ငွေသုံးဆယ်ကျတယ်"

"သုံးဆယ် ... ဟုတ်လား"

"ဟုတ်တယ်"

"ဟဲ ... ဟဲ ... ငွေသုံးဆယ်က နည်းပါတယ်၊ ကျုပ်တို့က သုံးလေးရာမက၊ သုံးလေးထောင်ပေးချင်နေတာ၊ သည်မှာ မင်းရဲ့ ရုပ် ရည်လေးနဲ့၊ သည်လိုစားသောက်ဆိုင် မတန်ပါဘူး၊ ကျုပ်တို့ဆရာဆီ လိုက်ခဲ့ပါလား၊ ကျုပ်တို့ဆရာက မင်းကို ..."

"ဖြန်း ..."

ထိုလူ၏စကားမဆုံးမီ ဖြန်းခနဲမြည်သံထွက်ပေါ်လာသည်။ ထိုလူ၏ပါးတစ်ဘက်တွင် ချက်ချင်းလက်ငါးချောင်းရာထင်သွားသည်။

ချူးမေက လက်သွက်ခြေသွက် ပါးရိုက်ချလိုက်သည် မဟုတ်

လား။ စော်ကားမော်ကား ပြောလာသူမှာ ပါးရိုက်ခံရလျှင် ဒေါသထွက်
သွားသည်။

"ဩော် … မင်းက ကျုပ်ကို ပါးရိုက်ဝံ့တယ်ပေါ့ ဟုတ်လား
သည်မြို့မှာ ကျုပ်တို့ကို ဘယ်သူမှ မော့ကြည့်ဝံ့တာ မဟုတ်ဘူး၊ ကျုပ်
တို့အကြောင်း ကောင်းကောင်းကြီး သိရမှာပေါ့။ စကားဆုံးလျှင် ထိုင်
ရာမှထကာ ချူးမေအား ဖမ်းချုပ်လိုက်လေသည်။"

ချူးမေ ခပ်သွက်သွက်ရှောင်ပေးလိုက်သည်။

သူမ၏လှုပ်ရှားပုံကိုကြည့်ကာ သိုင်းပညာတတ်မြောက်ထား
ကြောင်း ထိုလူငါးယောက် နားလည်သွားကြသည်။

တစ်ယောက်က …

"မဆိုးဘူးဟေ့ … သူက သိုင်းပညာတတ်မြောက်သားပဲ
ဘယ်လောက်အထိ အစွမ်းရှိသလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ပြောပြီးထိုင်ရာမှ ထကာတိုက်ခိုက်လိုက်သည်။

သို့သော် … ထိုလူတိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် ချူးမေ
၏ခြေထောက်တစ်ဖက်က သူ၏ဝမ်းဗိုက်သို့ ကန်ကျောက်မိသွား
သည်။

"အွန့်"

ထိုလူက မသဲမကွဲ ညည်းညူယင်း ခါးကုန်းသွားသည်။

ထိုအခါ ကျန်လူများ မနေနိုင်ကြတော့ချေ။

"သေပေတော့ …"

တစ်ယောက်က အော်ဝေါက်ယင်း တရကြမ်းပြေးဝင်တိုက်
ခိုက်လိုက်သည်။

ကျန်လူများလည်း ရှေ့သို့လျှပ်တပြက်ခုန်ထွက်လာကြ



ဝိုင်းတိုက်ခိုက်လိုက်ကြသည်။ ငါးယောက်စလုံး ချူးမေကို ဝိုင်းတိုက်
ကြခြင်းဖြစ်၏။

ထိုလူငါးယောက်၏ သိုင်းပညာမခေချေ။

သူတို့တိုက်ခိုက်လိုက်သည်နှင့် ချူးမေနောက်သို့ ချက်ခြင်း
ဆုတ်လိုက်ရသည်။

သူမပြန်လည်ခုခံပါသော်လည်း မဟန်နိုင်ပဲ နောက်သို့သာ
ဆက်၍ ဆက်၍ ဆုတ်သွားရသည်။

ထိုစဉ် … ဆိုင်လုလင်က ဆိုင်အနောက်ဘက်မှ ပြေးထွက်
လာ၏။ တိုက်ပွဲဖြစ်ပွားနေသည်ကိုတွေ့လျှင် …

"ဟေ့လူတွေ … ဘာဖြစ်လို့ ကျုပ်အစ်မကို တိုက်ခိုက်နေ
ကြရတာလဲဗျ" အော်ပြောယင်း ကုလားထိုင်တစ်လုံးဖြင့် ပြေးဝင်လာ
သည်။

သို့သော် … သူ မရိုက်ချနိုင်မီ လူငါးယောက်အနက် တစ်
ယောက်က လက်ကိုဖမ်းချုပ်ကာ ကုလားထိုင်ကို လွှင့်ပစ်လိုက်ပြီး
နောက် ဆိုင်လုလင်ကို တစ်ဖက်သို့ ကိုင်ပေါက်လိုက်သည်။

"အမယ်လေးဗျ"

ဆိုင်လုလင်အထိတ်တလန့် အော်လိုက်သည်။ ကြမ်းပြင်ပေါ်
သို့ ခြေကားရား၊ လက်ကားရား ပြုတ်ကျသွားစဉ် လူတစ်ယောက်က
အချိန်မီ သူ့အား ဆီးကြို ဖမ်းထားလိုက်သည်။

ထိုလူမှာ ရှမ်းထင်းဖြစ်သည်။

ရှမ်းထင်းက ဆိုင်လုလင်အား ကြမ်းပြင်ပေါ် ချပေးလိုက်
လေသည်။

ဆိုင်လုလင်က

"ကျေးဇူးတင်ပါတယ်"

ပြောပြီးသည်နှင့် ချူးမေအား ဝိုင်းဝန်းတိုက်ခိုက်နေသူများထံ ပြေးသွားရန် ဟန်ပြင်လိုက်သည်။

ရှမ်းထင်းက သူ၏အကျီစအား ဖမ်းဆွဲထားလိုက်လေသည်၊ ဆိုင်လုလင် မျက်လုံးပြူး၍ လှည့်ကြည့်နေစဉ် အသာအယာ ပြုံးကာ လက်ကာပြလိုက်သည်။

ထို့နောက် ရှေ့သို့လှမ်းထွက်သွားသည်။

ဆိုင်လုလင်မှာ သူ့အားကြည့်ကာ ကြောင်အမ်းအမ်းဖြစ်နေတော့သည်။

ထိုအချိန်၌ လူငါးယောက်မှာ ချူးမေအား ဝိုင်းဝန်းတိုက်ခိုက်ကာ ဖမ်းဆီးချုပ်နှောင်ခဲ့ပြီဖြစ်သည်။ တစ်ယောက်က သဘောကျစွာ ရယ်မောယင်း

"ဟား ... ဟား ... ဟား ... မင်းဘာတတ်နိုင်သေးလဲ"

ရုတ်တရက် ...

"ဝုန်း"

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာသည် ချူးမေအား ဖမ်းဆီးချုပ်ကိုင်ထားသူများမှာ အဝေးသို့ လွင့်စဉ်သွားကြ၏။

"ဟင်"

ချူးမေ ထိတ်လန့်သွားသည်။



ကြားဝင်တိုက်ခိုက်လာသူအား ကြည့်လိုက်လျှင် ရှမ်းထင်း ဖြစ်နေသည်ကို တွေ့ရသဖြင့် ...

"ရှင် ... ရှင် ... ဘယ်ကဘယ်လို သည်ကိုရောက်လာတာလဲ" ဟု မေးလိုက်သည်။

ရှမ်းထင်း ပြုံးရုံသာပြုံးနေပြီး စကားပြန်မပြောချေ။

ထို့ကြောင့် ချူးမေ မချင့်မရဲဖြစ်သွားရလေသည်။

ရှမ်းထင်း၏ တိုက်ခိုက်ပုံကိုကြည့်ကာ ဆိုင်လုလင်မှာ ပါးစပ်အဟောင်းသားဖြစ်နေလေသည်။

ထိုစဉ် ... ဖရိုဖရဲဖြစ်သွားကြသည့် လူငါးယောက် ပြန်လည်မတ်တတ်ရပ်လာနိုင်ကြပြီ ဖြစ်လေသည်။ သူတို့က ရှမ်းထင်းအား စိုက်ကြည့်လိုက်ကြ၏။

တစ်ယောက်က ...

"သည်ကောင်က ဘယ်သူလဲ" ဟု မေးလိုက်၏။

ကျန်လူများက အဖြေမပေးနိုင်ကြချေ။

ရှမ်းထင်းမှာ အခုမှမြင်ဖူးသော မျက်နှာစိမ်းတစ်ယောက် ဖြစ်နေသည်မဟုတ်ပါလား

တစ်ယောက်က ...

"သည်ကောင်က ကျုပ်တို့အကြောင်း မသိသေးဘဲ လူတွင်ကျယ်လုပ်တာပေါ့လေ၊ ကဲ ... သူ့ကိုဝိုင်းပြီး ဆုံးမလိုက်ကြရအောင်"

စကားဆုံးလျှင် ဓားတစ်လက်ထုတ်ကာ ပြေးဝင်တိုက်ခိုက်လိုက်၏။

ကျန်လူများကလည်း လက်နက်ကိုယ်စီဆွဲကိုင်ယင်း ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

ထိုလူများ ပြေးလာသည်ကို တွေ့လျှင်

"သတိထား"

ချူးမေ ထိတ်လန့်ကာ သတိပေးလိုက်၏။

ရှမ်းထင်းက အပြုံးမပျက်ပါချေ။ ချူးမေအား စိတ်မပူရန် လက်ကာပြလိုက်ပြီး နောက်လှည့်ရင်ဆိုင်လိုက်လေသည်။

"ဝုန်း"

"ချွမ်း"

"အား"

ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်။

ပြေးဝင်တိုက်ခိုက်လာသူငါးယောက်မှာ လူတစ်ယောက်စီ လက်နက်တစ်ခြား ဖရိုဖရဲဖြင့် ပြန်လည် လွင့်စင်သွားကြလေသည်။

ချူးမေပြုံးလိုက်သည်။

ရှမ်းထင်း၏သိုင်းပညာ လွန်စွာထက်မြက်ကြောင်း သူမ ကောင်းစွာသိထားပြီးဖြစ်လေသည်။

ဆိုင်လုလင်ကား ရှမ်းထင်းကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်နေမိ၏။

ထိုလူငါးယောက်မှာလည်း ရှမ်းထင်းအား မည်သည့်နည်းနှင့်မျှ ယှဉ်၍မရကြောင်း သဘောပေါက်နားလည်သွားကြသည်။

ထို့ကြောင့်

ဆက်လက်တိုက်ခိုက်ခြင်းမပြုပဲ နောက်သို့တရွေ့ရွေ့ ဆုတ်သွားကြလေသည်။

ဆိုင်ပေါက်ဝသို့ရောက်လျှင် တစ်ယောက်က ...

"မင်းသတိထား ကျုပ်တို့အကြောင်း ကောင်းကောင်းကြီးသိ



ရစေမယ်" ဟု အော်ပြောပြီး နောက်ထွက်ပြေးသွားကြ၏။

ရှမ်းထင်းက လိုက်လံတိုက်ခိုက်ခြင်းမပြုပဲ ရပ်ကြည့်နေ၏။

ချူးမေပြုံးနေသည်။

ဆိုင်လုလင်က ရှမ်းထင်းအနီးပြေးလာပြီး ...

"အစ်ကိုကြီး ဘာဖြစ်လို့ သည်လူတွေကို လွှတ်ပေးလိုက်ရတာလဲ၊ နေရာတကာ ဗိုလ်ကျချင်တဲ့လူတွေဗျ၊ သူတို့ကို ခပ်နာနာလေး ဆုံးမပစ်ဖို့ကောင်းတယ်" ဟု မကျေမနပ်ပြောလေသည်။

ချူးမေက ...

"အို ... မောင်လေးကလဲ ဘာတွေလျှောက်ပြောနေတာလဲ" ဟု ဟန့်တားလိုက်သည်။

ထိုစဉ်မှာပင် ...

"ဘာတွေဖြစ်နေတာလဲ ... ဘာဖြစ်ကြတာလဲ"

အလောတကြီးမေးကာပြေးဝင်လာသော အဘိုးအိုတစ်ယောက်အား တွေ့ရလေသည်။

ထိုအဘိုးအို တွေ့ရလျှင် ...

"ဖေဖေ ..."

ဆိုင်လုလင်နှင့် ချူးမေတို့ ပြိုင်တူခေါ်ကာ ပြေးသွား၍ ဆီးကြိုလိုက်ကြ၏။

ချူးမေသည် ဤဆိုင်ပိုင်ရှင်၏သမီးဖြစ်ပြီး၊ ဆိုင်လုလင်မှာ ချူးမေ၏မောင်ဖြစ်နေသည်ကို သိလိုက်ရလေတော့သည်။

♣ ♣ ♣

# ကွန်းခိုရာ

အဘိုးအိုက ဆိုင်အတွင်း အလဲလဲအပြိုပြိုဖြစ်နေသော စားပွဲ ကုလားထိုင်များကို မျက်နှာမသာမယာဖြင့် ကြည့်လိုက်လေသည်။

ပြီးလျှင် ...

"သား ... ချူစန်း ဖေဖေမရှိတုန်း ဘာတွေဖြစ်နေတာလဲ သမီးချူးမေ ဖေဖေ့ကိုပြောပြစမ်းပါဦး" ဟု မေးလိုက်သည်။

ချူးမေက အဖြစ်အပျက်များကို ရှင်းပြလိုက်သည်။

ဆိုင်လုလင် (ဝါ) ချူစန်းက ...

"ဖေဖေ ... ဟောသည်အစ်ကိုကြီးဝင်ကယ်လို့ပေါ့၊ နို့မဟုတ်ယင် မမကို ဘယ်လောက်အထိ စော်ကားမော်ကားပြုကြမယ် မဆိုနိုင်ဘူး" ဟု မကျေမနပ် ဝင်ပြောလိုက်လေသည်။

အဘိုးအိုက ရှမ်းထင်းဘက်လှည့်လိုက်သည်။

တစ်ဖန် ... ခါးကိုင်း၍ ဦးညွှတ်လိုက်ပြီး ...

"ကျေးဇူးတင်ပါတယ် မောင်ရင်လေးရယ်၊ သည်မြို့မှာ လူရမ်းကားတွေ အင်မတန်ပေါများတာပဲ၊ ဒါကြောင့် ကျုပ်ကသမီးကို အိမ်ပြန်မလာဖို့ပြောရတာပေါ့၊ အခုသမီးရောက်လာတာနဲ့ နှောင့်ယှက်ကြမယ် မဆိုနိုင်ဘူး" ဟု ပြောလိုက်သည်။



ရှမ်းထင်းပြုံး၍ လက်ကာပြလိုက်သည်။ ကျေးဇူးတင်စရာ မလိုပါဘူးဟူသော သဘောဖြစ်သည်။

ချူးမေ မျက်မှောင်ကြုတ်သွားသည်။ ရှမ်းထင်းက ယခုအထိ စကားမပြောပဲနေခြင်းမှာ ထူးခြားသည်ဟုလဲတွေးမိသည်။

ရှမ်းထင်းကိုကြည့်ကာ ...

"ကျေးဇူးပြုပြီး ရှင့်နာမည်ပြောပြပါလားရှင်" ဟုမေးလိုက်သည်။

ရှမ်းထင်းသက်ပြင်းချလိုက်သည်။ စားပွဲပေါ်၌ ဖိတ်စင်နေသော အချဉ်ရည်များကို လက်ညှိုးဖြင့်တို့ကာ ရှမ်းထင်းဟူသော အမည်ကို ရေးပြလိုက်သည်။

စာကိုဖတ်ပြီးလျှင် ...

"ရှမ်းထင်း ... ဟုတ်လား" ဟု ချူးမေကမေးလိုက်သည်။

ရှမ်းထင်း ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ရှမ်းထင်းမှာ စကားမပြောနိုင်ကြောင်း ချူးမေသိရှိနားလည်သွားတော့၏။ ရှမ်းထင်းအပေါ် ကရုဏာသက်လာမိသည်။

ထမင်းဆိုင်ကလေး၌ သူမအထင်အမြင်လွဲမှားမိကြောင်းလည်း ပြန်လည်တွေးတောမိသည်။

ဆိုင်လုလင် (ဝါ) ချူစန်းနှင့် အဘိုးအိုတို့သည် ရှမ်းထင်းကို ကြည့်ကာ ကရုဏာသက်နေကြသည်။

ချူစန်းက ...

"အစ်ကိုကြီး ... အစ်ကိုကြီးရဲ့သိုင်းပညာ သိပ်တော်တာပဲ၊ လူရမ်းကားတွေကို ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားစေနိုင်တာ တော်ရုံအရည်အချင်းနဲ့မှမရတာ၊ အစ်ကိုကြီးအ

ချိန်ရယင် ကျွန်တော့်ကို သိုင်းပညာသင်ပေးပါလား၊ သိုင်းပညာတတ်ထားတော့ လူရမ်းကားတွေလာယင် ဆုံးမနိုင်တာပေါ့” ဟုပြောလိုက်သည်။

ရှမ်းထင်းပြုံးရုံသာ ပြုံးနေသည်။

အဘိုးအိုက ချူစန်းကိုတစ်လှည့် ရှမ်းထင်းကိုတစ်လှည့် ကြည့်လိုက်သည်။ ပြီးလျှင် ...

“ဟုတ်ပါတယ်မိတ်ဆွေလေးရယ်၊ မိတ်ဆွေလေး အချိန်ရယင် ကျုပ်သားလေးကို သိုင်းပညာသင်ပေးခဲ့ပါလား၊ နို့မဟုတ်ယင် သူများစော်ကားတိုင်း ခေါင်းငုံ့ခံနေရလို့ပါ၊ သင်ပေးမယ်ဆိုယင် မိတ်ဆွေလေးရဲ့ကျေးဇူးကို မမေ့ပါဘူး” ဟု တောင်းပန်လိုက်သည်။

ရှမ်းထင်း တွေဝေသွား၏။ ဤနေရာမှထွက်သွားပြီး လူတစ်ယောက်အား လိုက်လံရှာဖွေရန် တာဝန်ရှိပေသည်။

ထိုလူမှာ မည်သည့်နေရာကိုရောက်ရှိနေမှန်းမသိပဲ ရေမြေအဆုံး လိုက်လံရှာဖွေရမည်သာဖြစ်ပေသည်။

သူ့အတွက် အချိန်မရှိဟုဆိုလျှင်ရသလို အချိန်များစွာပိုလျှံနေသည်ဟုလည်း ဆိုနိုင်ပေသည်။ ရှမ်းထင်း တွေဝေနေသည်ကိုတွေ့လျှင် ချူးမေက ...

“အစ်ကို အချိန်ရမယ်ဆိုရင် ကျွန်မမောင်လေးကို သိုင်းပညာသင်ပေးဖို့ တောင်းပန်ပါတယ်” ဟု ပြောလိုက်သည်။

ယခုတစ်ကြိမ် ရှမ်းထင်းရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားနေခြင်းမရှိချေ။

အားရပါးရပြုံးကာ ဦးခေါင်းညိတ်ပြလိုက်၏။ ရှမ်းထင်းသဘောတူလိုက်သည်ကိုတွေ့လျှင် ချူစန်း ဝမ်းသာသွားသည်။



ချူးမေလည်းပြုံးလာ၏။

“ကျွန်မ အကူအညီတောင်းတာကို လက်ခံတဲ့အတွက် ကျေးဇူးပါပဲရှင်၊ အစ်ကိုရဲ့စားရေးသောက်ရေး၊ နေရေးထိုင်ရေးအတွက် လိုလေသေးမရှိအောင် စီစဉ်ပေးပါ့မယ်”

အဘိုးအိုက ...

“ဟုတ်တယ် မောင်ရင်လေး၊ ကျုပ်တို့ဆိုင်မှာပဲနေပါ၊ အခန်းလွတ်တွေ အများကြီးရှိပါတယ်”

ချူစန်း၊ ချူးမေနှင့် အဘိုးအိုတို့မိသားစုသုံးယောက် စည်းလုံးလုံးရှိပုံ၊ တစ်ယောက်နှင့်တစ်ယောက် ချစ်ချစ်ခင်ခင်ရှိပုံကိုကြည့်ကာ ရှမ်းထင်းရင်ထဲ၌ ဖော်မပြနိုင်အောင် ခံစားချက်များဖြစ်ပေါ်လာ၏။

သူ၏ဘဝတစ်လျှောက် အေးမြသော မေတ္တာအရိပ်၌ ခိုလှုံခဲ့ရဘူးသည်။ သို့သော် ရှမ်းထင်းဆက်မတွေးတော့ချေ။

သူကစကား မပြောနိုင်သဖြင့် ချူးမေ သူ့အပေါ် အထင်သေးမည်ကို စိုးရွံ့ခဲ့၏။

ယခု ... ချူးမေတို့က ဖော်ဖော်ရွေရွေရှိနေခြင်းကြောင့် အားတက်လာသည်။

ထို့ကြောင့် ...

သူကရှည်ရှည်ဝေးဝေးမစဉ်းစားတော့ပဲ ချူစန်းအား သိုင်းပညာသင်ပေးရန် သဘောတူလိုက်ခြင်းဖြစ်ပေသည်။

ချူစန်းက ...

“တဲ ... အစ်ကိုကြီး ကျွန်တော့်နောက်ကိုလိုက်ခဲ့၊ ကျွန်တော်အစ်ကိုကြီးအတွက် အခန်းပြင်ပေးမယ်” ပြောယင်း ဆွဲခေါ်သွား၏။

ချူးမေနှင့် အဘိုးအိုတို့က ပြုံးကြည့်နေကြ၏။ ရှမ်းထင်းက သူတို့အား အသိအမှတ်ပြုရန် ခေါင်းညိတ်ပြလိုက်ပြီး ချူစန်းနောက်သို့လိုက်သွားသည်။

သူတို့နှစ်ယောက်ကိုကြည့်ယင်း အဘိုးအိုသက် ပြင်းချကာ

"အင်း ... သည်သူငယ်လေးသာ သင်ပေးယင် ချူစန်းဟာ သိုင်းပညာထက်မြက်တဲ့ လူတစ်ယောက်ဖြစ်လာမှာပဲ၊ ကျုပ်တို့ကို ဘယ်သူမှ မစော်ကားတော့ဘူးပေါ့"

ချူးမေက ...

"သမီးလဲရှိပါသေးတယ် ဖေဖေ၊ လူရမ်းကားတွေကို သမီးလဲ ဆုံးမပစ်ရမှာပဲ" ဟုပြောလိုက်၏။

"အင်း ... ငါ့သားနဲ့ ငါ့သမီးက အားကိုးလောက်ပါရဲ့၊ ဖေဖေ ဝမ်းသာလိုက်တာကွယ်" ဟု ပီတိလွှမ်းသော လေသံဖြင့် ပြောလိုက်လေတော့သည်။

♣ ♣ ♣

## ပျံလေတဲ့ငှက်ခါး

"ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်"

သံချောင်းခေါက်သံများ ဆူညံစွာထွက်ပေါ်လာလေသည်။ ညဦးယံ၌ တာဝန်ကျကင်းသမားများက အရေးပေါ် သံချောင်းခေါက်ကာ ရှောင်လင်ကျောင်းတော်ကြီးတစ်ခုလုံးအား လှုန့်နှိုးလိုက်ခြင်းဖြစ်လေသည်။

သံချောင်းခေါက်သံထွက်ပေါ်လာသည်နှင့် ရှောင်လင်ကျောင်းပိုင်နက်အတွင်း လှည့်လည်စစ်ဆေးနေသော ကင်းသမားများသည်၄င်း၊ အိပ်စက်အနားယူနေကြသော ရှောင်လင်ကျောင်းတော်သားများ၊ ကိုရင်များ၊ ဘုန်းတော်ကြီးများ အသီးသီး အိပ်ဆောင်များမှ ပြေးထွက်လာကြလေသည်။

တစ်ဖန် ...

ရရာလက်နက်ကိုင်ကာ သံချောင်းခေါက်သံထွက်ပေါ်လာရာဆီသို့ တဟုန်ထိုးပြေးသွားကြသည်။

သံချောင်းခေါက်သံ၊ အမိန့်ပေးသံ၊ ပြေးလွှားသံများဖြင့် ပွက်ပွက်ညံသွားတော့သည်။ တောင်ကုန်းပေါ်၌၄င်း၊ ချိုင့်ဝှမ်းတောင်ခြေများ၌၄င်း ရှောင်လင်ကျောင်းမှလူများဖြင့် ပြည့်နှက်သွားသည်။

နောက်ဆုံး ...

ရှောင်လင်ကျောင်းမှလူများသည် သံချောင်းခေါက်သံ စတင်ထွက်ပေါ်လာသည့်နေရာမှ ကင်းသမား၏ ဦးဆောင်လမ်းပြမှုဖြင့် တောင်ခြေစမ်းချောင်းတစ်ဝိုက် အသေးစိပ်လိုက်လံ စစ်ဆေးကြည့်ရှုကြသည်။

ထိုအချိန်၌ ဆရာတော်ချန်ထိုင်ကား နောက်ပါအချို့နှင့်အတူ တောအုပ်ကိုဖြတ်ကျော်ကာ လျှို့ဝှက်လိုဏ်ဂူဆီသို့ ဦးတည်သွားနေ၏။ ချန်ထိုင်၏မျက်နှာပေါ်တွင် စိတ်ရှုပ်သည့်အမူအရာများ အထင်းသား ပေါ်လွင်နေသည်။

သူ့နောက်မှ ခုံးမိန်နှင့် အခြားဘုန်းတော်ကြီးများ လိုက်လာကြသည်။

မကြာပါချေ သူတို့သည် လျှို့ဝှက်လိုဏ်ဂူရှေ့သို့ရောက်သွားကြသည်။

လိုဏ်ဂူတံခါးပိတ်ထားပါ၏။

ကိုရင်ငယ်တစ်ပါးက တံခါးသော့ဖွင့်လိုက်သည်။ တံခါးပွင့်သွားသည်နှင့်ချန်ထိုင်က အပြေးတစ်ပိုင်းလှမ်းဝင်လိုက်သည်။ ကျန်လူများလည်း နောက်မှလိုက်သွားကြ၏။

သူတို့လိုဏ်ဂူထဲရောက်ချိန်၌ လိုဏ်ဂူအတွင်း မည်သူမျှမရှိတော့ချေ။ အကျဉ်းခံအဘိုးအိုအား ချုပ်နှောင်ထားသည့်နေရာသို့ သွားရောက်စစ်ဆေးကြည့်လိုက်သည်။

ထိုအခါ အကျဉ်းခံအဘိုးအိုအား မတွေ့ရတော့ပဲ သံကြိုးများပြတ်တောက်နေသည်ကိုသာ တွေ့ရ၏။ အကျဉ်းခံအဘိုးအိုကား ထွက်ပြေးလွတ်မြောက်သွားချေပြီ။

အသေးစိပ်လိုက်လံစစ်ဆေးပြီး နောက်ဆုံးအကျဉ်းခံအဘိုး



အိုသည် သံဖြတ်လွှ အသုံးပြုကာ သံကြိုးများအား ဖြတ်တောက်ပြီး လေဝင်ပေါက်မှတစ်ဆင့် ထွက်ပြေးသွားကြောင်း စစ်ဆေးတွေ့ရှိရလေသည်။

ချန်ထိုင်က အမိန့်တစ်ရပ် ချက်ချင်းထုတ်ပြန်လိုက်သည်။ ရှောင်လင်ကျောင်းမှ သိုင်းပညာတတ်မြောက်ထားသူအားလုံး အကျဉ်းခံအဘိုးအိုအား ရှာဖွေဖမ်းဆီးဖို့ ခရီးထွက်ကြရန်ပင်ဖြစ်တော့သည်။

အကျဉ်းခံအဘိုးအိုအား လိုက်လံရှာဖွေမည့်သူများအနက် ချန်ထိုင်ကိုယ်တိုင်အပြင် ခုံးမိန်လည်း ပါဝင်နေပေတော့သည်။

♣ ♣ ♣

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

ကျယ်လောင်သောရယ်မောသံများ ထွက်ပေါ်လာ၏။ သိုင်းဆရာ ဟူကျန့်၏ အဆောက်အအုံအတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်ပေသည်။

အဆောက်အအုံအတွင်းဘက်၌ ခန်းမဆောင်အတွင်းရှိ လူလေးယောက်ဝိုင်းဖွဲ့ထိုင်နေကြသည်။

ထိုလူလေးယောက်ဝိုင်းဖွဲ့ထိုင်နေကြသည်။ စားပွဲပေါ်တွင် အမျိုးပေါင်းစုံလင်လှသော စားသောက် ဖွယ်ရာများနှင့် အရက်အိုးတင်ထားသည်။

သန်ယု၊ လုံဖွေး၊ ဟူကျန့်နှင့် အဘိုးအိုတို့ တဝါးဝါး တဟားဟား ရယ်မောလိုက်ကြပြီးလျှင် ဟူကျန့်က အဘိုးအိုအား အရက်တစ်ခွက် ကမ်းပေးလိုက်၏။ အဘိုးအိုက အရက်ခွက်ကိုယူကာ တစ်ရှိန်ထိုး မော့ချလိုက်သည်။

ပြီးလျှင် ...

စားပွဲပေါ် ဒုန်းခနဲမြည်အောင် ဆောင့်ချယင်း ...

"ကောင်းလိုက်တဲ့အရက်၊ သည်လိုအရက်ကောင်းကောင်း မသောက်ရတာ နှစ်နှစ်ဆယ်လောက်ရှိပြီကွ"

ပြောယင်း အသားဟင်းများ နှိုက်စားလိုက်သည်။

ဟူကျန့်က အရက်တစ်ခွက်ပြီးတစ်ခွက် ငှဲ့ပေးလိုက်လေသည်။

အဘိုးအိုက အရက်သောက်လိုက် အစာစားလိုက်ဖြင့် အကြိုက်တွေ့နေ၏။

လုံဖွေး၊ သန်ယု နှင့် ဟူကျန့်တို့သည် အဘိုးအိုရောက်ရှိလာခြင်းအတွက် ပျော်ရွှင်ကြည်နူးနေကြသည်။ အတော်ကလေးကြာမှ ဟူကျန့်က စကားစလိုက်သည်။

"ဆွံ့အနေတဲ့ လူငယ်လေးတစ်ယောက် စာလာပေးကတည်းက အနေးနဲ့အမြန် ဆရာရောက်လာတော့မယ်ဆိုတာသိထားလို့ ဆရာကြိုက်တဲ့ ပန်းတစ်ရာအရက်ကိုရအောင်ရှာထားတာပါ"

ထိုစကားကြားလျှင် အဘိုးအို မျက်မှောင်ကြုတ်သွား၏။ ဟူကျန့်ကို ကြည့်ကာ

"ဆွံ့အလေးဟုတ်လား" ဟုမေးလိုက်သည်။

ဟူကျန့် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်ဆရာ"

အဘိုးအိုက

"သူဘယ်ရောက်သွားပြီလဲ"

"သူထွက်သွားပါပြီ"



"တောက် ..."

အဘိုးအို တက်ခေါက်လိုက်သည်။

ဟူကျန့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

အဘိုးအို တစ်စုံတစ်ခုကြောင့် ဒေါပွသွားကြောင်း တွေးမိပြီး အသာငြိမ်နေလိုက်သည်။

အဘိုးအိုက ...

"ကျုပ်ကိုယ်၌က ညံ့ဖျင်းတာပဲ၊ သည်ကောင်လေးကို ခေါ်ထားဖို့ မမှာမိဘူး၊ အင်း ... သည်ကောင်လေးကို ကျုပ်သဘောကျတယ်၊ တစ်နေ့သူ့ကိုတွေ့အောင်ရှာပြီး ကျုပ်အနားခေါ်ထားရလိမ့်မယ်"

ထိုအခါ ဟူကျန့် သက်ပြင်းချနိုင်ခဲ့သည်။

"ဆရာသူ့ကို သဘောကျနေမှန်းမသိလို့ပါ၊ သိယင်ကျွန်တော်တို့ ဘယ်အလွတ်ပေးမလဲ၊ ခေါ်ထားလိုက်မှာပေါ့" ဟု ပြောလိုက်သည်။

အဘိုးအိုက လက်ကာပြယင်း ...

"ဟေ့ ... ဒါကျုပ်အလုပ်၊ မင်းတို့နဲ့ဘာမှမဆိုင်ဘူး၊ သည်ကောင်ကိုတွေ့ယင် လက်ဖျားနဲ့တို့ဖို့တောင် စိတ်မကူးကြနဲ့၊ ကျုပ်ပြောတာသေသေချာချာမှတ်ထား၊ ကျုပ်စကားနားမထောင်ယင် သေဒဏ်အပြစ်ပေးခံရမယ်"

ဟူကျန့်ခေါင်းငုံ့ထားလိုက်၏။ အဘိုးအိုက နောက်ထပ် အရက်ငှဲ့သောက်လိုက်ပြန်သည်။

လုံဖွေးနှင့် သန်ယုတို့ ငြိမ်နေကြ၏။

သူတို့၏မျက်နှာတွင် အဘိုးအိုအား ကြောက်ရွံ့ထိတ်လန့်

သည့် အရိပ်အယောင်များ အထင်းသားပေါ်လွင်နေသည်။ အရက်
သုံးလေးခွက် ဆက်တိုက်သောက်ပြီးလျှင် အဘိုးအိုက အရက်ခွက်ကို
ချထားလိုက်သည်။

နှုတ်ခမ်းပေါ်စီးကျလာသော အရက်များကို လက်ခုံဖြင့်
သုတ်ကာ ...

"ကျုပ်မကြာခင် ပြန်ရောက်လာမယ်ဆိုတာ မင်းတို့သုံး
ယောက် သိထားကြတယ်ပေါ့ ဟုတ်လား" ဟု မေးလိုက်သည်။

သန်ယု၊ လုံဖွေးနှင့် ဟူကျန့်တို့သုံးယောက် ပြိုင်တူခေါင်းညိတ်
လိုက်ကြသည်။

"ဟုတ်ပါတယ်ဆရာ"

အဘိုးအိုက ...

"ဒါဖြင့် ... မင်းတို့ဘာတွေလုပ်ထားသလဲ" ဟုမေးလိုက်၏။

ဟူကျန့်က သန်ယုကို ကြည့်လိုက်သည်။

သန်ယုကပြုံးယင်း ...

"ကျွန်တော်တို့ကို ဒုက္ခပေးခဲ့တဲ့ လူသုံးယောက်အကြောင်း
စုံစမ်းထားပါတယ်ဆရာ" ဟု ပြောလိုက်သည်။

ထိုစကားကြားလျှင် ...

အဘိုးအိုက သဘောကျစွာရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား"

"မင်းတို့ ဘယ်ဆိုးလို့တုန်း၊ ကျုပ်ပြန်ရောက်လာတာနဲ့ ဘာ
လုပ်မယ်ဆိုတာ ကြိုတင်တွက်ဆမိကြတာကိုး၊ ပြောစမ်း အဲသည် သုံး
ယောက်အကြောင်း မင်းတို့ဘယ်လောက် စုံစမ်းပြီးပြီလဲ"

သန်ယုက ...



"စန့်ကွမ်းရိ ဟာ ပန်းပွင့်တောင်ကုန်းမှာ နေထိုင်ပါတယ်၊
အခုထိရှိနေတုန်းပါပဲ၊ သူနဲ့အတူ တပည့်သုံးယောက် ရှိနေကြပါတယ်"

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ကွမ်းကြုံလုကော"

သန်ယုက ...

"ကွမ်းကြုံလုကတော့ ခြေဦးတည့်ရာ လျှောက်သွားနေသူ
ပါ၊ ဒါပေမယ့် မကြာခင် ပါပုထုံးရဲ့ သိုင်းသင်တန်းကျောင်းကို အလည်
အပတ်ရောက်လာမယ်လို့ သတင်းအတိအကျ ရထားပါတယ်"

အဘိုးအိုပြုံးလိုက်သည်။

"ပါပုထုံးက သိုင်းသင်တန်းကျောင်းဖွင့်ထားတယ်ဟုတ်လား"

သန်ယု ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာ"

အဘိုးအိုက ...

"ဘယ်မှာလဲ"

သန်ယုက ...

"သည်မြို့ထဲမှာပါ"

"ဘာ"

အဘိုးအို၏ အသံဟိန်းထွက်လာသည်။

သန်းယုက သက်ပြင်းတစ်ချက်ချလိုက်ပြီး

"သည်မြို့ထဲမှာ သူရှိနေလို့ ကျွန်တော်တို့တောင်အနေအ
ထိုင်အတော်ဆင်ခြင်ရပါတယ်"

အဘိုးအိုထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်သည်။

သန်ယု၊ လုံဖွေးနှင့် ဟူကျန့်တို့အား ဝေ့ကြည့်လိုက်ပြီး

"မင်းတို့တော်တော်ညံ့ဖျင်းတာပဲ၊ မင်းတို့သုံးယောက်ပေါင်းပြီး သူ့ကိုမတိုက်ရဲကြဘူးလား ပြောစမ်း"

သူ၏စကားသံ ဟိန်းထွက်လာ၏။

သန်ယု၊ လုံဖွေးနှင့် ဟူကျန့်တို့ ခေါင်းငုံ့ထားကြသည်။ အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကောင်းပြီ ... ပါပုတုံးရဲ့ သိုင်းသင်တန်းကျောင်းကိုကျုပ်အရင်သွားမယ်" ဟုပြောလာ၏။

သန်ယုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

အတန်ကြာမှ ဟူကျန့်က မဝံ့မရဲဖြင့် ပြောလာ၏။

"ပါပုထုံးဆီကို ကွမ်းကြုံလု မရောက်ရှိသေးပါဘူး"

အဘိုးအိုမျက်မှောင်ကြုတ်သွား၏။

"ကွမ်းကြုံလုမရောက်လာသေးဘူးပေါ့ ဟုတ်လား"

ဟူကျန့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဆရာ"

အဘိုးအို တွေဝေသွားသည်။

အတန်ကြာမှ သူကသက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကောင်းပြီလေ ... ဒါဆိုယင် စန့်ကွမ်းရိဆီပဲ အရင်သွားလိုက်မယ်" ဟုပြောလိုက်၏။

ထိုစကားကြားလျှင် လုံဖွေး၊ ဟူကျန့်နှင့် သန်ယုတို့တစ်ယောက်ကိုတစ်ယောက် မသိမသာ ခိုးကြည့်မိကြလေသည်။

သူတို့၏မျက်လုံးထဲ၌ ပျော်ရွှင်ခြင်း၊ အဓိပ္ပာယ်များရှိနေကြသည်။



အဘိုးအို ...

"ကျုပ်ပြန်ရောက်လာတာနဲ့ ကွမ်းကြုံလုရဲ့သတင်းကို ကြားချင်တယ်၊ ဘာမှမထူးခြားဘူးဆိုရင် မင်းတို့သက်သာမှာ မဟုတ်ဘူး၊ ကွမ်းကြုံလုသည်ကိုရောက်မလာဘူးဆိုယင် သူ့ကိုဘယ်မှာ လိုက်ရှာရမယ်ဆိုတာ အခုကတည်းက စုံစမ်းထားကြ"

စကားဆုံးလျှင် ခန်းမအတွင်းမှ ထွက်သွားလေသည်။ အဘိုးအို ပျောက်ကွယ်သွားမှ သန်ယုတို့သုံးယောက် သက်ပြင်းချနိုင်ခဲ့ကြတော့သည်။

ဟူကျန့်က ...

"ဆရာက နှစ် နှစ်ဆယ်လောက်မတွေ့ရပေမယ့် အလျင်အတိုင်း စိတ်ဓာတ်မပြောင်းလဲသေးဘူး" ဟု မှတ်ချက်ချလိုက်သည်။

လုံဖွေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဆရာဟာ ကြောက်စရာကောင်းတုန်းပဲ၊ နှစ်ပေါင်းနှစ်ဆယ်အတွင်း နောက်ထပ်သိုင်းပညာတွေ လေ့ကျင့်ခဲ့တယ်ထင်တယ်၊ အလျင်ကဆိုယင် သူဟာ စန့်ကွမ်းရိကို တစ်ယောက်ချင်းရင်ဆိုင်နိုင်တာမဟုတ်ဘူး၊ အခုတော့ ဘယ်လိုရှိမယ် အတိအကျမပြောနိုင်ဘူး"

"ဟော့ ... သတိထားပြီးပြောကြ၊ တော်ကြာဆရာကြားသွားလို့ အပြစ်ပေးခံနေရဦးမယ်၊ ဆရာဟာ မာနကြီးတယ်ဆိုတာ မင်းတို့သိသားပဲ၊ စန့်ကွမ်းရိကို မနိုင်ပဲသွားမှာမဟုတ်ဘူး၊ သူကသွားမယ်ဆိုယင် သွားမှာပဲ၊ သည်တစ်ခါတော့ စန့်ကွမ်းရိအလှည့်ပြန်ရောက်ပြီလို့ ကျုပ်ယုံကြည်တယ်၊ ဘာပဲဖြစ်ဖြစ် တို့လဲအချိန်ရှိတုန်း ကွမ်းကြုံလုရဲ့သတင်းကို စုံစမ်းထားကြယင် ကောင်းမယ်၊ ဆရာပြန်ရောက်လာလို့

မေးတဲ့အခါ မဖြေနိုင်မှာခက်မယ်"

သူ၏စကားကို လုံဖွေးနှင့် သန်ယုတို့သဘောတူ ထောက်ခံလိုက်လေသည်။

"ဟုတ်တယ်၊ ဆရာက သူခိုင်းတဲ့အတိုင်း လုပ်မှကြိုက်တာဗျ"

သန်ယုက ...

"ကွမ်းကြိုလုရဲ့ ဆွေမျိုးတစ်ယောက်ကို ကျုပ်သိတယ်ဗျ၊ သူဆီမှ ကွမ်းကြိုလုရဲ့သတင်းကို စုံစမ်းလို့ရမယ်ထင်တယ်ဗျ" ဟု ပြောလိုက်၏။

လုံဖွေး ခေါင်းညိတ်လိုက်၏။

"ကောင်းသားပဲ ... အဲသည်လူဆီသွားကြတာပေါ့"

ဟူကျန့်ကလည်း သဘောတူလိုက်၏။

"ကောင်းတယ် ... ကောင်းတယ်"

ထို့နောက် သူတို့သည် အရက်ခွက်ကိုယ်စီပြိုင်တူမော့ချလိုက်ကြသည်။

ပြီးလျှင် ...

ထိုင်ရာမှထကာ ခန်းမအတွင်းမှ ထွက်သွားကြသည်။ သူတို့သည် ခန်းမအပြင်ဘက်သို့ရောက်သည်နှင့် လူစုခွဲကာ သတင်းစုံစမ်းရန် လူစုခွဲထွက်သွားသည်။

သူတို့အလုပ်ရှုပ်နေစဉ် ဟူကျန့်၏ သက်တော်စောင့်ငါးယောက်မှာလည်း အလုပ်ရှုပ်နေကြသည်။

သူတို့သည် စားသောက်ဆိုင်ကလေးသို့ ရောက်လာသော ချူးမေ၏လှပချောပုံကို ဟူကျန့်အား ပြောပြထားကြ၏။



ဟူကျန့်သဘောမကျ ကျအောင် ဝိုင်းဝန်းပြောဆိုကြပေသည်။

သို့ဖြစ်ရာ ...

မိန်းမပွေသော ဟူကျန့်သည်လည်း သဘောကျသွားပြီး၊ ချူးမေအား မည်သူမျှမသိစေပဲ ဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ပေးလိုက်သည်။

ထို့ကြောင့် သက်တော်စောင့်ငါးယောက်သည် ချူးမေအား ဖမ်းဆီးရန် အခွင့်အရေးစောင့်မျှော်လင့်ရင်း အလုပ်များနေကြပေတော့သည်။

♣ ♣ ♣

# ကျော့ကွင်း

နေဝန်းနီမှာ အနောက်ဘက်မှ ငုပ်လျှိုးပျောက်ကွယ်သွားပြ
ဖြစ်၏။

နေရောင်ခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုအစ
ထိုးဝင်ရောက်လာ၏။

ရွှက်ဝါမြို့ကလေးမှ အိမ်တိုင်းလိုလို မီးအိမ်များ ထွန်းည
ထားကြပြီဖြစ်သည်။

ချူးမေက ဆွဲခြင်းကိုကိုင်ကာ ခပ်သုတ်သုတ်ကလေးလျှောက်
လာသည်။ သူမသည် နောက်တစ်နေ့နံနက် ရောင်းချရန် စားသောက်
ဖွယ်ရာများ ချက်ပြုတ်ရာ၌ အသုံးပြုသည့် ဟင်းခတ်အမွှေးအကြိုင်
ကုန်နေခြင်းကြောင့် မြို့ထဲသို့ ထွက်ကာ ဝယ်ယူခဲ့ခြင်းဖြစ်ပေသည်။

သူမထွက်လာသည့်အချိန်စားသောက်ဆိုင်၌ လူကျနေသ
ဖြင့် ဖခင်သည်၎င်း၊ မောင်ဖြစ်သူသည်၎င်း၊ လိုက်မလာနိုင်ခဲ့ချေ။ ခ
တိုင်း ချူစန်းသွားဝယ်နေကျဖြစ်သော်လည်း ယနေ့၌မူ သူမအတွက်
အမျိုးသမီးအသုံးအဆောင်ပစ္စည်းအနည်းအကျဉ်း ဝယ်စရာရှိသဖြင့်
သူမကိုယ်တိုင် ဈေးဝယ်ထွက်လာခြင်းဖြစ်သည်။



ညမိုးချုပ်သွားလျှင် သူတို့စားသောက်ဆိုင်ဖွင့်ထားသောလမ်း
ကလေးမှာ လူသူကင်းရှင်းသွားတတ်ပေသည်။ ထို့ကြောင့်လည်း ...

မင်းလမ်းမကြီးမှခွဲထွက်သည့် လမ်းချိုးကလေးအတွင်းသို့ ဝင်
မိသွားသည်နှင့် ရုတ်တရက် အမှောင်ရိပ်ထဲမှလူတစ်စု ထွက်ပေါ်လာ
ပြီး သူမအား ဝိုင်းလိုက်ကြ၏။

"ဟင်"

ချူးမေ ထိတ်လန့်သွား၏။

ဆွဲခြင်းတောင်းကို တင်းတင် ဆုပ်ကိုင်ယင်း

"ရှင်တို့ဘယ်သူတွေလဲ ... ဘာလိုချင်လို့လဲ" ဟုမေးလိုက်
၏။

သို့သော် အမှောင်ရိပ်ထဲမှထွက်လာသူများက အဖြေမပေး
ကြပါချေ။ ရှေ့သို့ထွက်လာကြပြီးသူမအား ဝိုင်းရံထားလိုက်ကြသည်။

ထို့နောက် ...

တဖြည်းဖြည်းရှေ့သို့ တိုးလာကြသည်။ ချူးမေအား စက်ဝိုင်း
ပုံဝန်းရံထားပြီး ရှေ့တိုးလာခြင်းကြောင့် စက်ဝိုင်းမှာ တိုလာသည်ဟု
ဆိုရပေမည်။

ချူးမေ အံကြိတ်လိုက်၏။

"ရှင်တို့ဘယ်သူတွေလဲ ... မေးနေတာမကြားဘူးလား၊ သေ
ချင်ကြပြီထင်တယ် ... ဘေးဖယ်ကြစမ်း"

စကားဆုံးလျှင် ဆွဲခြင်းတောင်းကို ဝှေ့ယမ်းကာ စတင်တိုက်
ခိုက်လိုက်ကြ၏။ ဝိုင်းရံထားသူများသည် မျက်နှာမမှိတ်မိအောင် အ
ဝတ်များ စည်းနှောင်ကာ ရုပ်ဖျက်ထားကြသည်။

တက်ညီလက်ညီ စုပေါင်းတိုက်ခိုက်လိုက်ကြခြင်းဖြစ်လေ

သည်။

ထိုအခါ ...

ချူးမေမှာ ထိုးဖောက်မထွက်နိုင်တော့ပဲ နောက်သို့ပြန်လည်ဆုတ်လာခဲ့ရတော့သည်။ ထိုလူများကား သူမအနီးသို့ တဖြည်းဖြည်းချင်း ကပ်လာကြပြန်သည်။

ချူးမေ အံကြိတ်ကာ ...

“ဘေးဖယ်လိုက်ကြစမ်း”

အော်ငေါက်ယင်း ခြေလက်များ အသုံးပြုကာ တရကြမ်းတိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ် သူမက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ရာ ထိုလူများနောက်သို့ ဆုတ်ပေးလိုက်ကြရ၏။

သို့သော်လည်း ...

“မလွတ်စေနဲ့ ...”

“ဝိုင်းထားကြစမ်း”

“သူ့ကို အမိဖမ်းကြဟေ့”

တစ်ယောက်တစ်ပေါက် ညာသံပေးယင်း ရှေ့သို့ပြန်လည်တိုးလာကြသည်။ ထိုလူသိုင်းပညာမခေသဖြင့် ချူးမေအခက်တွေ့နေရ၏။

တိုက်ခိုက်ယင်း ...

“ဝုန်း”

မမျှော်လင့်ပဲ လူတစ်ယောက်၏ အလစ်ဝင်ရောက်ကန်ချလိုက်သော ခြေထောက်ကန်ချက်ခံလိုက်ရပြီး အဝေးသို့ လွင့်စဉ်သွားသည်။



ချူးမေ မသဲမကွဲ ညည်းညူလိုက်သည်။ တစ်ကိုယ်လုံး နာကျင်သွားသော်လည်း ဖွဲမလျော့ပဲ ချက်ချင်း လူးလိမ့်ထလိုက်၏။

ထိုလူများသည် သူမအား အလွတ်မပေးဘဲ ပြေးလိုက်လာကြပြီး ဝိုင်းရံတိုက်ခိုက်လိုက်ကြပြန်သည်။ ချူးမေမှာ အများနှင့်တစ်ယောက် တိုက်ခိုက်နေခြင်းကြောင့် တဖြည်းဖြည်း အခက်တွေ့ကြုံလာရသည်။

ထိုစဉ် ...

မတော်တဆ အန္တရာယ်ကြုံတွေ့ရပါက အသုံးပြုရန် ဝှက်ယူလာသော ဓားမြှောင်ကလေးကို သတိရလာသည်။

ထို့ကြောင့် ... ချက်ချင်းထုတ်ယူကာ ဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။ သူမအား နောက်ကျောဘက်မှပြေး၍ ဖမ်းချုပ်လာသူတစ်ယောက်မှာ ဓားမြှောင်တွတ်ချက်ကြောင့် ...

“အား ...”

စူးရှစွာ အော်ဟစ်လိုက်ပြီး နောက်ဆုတ်လိုက်၏။

ထိုလူ၏ လက်တစ်ဖက်မှာ သွေးချင်းချင်း နီရဲသွားပေတော့သည်။ ထိုလူများသည် ချူးမေအား လွယ်လွယ်နှင့် ဖမ်းလို့ရမည်မဟုတ်ကြောင်း နားလည်သဘောပေါက်သွားသည်။

ထို့ကြောင့် တစ်ယောက်က

“အချိန်မရှိဘူး မြန်မြန်လုပ်ဟေ့”

ထိုလူ၏ စကားသံကြားလျှင် ဝိုင်းရံထားသူများ ချက်ချင်းနောက်ဆုတ်သွားကြ၏။

ထိုအခါ အလယ်၌ ချူးမေတစ်ယောက်တည်း မားမားမတ်မတ်ရပ်ကာ ကျန်ရစ်ခဲ့သည်။ ထိုလူများ နောက်ဆုတ်သွားခြင်းကြောင့်

ချူးမေ အံ့အားသင့်သွား၏။

ထိုလူများအဘယ်ကြောင့် နောက်ဆုတ်သွားသည်ကို စဉ်းစားနေစဉ်မှာပင် ...

"ဗွီး ... ဗွီး ... ဗွီး"

လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ဟင်"

ချူးမေ ထိတ်လန့်သွားသည်။ သူမသတိထားနေစဉ်မှာပင် အမှောင်ရိပ်များဆီမှ ကြိုးကွင်းမှာ သူမထံတရစပ် ပစ်လွှင့်လာလေတော့သည်။

ထိုစဉ်မှာပင် ...

"မပြေးနဲ့"

နောက်ဆုတ်သွားသူများက ရှေ့တက်ကာ တိုက်ခိုက်လာကြသည်။

ချူးမေ အခက်ကြုံသွား၏။ ကြိုးကွင်းများအား ရှောင်ရှားရမည်လော၊ သို့တည်းမဟုတ် ဝိုင်းရံတိုက်ခိုက်လာသူများအား ခုခံရမည်လော။ သူမတွေးတောနေစဉ်မှာပင် ကြိုးကွင်းတစ်ခုသည် သူမ၏ခန္ဓာကိုယ်အား စွပ်ချမိလိုက်လေသည်။

"အမေ့"

ချူးမေ လွှတ်ခနဲ အော်လိုက်သည်။

ထိုစဉ် ကြိုးကွင်း တင်းခနဲဖြစ်သွားပြီး ခြေလက်များ လှုပ်ရှားမရအောင် တုပ်နှောင်ခြင်းခံလိုက်ရသည်။

ဝိုင်းရံထားသူများလည်း ချက်ခြင်းပြေး၍ တက်လာကြပြီး သူမ၏လက်ထဲမှ ဓားမြှောင်ကို လု ယူလိုက်ကြ၏။ သူမ၏ခြေလက်



များကို ကြိုးများဖြင့် ဝိုင်းဝန်းတုပ်နှောင်လိုက်ကြသည်။

"လွှတ် ... လွှတ်စမ်း"

ချူးမေက ကန်ကျောက်ရုန်းကန်ယင်း အော်ငေါက်လေသည်။ သို့သော် သူမ, မလွတ်နိုင်တော့ချေ။

ခြေလက်များ လှုပ်ရှားမရအောင် ခိုင်ခိုင်တုတ်နှောင်ခြင်းခံရလျှင် အော်ဟစ်အကူအညီတောင်းရန် သတိဝင်လာသည်။

"ကယ်ကြပါဦးရှင် ... ကယ်ကြပါဦး"

ချက်ချင်း အသံကုန် ကြုံးအော်လိုက်သည်။

"တောက် ... သေချင်ပြီထင်တယ်"

ရုပ်ဖျက်ထားသူတစ်ယောက်က အော်ငေါက်ယင်း လက်ဖြန့်ရိုက်ချလိုက်သည်။

"ဖျန်း"

ချူးမေ၏မျက်နှာတစ်ခုလုံး ထူပူသွားပြီး နှုတ်ခမ်းများပေါက်ပြဲကာ သွေးထွက်လာသည်။ ချူးမေဆက်ပြီး မအော်နိုင်တော့ချေ။ ရုပ်ဖျက်ထားသူတစ်ယောက်က သူမအား ကျောပိုးလိုက်လေသည်။

ထို့နောက်

"သွားစို့"

အချက်ပေးပြီး ခပ်သုတ်သုတ် ပြေးထွက်သွားသည်။ ကျန်လူများလည်း နောက်မှပြေးလိုက်သွားကြသည်။

တစ်ခဏအတွင်း ချူးမေအား ဖမ်းဆီးကာ အမှောင်ရိပ်ထဲ ပြေးဝင်ပျောက်ကွယ်သွားကြသည်။

လမ်းပေါ်၌ ပြန်လည်တိတ်ဆိတ်၍ ငြိမ်သက်သွားသည်။ လူရိပ်လူယောင် တစ်စုံတစ်ရာမျှ မတွေ့ရတော့ချေ။

လမ်းအလယ်၌ ခြင်းတောင်းကလေးတစ်လုံး ကျနေ၏။ ခြင်းတောင်းအနီးတဝိုက်၌ ဟင်းခတ်အမွှေးအကြိုင်များ၊ အမျိုးသမီးအလှပြုပြင်ရာ၌ အသုံးပြုသောပစ္စည်းများနှင့် အခြားတိုလီမိုလီ ပစ္စည်းကလေးများ ပြန့်ကျဲနေသည်။

ပစ္စည်းများ ဖရိုဖရဲဖြစ်နေသလို ပိုင်ရှင်မှာလည်း ရန်သူလက်တွင်းသို့ သက်ဆင်းရပြီဖြစ်သည်။

အဘိုးအို ချူးဟန် မျက်မှောင်ကြုတ်လိုက်သည်။ အသက်ပင်မရှူပဲ နားစွင့်လိုက်သည်။ သူကဆိုင်အပြင်ဘက် မလှမ်းမကမ်းမှ အော်သံထွက်ပေါ်လာခဲ့သည်ဟု ဝိုးတဝါးထင်မိသည်။

သို့သော် ... ဟုတ်မဟုတ် သေသေချာချာ မပြောနိုင်သဖြင့် နားစွင့်နေလိုက်၏။

နောက်ထပ်မကြားရတော့လျှင် ဘာမှမတွေးတော့ပဲ စာရင်းစာအုပ်ကိုလှန်ကာ စာရင်းပြန်တွက်နေလိုက်သည်။

နေ့စဉ်နှင့်အမျှ စားသောက်ဆိုင်၌ ဝယ်ယူခြင်း၊ အသုံးပြုရသော ကုန်ပစ္စည်းများ၊ အခြားအသုံးအဆောင် ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအတွက် ထွက်ငွေအဖြစ် စာရင်းသွင်းသလို တစ်နေ့တာ ရောင်းချရသော ငွေကိုလည်း ဝင်ငွေအဖြစ် စာရင်းသွင်းသည်။

ညမိုးချုပ် ဆိုင်ပိတ်သည့်အခါ ဝင်ငွေနှင့်ထွက်ငွေ နှိုင်းယှဉ်ကြည့်လျှင် ယနေ့အတွက် ရရှိသော အမြတ်ငွေကို တွက်ဆနိုင်သည်။

ယနေ့ ... လူအကျများသဖြင့် အတော်ကလေး အရောင်းသွက်ပြီး အမြတ်များများရရှိခဲ့သည်။ စာရင်းတွက်ယင်း အိတ်ထဲသို့ ဝင်လာမည့်ငွေများကို မျက်စိထဲမြင်ယောင်လာသည်။

အဘိုးအို ချူးဟန်၏ မျက်နှာမှာ တဖြည်းဖြည်း ပြုံးရွှင်လာလေသည်။

"မဆိုးဘူး ... သည်ကနေ့ ငွေတစ်ထောင်လောက်တော့ မြတ်မှာပဲ" ဟုလည်း စိတ်ထဲကျိတ်တွေးလိုက်၏။

ထိုစဉ် ... ခြေသံများထွက်ပေါ်လာသည်ကိုကြားရသဖြင့် ခေါင်းမော့ကြည့်လိုက်ရာ ချူစန်းရောက်လာသည်ကို တွေ့ရသည်။

ချူစန်းက ...

"ဖေဖေမိုးချုပ်လှပြီ ... မမ ပြန်မရောက်သေးဘူးလားဟင်" ဟု မေးလိုက်သည်။

မှန်ပေသည်။

စားသောက်ဆိုင်ထဲ၌ လူသူကင်းရှင်းနေပြီဖြစ်သည်။ မကြာမီ ဆိုင်ပိတ်တော့မည်ဖြစ်သည်။

ချူးဟန် ခေါင်းခါယမ်းကာ ...

"မလာသေးဘူး ... ခါတိုင်းသူသွားတာ သည်လောက်မကြာပါဘူး၊ သည်နေ့မှ ဘာကြောင့်နောက်ကျနေတယ် မဆိုနိုင်ဘူး" ဟု ပြောလိုက်၏။

ချူစန်းမှာ အစ်မဖြစ်သူအတွက် စိတ်ပူလာသည်။

"ဖေဖေ ... ကျွန်တော်လိုက်သွားမယ်"

ပြောပြီးထွက်သွားရန် ဟန်ပြင်လိုက်သည်။

ချူးဟန်ကလည်း တားရကောင်းနိုး၊ ခွင့်ပြုရကောင်းနိုး ဝေခွဲမရပဲဖြစ်နေသည်။

ထိုစဉ်မှာပင် စားသောက်ဆိုင်ထဲသို့ ကလေးတစ်ယောက် ပြေးဝင်လာသည်ကို တွေ့လိုက်ရသည်။

ကလေးမှာ ညစ်ပတ်ပေကျံနေပြီး၊ ဖာထေးရာများပြည့်နှက်

နေသည့် အဝတ်အစားများ ဝတ်ဆင်ထားသည်။

ကလေးငယ်က ...

"ဟောသည်မှာ စာတစ်စောင်သူများပို့ခိုင်းလိုက်တာ"

ပြောပြောဆိုဆို စာကိုပစ်ချကာ ဆိုင်ထဲမှ ပြေးထွက်သွားလေတော့သည်။

ချူစန်းနှင့် ချူးယန်တို့ အံ့ဩသွားကြ၏။

"ဘာစာပါလိမ့်"

ချူစန်းကတွေးယင်း စာကိုသွား၍ ကောက်ယူလိုက်သည်။ စာဖောက်ဖတ်လိုက်သောအခါ

"မိန်းကလေး အသက်မသေချင်ယင် မြို့ပြင်သစ်ချိုင်းမှာ ငွေတစ်သောင်းနဲ့လာရွေးပါ၊ သန်ဘက်ခါ နေမွန်းတည့်ချိန် အရောက်လာရမယ်" ဟုရေးသားထားသည်ကို တွေ့ရ၏။

လက်မှတ်ရေးထိုးထားခြင်းမရှိသလို မည်သူမည်ဝါက ဖမ်းဆီးထားကြောင်း ဖော်ပြခြင်းလည်းမရှိချေ။

စာဖတ်ပြီးလျှင် ချူစန်း အကြီးအကျယ် ဒေါပွသွားလေသည်။

"တောက် ... လူယုတ်မာတွေ တွေ့ကြသေးတာပေါ့" ဟု မကျေမနပ် ကြုံးဝါးလိုက်၏။

ချူးယန်က ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

ချူးမေအတွက်စိုးရိမ်သလို ငွေတစ်သောင်းပေးရမည်ကိုလည်းနှမြောမိသည်။

"ဒုက္ခပဲ ... ဘယ်လိုလုပ်ကြမလဲ" ဟု ခေါင်းကုတ်ပြီး တဖျစ်တောက်တောက် ညည်းညူလိုက်လေသည်။



ထိုအခိုက် ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ချူးယန် နှင့် ချူစန်းတို့ လှမ်းကြည့်လိုက်ကြသောအခါ ရှမ်းထင်းလာသည်ကို တွေ့မြင်လိုက်ရသည်။

ရှမ်းထင်းအားတွေ့လျှင် ချူစန်း ဝမ်းသာသွားလေသည်။

"အတော်ပဲ ... အစ်ကိုကြီးလာပါဦးဗျ" ဟု အော်ခေါ်လိုက်သည်။

ရှမ်းထင်း ... သူတို့အားတွေ့လျှင် ပြဿနာတစ်စုံတစ်ခု ဖြစ်နေပြီဟု ရိပ်မိသွားသည်။

ထို့ကြောင့် ခပ်သွက်သွက်ကလေးလှမ်းသွား၏။

အနီးသို့ရောက်သည်နှင့် ချူစန်းက

"အစ်ကိုကြီး ဟောသည်စာကို ဖတ်ကြည့်ပါဦး၊ မမကို လူဆိုးတွေဖမ်းသွားကြပြီ၊ ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ" ဟု ငိုသံပါကြီးဖြင့်ပြောလေသည်။

ရှမ်းထင်းရင်ထိတ်သွားသည်။ စာကိုဆွဲယူ ဖတ်ကြည့်လိုက်၏။ စာကိုဖတ်ပြီးလျှင် သူ၏မျက်နှာတင်းမာသွား၏။

ထိုစဉ် ချူးယန်က ဆုံးဖြတ်ချက် ချပြီးဟန်ဖြင့် ...

"သူပြောတဲ့အတိုင်း ငွေတစ်သောင်းပေးပြီး သွားရွေးလိုက်တာကောင်းမ၊ နို့မဟုတ်ယင် သမီးလေးအသက်ကို ရန်ရှာနေကြဦးမယ်" ဟု ပြောလာ၏။

ရှမ်းထင်း ခံပြင်းလာသည်။ ချက်ချင်းပင် ချူးမေအားလိုက်လံရှာဖွေလိုစိတ်များ ပေါ်ပေါက်လာ၏။

သို့သော် ... ချူးယန်ပြောသလို တဇွတ်ထိုးလုပ်မည်ဆိုပါ

က ချူးမေ၏ အသက်အန္တရာယ်ထိခိုက်သွားနိုင်သည် မဟုတ်ပါလား
ချူးယန်က ဆက်ပြောလိုက်သည်။

"ငွေတစ်သောင်းဆိုတာ အရေးမကြီးပါဘူး၊ သမီးလေးအ
အန္တရာယ်ကင်းကင်း ပြန်လွတ်လာယင်တော်ပါပြီ၊ သားကဆိုင်ကို စိ
အုပ်ချုပ်ထား ဟုတ်ပြီလား၊ ဖေဖေ သူတို့ချိန်းတဲ့နေရာကိုသွားလိုက်
မယ်"

"ဟာ ... မဟုတ်တာ ကျွန်တော်သွားမှာပေါ့"

ချူစန်း ကန့်ကွက်လိုက်သည်။ ချူးယန်က ...

"သား ... သွားလို့ဖြစ်ပါ့မလား" ဟု မေးလိုက်၏။

ချူစန်းခေါင်းညိတ်လိုက်သည်။

"ဖြစ်ပါတယ်"

ချူးယန်က ...

"သားတစ်ယောက်တည်းသွားယင် အန္တရာယ်များလိမ့်မယ်
သည်တော့ ဖေဖေပါ လိုက်မယ်" ဟု ပြောလိုက်၏။

ချူစန်းက လက်ကာပြရင်း ...

"သားအတွက် စိတ်မပူပါနဲ့ဖေဖေ၊ သားက အစ်ကိုကြီးကို
အဖော်ခေါ်သွားပါ့မယ်၊ အစ်ကိုကြီးလိုက်မယ် မဟုတ်လားဟင်"

ချူးယန်ကိုပြောပြီး ရှမ်းထင်းဘက်သို့လှည့်ကာမေးလိုက်
လေသည်။

ရှမ်းထင်းခေါင်းညိတ်ပြလိုက်သည်။

ရှမ်းထင်းသိုင်းပညာတော်ကြောင်း ချူးယန်တို့ သိရှိထားကြ
၏။ ထို့ကြောင့် ရှမ်းထင်းလိုက်မည်ဆိုလျှင် ချူစန်းတို့ စိတ်ချရပြီဟု
ယူဆထားကြသည်။



ချူစန်းက ...

"မနက်ဖြန် သားမြို့ထဲထွက်ပြီး သတင်းစုံစမ်းကြည့်လိုက်ဦး
မယ်၊ စုံစမ်းလို့မရမှ သူတို့ချိန်းတဲ့အတိုင်း သွားတွေ့မယ်" ဟု ပြော
လိုက်သည်။

ချူးယန်သဘောတူလိုက်သည်။

"ကောင်းတယ်၊ မိတ်ဆွေလေးနဲ့ အတူတူသွားမယ်ဆိုရင်
ဖေဖေစိတ်ချပါပြီကွယ်"

ချူးမေပြန်လာမည်မဟုတ်တော့သည့်အတူတူ မထူးတော့
ပြီဖြစ်၍ ဆိုင်ပိတ်ပြီး အိပ်ရာဝင်ကြတော့သည်။

ထိုနေ့ ရှမ်းထင်းတစ်ညလုံးအိပ်မပျော်ခဲ့ချေ။ သူ၏မျက်ဝန်း
အိမ်၌ ချောမောသော ချူးမေ၏မျက်နှာကိုသာ တဝဲလည်လည် မြင်
ယောင်နေမိတော့သည်။

♣ ♣ ♣

## အတိတ်သွေးကြွေး

ပန်းပွင့်တောင်ကုန်း ...

ပန်းပွင့်တောင်ကုန်းသည် မှိုင်းညို့ဓသာတောင်ကြီးနှစ်လုံ နောက်တွင် တည်ရှိပေသည်။

ပန်းပွင့်တောင်ကုန်းတစ်ဝိုက်၌ မြင့်မားသောသစ်ပင်ကြီးများ ပေါက်ရောက်လျှက်ရှိသည်။

နာမည်နှင့်လိုက်အောင်ပင် တောင်ကုန်း တစ်ခုလုံး ရောင် ပန်းများ စဉ်ဆက်မပြတ် ဖူးပွင့်နေကြ၏။

တောင်ကုန်း၏ ယာဘက်တွင် ရေကန်တစ်ခုရှိလေသည် ထိုရေကန်မှ ရေများသည် ကြည်လင်စိမ်းမြနေပြီး ရောင်စုံငါးကလေ များ ကူးခပ်သွားနေသည်ကိုပင် တွေ့မြင်နိုင်ပေသည်။

အလွန်တိတ်ဆိတ်ပြီး သာယာလှပသော နေရာတစ်ခုပ ဖြစ်လေသည်။

ပန်းပွင့်တောင်ကုန်းလေးပေါ်တွင် အိမ်တစ်လုံးရှိနေ၏။ ထို အိမ်ကလေးများ သစ်လုံးများဖြင့် ဆောက်လုပ်ထားသော သစ်လုံ အိမ်ကလေးပင်ဖြစ်သည်။

ပန်းပွင့်များကြား၌ရှိနေသော သစ်လုံးအိမ်ကလေးမှာ အလွ ပင်ကဗျာဆန်လှပေသည်။ တောင်ကုန်းသို့လာရာလမ်းအတိုင်း လူတ ယောက် တစ်ရွေ့ရွေ့ လျှောက်လှမ်းလာနေ၏။



အဘိုးအိုတစ်ယောက်ပင်ဖြစ်သည်။

နေခြည်ဖြာကျလာချိန်၌ တောင်ကုန်းလေးရှိ သစ်လုံးအိမ် ကလေးဆီသို့ရောက်ရှိသွားသည်။

အဘိုးအိုသည်ကား သုံဖွေးတို့နှင့် လမ်းခွဲထွက်လာသော အဘိုးအိုဖြစ်သည်။

ရှောင်လင်ကျောင်းမှ ထွက်ပြေးလွတ်မြောက်လာသော အကျဉ်းခံအဘိုးအိုလည်းဖြစ်ပေသည်။ အဘိုးအိုက သစ်လုံးအိမ်က လေးရှေ့၌ ခြေလှမ်းရပ်လိုက်သည်။

သစ်လုံးအိမ်ကလေး၏ မီးခိုး ခေါင်းတိုင်မှ မီးခိုးများ တလူလူထွက်နေခြင်းကြောင့် အတွင်းဖက်၌ လူရှိကြောင်း သိနိုင် လေသည်။ အဘိုးအိုက ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့် လိုက်ပြီး

"စန့်ကွမ်းရိ ... မင်းကစည့်သည်ရောက်လာတာတောင် ထွက်ပြီးမကြိုဆိုတော့ဘူးလားကွ၊ ဟား ... ဟား ... ဟား" အော်ဟစ်ပြောဆိုရင်း ကျယ်လောင်စွာရယ်မောလိုက်လေသည်။

သူ၏ရယ်မောသံကြောင့် သစ်လုံးအိမ်ကလေးပင် သိမ့်သိမ့် တုန်ခါသွားသည်ဟု ထင်မှတ်ရသည်။

အဘိုးအို၏ ရယ်မောသံနှင့် မရှေးမနှောင်းမှာပင် ...

"ဘယ်သူလဲ ..."

သစ်လုံးအိမ်ထဲမှ စကားသံထွက်ပေါ်လာသည်။ ပိတ်ထား သောတံခါးတစ်ချပ်ပွင့်သွားပြီး လူတစ်ယောက်လှမ်းထွက်လာသည်ကို တွေ့ရ၏။ ထိုလူမှာ အသက်သုံးဆယ်ခန့်ရှိသော လူငယ်တစ်ယောက် ဖြစ်ပေသည်။

တည်ကြည်သောရုပ်သွင်ရှိသလို ခန္ဓာကိုယ် တောင့်တင်းသန်မာသူဖြစ်သည်။ ထိုလူ၏ခါး၌ ဓားတစ်လက် ချိတ်ဆွဲထား၏။

အဘိုးအိုက ...

"ဟား ... ဟား ... ဟား စန့်ကွမ်းရိက သက်တော်စောင့်တွေ၊ ဘာတွေနဲ့ပါလား၊ ရယ်စရာကောင်းလိုက်တာ" ဟု လှောင်ပြောင်ပြောဆိုလိုက်သည်။

သူ၏စကားကြောင့် လူရွယ်မျက်မှောင်ကြုတ်သွား၏။ အဘိုးအိုရှေ့သို့ရောက်လာပြီး ...

"ခင်ဗျားဘယ်သူလဲ၊ ဘာကြောင့်ကျုပ်ရဲ့ဆရာကို တွေ့ချင်ရသလဲပြောပါ" ဟု မေးလိုက်သည်။

အဘိုးအို၏မျက်နှာ တင်းမာသွားသည်။ သူကလူရွယ်အား စေ့စေ့ကြည့်လိုက်ပြီး

"မင်းကကော ဘယ်သူလဲ" ဟု မေးလိုက်သည်။

လူရွယ်က ...

"ကျုပ်က ဝမ်းယုစိမ်း ဆရာစန့်ကွမ်းရိ ရဲ့တပည့်ပဲ" ဟုပြောလိုက်သည်။

အဘိုးအို သဘောကျသွားသည်။

"ဟား ... ဟား ... ဟား မင်းက စန့်ကွမ်းရိရဲ့တပည့်ကိုး၊ ခွေးကိုရိုက်ယင် ခွေးရှင်ဘယ်ခံနိုင်မလဲ၊ သည်တော့ ကျုပ်ကမင်းကို ပညာပေးရမှာပေါ့" ဟုပြောယင်း ရှေ့တိုးသွားသည်။

ရင့်ရင့်သီးသီး ခွေးနှင့်နှိုင်းကာပြောလိုက်ခြင်းကြောင့် ဝမ်းယုစိမ်းဆိုသူ ဒေါပွသွားသည်။

သူကအဘိုးအိုအား စူးရဲစွာစိုက်ကြည့်လိုက်ပြီး ...



"ခင်ဗျား တော်တော်စော်ကားပါလား၊ ကောင်းပြီ ဘယ်သူကစော်ကားနိုင်မလဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် ခါးမှဓားကို ဆွဲထုတ်ကာ ပြေးဝင်တိုက်လိုက်သည်။ သူ၏ဓားကွက်မှာ လျှင်မြန်ပြီး ဓားကွက်တစ်ကွက်ရှိပ်ပေါင်းများစွာ ထွက်ပေါ်လာသည်အထိ သိုင်းကွက်ကြေတိုက်ခိုက်လိုက်ခြင်းဖြစ်၏။

ဝမ်ယုစိမ်း၏ ဓားပညာမခေ၍ စန့်ကွမ်းရိ၏သိပဲကျသွားလေထို့ထက်မက မြင့်မားနေမည်ဖြစ်ကြောင်း မှန်းဆသိရှိနိုင်

အဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

"မင်း မဆိုးဘူး၊ ဒါပေမယ့် ကျုပ်နဲ့တွေ့မှတော့ မတတ်နိုင်တော့ပါဘူး" ဟုပြောယင်း လက်ဆန့်ထုတ်လိုက်တွင်းမှာပင်

ဝမ်ယုစိမ်းက ဓားဖြင့်တိုက်ခိုက်လိုက်သည်ကို သူ့ို တွေ့မြင်ချည်းသက်သက်ဖြင့် ပြန်လည်ခုခံလိုက်ခြင်းဖြစ်သည်။

ဝမ်ယုစိမ်းက ...

"ခင်ဗျားသေချင်ပြီထင်တယ်" ဟုပြောယင်း ဓားကိုပြန်လည်ရုပ်သိမ်းရန် ဟန်ပြင်လိုက်၏။ ထိုစဉ် အဘိုးအိုသည် သူ့အနီးသို့ရိပ်ခနဲရောက်လာပြီး ဓားကို လုယူလိုက်သည်။

"ဟင်"

ရုတ်တရက်မို့ ဝမ်ယုစိမ်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ အခြေအနေမဟန်မှန်းသိလျှင် ချက်ချင်းနောက်ဆုတ်လိုက်သည်။ သို့သော် လက်တစ်ဖက် ထုံကျင်သွားပြီး ဓားကို လွှတ်ပေးလိုက်ရလေသည်။

"ဟား ... ဟား ... ဟား"

အဘိုးအိုသဘောကျစွာရယ်မောလိုက်၏။ လက်ထဲမှဓားကို
သ ဂက်ပြယင်း ...

"ဘယ်လိုလဲ ... မင်းက ဓါးကိုတောင် မြဲမြဲမကိုင်နိုင်ဘဲ ဓား
ကို တိုက်ခိုက်ချင်သေးတယ်ဟုတ်လား၊ ကောင်းကွာ" ဟု ခနဲ့
တွေ၊ ဘာမ ။
ပြောဆိုလိုက ယုစိမ်း ဒေါပွသွား၏။ အံတင်းတင်းကြိတ်ရင်း
သူ့ ျပ်ဓားပြန်ပေးစမ်း" ဟု အော်ငေါက်ရင်း အဘိုးအို့ထံ
အိုရှေ့သို့ရော ျပ်တပြက် လုယူလိုက်သည်။ သူကစတင်တိုက်ခိုက်ရာ
"ခင ့်အား ဓားနှင့်ထိအောင် တိုက်ခိုက်နိုင်သော်လည်း အ
ရသလဲပြော ယ်ထိခိုက်မည်ကို စိုးရိမ်ကာ ဆက်မတိုက်ဘဲ နောက်
ဒ က်ရခြင်းကြောင့် ယခုလို ဓားအလုခံလိုက်ရသည်ဟု ထင်
စေ့စေ့ကြ ။

ထို့ကြောင့်လည်း ...

အကြောက်အရွံ့မရှိ ခုန်ဝင်လုယူလိုက်ခြင်းဖြစ်သည်။

သို့သော် ...

တကယ်တမ်းအဘိုးအိုနှင့် ရင်ဆိုင်ရသည့်အခါမှ သူ၏အ
ထင်နှင့်အမြင် လွဲမှားနေကြောင်းသိလိုက်ရသည်။

အဘိုးအိုက ...

"မင်းဓားပြန်လိုချင်လို့လား၊ ရပါတယ်၊ ရော့ယူစမ်း၊ အော်
ငေါက်ယင်း ဓားဖြင့် ပြန်ပစ်ပေးလိုက်၏။

"ဟာ"

ဝမ်းယုစိမ်းထိတ်လန့်သွားသည်။

ချက်ချင်း နောက်ဆုတ်ရှောင်တိမ်းရန် ကြိုးစားလိုက်၏။



သို့သော် ...

နောက်ကျသွားချေပြီ

"ဒုတ်"

"အား"

စူးရှသောအော်ဟစ်သံထွက်ပေါ်လာသည်။

"ဝုန်း"

ဝမ်းယုစိမ်းမှာမြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

ထို့နောက် ...

တုတ်တုတ်မျှပင် မလှုပ်တော့ပါချေ။

ဝမ်းယုစိမ်းလဲကျသွားသည်။ အချိန်ကလေးအတွင်းမှာပင် သစ်လုံးအိမ်ထဲမှ လူနှစ်ယောက်ပြေးထွက်လာကြသည်ကို တွေ့မြင်လိုက်ရသည်။

သစ်လုံးအိမ်ထဲမှ လူနှစ်ယောက်ပြေးထွက်လာ၏။

ထိုလူနှစ်ယောက် ရုပ်ချင်းအတော်ကလေးတူနေကြခြင်းကြောင့် ညီအစ်ကိုများ ဖြစ်ကြမည်ဟု သိသာနိုင်ပေသည်။ တစ်ယောက်မှာ အနည်းငယ်အရပ်ရှည်သည်မှအပ ထူးထူးခြားခြားကွဲပြားခြားနားသော အချက်ဟူ၍မရှိ ချေ။

အဘိုးအိုပြုံးလိုက်သည်။

စန်းကွမ်းရိ၌ အားထားရသောတပည့်သုံးယောက်ရှိကြောင်း သိရှိထားပြီး မဟုတ်ပါလား။

ပြေးထွက်လာသူ နှစ်ယောက်သည် ဝမ်းယုစိမ်း၏အလောင်းကို တွေ့လျှင်ခြေလှမ်းတုန့်ခနဲ ရပ်သွားကြသည်။

"အစ်ကိုကြီးဝမ်း"

"အစ်ကိုကြီး"

နှစ်ယောက်သား ပြိုင်တူခေါ်လိုက်ကြသည်။

သို့သော် ...

ဝမ်းယုစိမ်းမှာ တုတ်တုတ်မျှပင် မလှုပ်တော့ချေ။

"တောက် ..."

ထိုလူနှစ်ယောက်ဒေါသခြောင်းခြောင်း ထွက်သွားကြလေသည်။ နှစ်ယောက်သားပြိုင်တူရှေ့သို့ လှမ်းထွက်လာကြပြီး

"လူယုတ်မာကြီး အစ်ကိုဝမ်းကို သတ်ပစ်လိုက်တယ်၊ ခင်ဗျားလဲသေရမယ်ဆိုတာမှတ်ထား"

အော်ငေါက်ယင်း ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။ သူတို့၏တိုက်ခိုက်မှုမှာ အလွန်ပင် ကြမ်းတမ်းကာပြင်းထန်လှပေသည်။

အဘိုးအို မဲ့ပြုံးပြုံးကာ ...

"ကျုပ်က မင်းတို့အတွက်လာတာမဟုတ်ဘူး၊ စန့်ကွမ်းရှိဆီကိုလာတာ၊ သူထွက်မလာဘူးဆိုယင်လဲ မင်းတို့ကို အရင်ရှင်းပြီးမှ အထဲကို ဝင်သွားရတာပေါ့၊ ကဲ ... သတိသာထားကြပေတော့ ..."

ပြောယင်း တရကြမ်းပြန်လည်တိုက်ခိုက်လိုက်၏။

အဘိုးအိုသည် မြေပေါ်၌လဲကျနေသော ဝမ်းယုစိမ်း၏ရင်ဝမှဓားကို လျှပ်တစ်ပြက်ဆွဲယူကာ တိုက်ခိုက်လိုက်ခြင်းဖြစ်ပေသည်။ ဓားဖြင့်တိုက်ခိုက်လာမည်ဟု ထိုလူနှစ်ယောက်မထင်မှတ်ကြချေ။

ထို့ကြောင့် ...

အဘိုးအိုတိုက်ခိုက်လာသောအခါ ချက်ချင်းနောက်ဆုတ်ပေးလိုက်ကြ၏။

အဘိုးအိုက ...

"မင်းတို့ထွက်ပြေးလို့ လွတ်မလား"

အော်ငေါက်ယင်း တရကြမ်းလိုက်လံတိုက်ခိုက်လေ၏။ ထိုလူနှစ်ယောက်လည်း အိမ်ပေါက်ဝသို့ တိုင်အောင် ဆုတ်သွားကြသည်။

အိမ်ပေါက်ဝသို့ရောက်လျှင် ...

"အပြင်မှာဘာ ဖြစ်နေတာလဲဟေ့"

အတွင်းဘက်မှ ဩဇာအာဏာပြည့်ဝသောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ရုပ်ချင်းတူသူ လူနှစ်ယောက်အနက် တစ်ယောက်က

"ဆရာ ... အပြင်မှာ ရန်သူရောက်နေပါတယ်" ဟုပြောလိုက်ပြီး

ကျန်တစ်ယောက်က ...

"အစ်ကိုကြီးဝမ်းယုစိမ်း သူ့လက်ချက်နဲ့ သေဆုံးသွားပါပြီ" ဟုပြောလိုက်သည်။

သူတို့နှစ်ယောက်စကားကိုကြားလျှင် ...

"ဘာ"

အတွင်းဘက်မှ စကားသံဟိန်းထွက်လာပြီး အပြင်ဘက်သို့ထွက်လာသော ခြေသံများကိုပါ ကြားလိုက်ရသည်။

"ဟား ... ဟား ... ဟား"

အဘိုးအိုရယ်မောလိုက်သည်။

"မင်းတို့ဆရာကိုယ်တိုင် ထွက်လာမှတော့ မင်းတို့မလိုအပ်တော့ပါဘူး"

ပြောယင်းဓားဝှေ့ယမ်းလိုက်၏။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် ...

"အား ..."

"အွန့် ..."

စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာသည်။ ရုပ်ချင်းတူသူနှစ်ယောက်စလုံး လျှပ်စီးလက်သည့်ပမာ လျင်မြန်စွာ တိုက်ခိုက်လာသော အဘိုးအို၏ ဓားချက်ကို မရှောင်နိုင်ပဲ မြေပေါ် ဘိုင်းခနဲ၊ ဘိုင်းခနဲ လဲကျသွားကြ၏။

"ဟား ... ဟား ... ဟား"

အဘိုးအိုဟားတိုက်ရယ်မောလိုက်၏။

ပြီးလျှင် ...

ဓားကို မြေပေါ်ပစ်လွှင့်လိုက်၏။

"ဒုတ်"

ဓားသည် မြေကြီးထဲစိုက်ဝင်သွားကာ ဓားရိုးမှနေပြီး တဆတ်ဆတ် လှုပ်ယမ်းနေ၏။

ထိုအချိန်၌ ...

သစ်လုံးအိမ်ကလေးအတွင်းမှ လူတစ်ယောက်လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

သစ်လုံးအိမ်ကလေးရှေ့၌ လူသုံးယောက်လဲကျနေသည်။ ထိုလူသုံးယောက်မှာ စန့်ကွမ်းရိ၏ တပည့်များဖြစ်ကြပေသည်။ သူတို့၏ သိုင်းပညာမခေကြသော်လည်း အဘိုးအိုနှင့်တွေ့သောအခါ ရင်မဆိုင်နိုင်ပဲ ရှုံးနိမ့်သွားကြသည်။ သစ်လုံးအိမ်ကလေးအတွင်းမှ



စန့်ကွမ်းရိ ထွက်လာသည်။ စန့်ကွမ်းရိသည် ပိန်ပိန်ပါးပါးရှိပြီး စာပေသမားအသွင်ရှိသူဖြစ်ပေသည်။

အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားသလို လက်ထဲ၌ ဆေးတံတစ်ချောင်း ကိုင်ဆောင်ထားသည်။

"ဘယ်လိုလဲ မင်းကလိပ်လိုခေါင်းလျှိုမနိုင်ပဲ ထွက်လာရပြီမဟုတ်လား"

အဘိုးအိုက ရယ်ကျဲကျဲဖြင့် ပြောလိုက်သည်။

စန့်ကွမ်းရိက လဲကျသေဆုံးနေသော တပည့်များကို ဝေ့ကြည့်လိုက်သည်။

သူ၏မျက်နှာခက်ထန်တင်းမာသွားသည်။

တစ်ဖန် အဘိုးအိုကို စိုက်ကြည့်ယင်း ...

"ခင်ဗျား ပြန်လွတ်လာပြီကိုး၊ ရှောင်လင်ကျောင်းက ထွက်ပြေးလာနိုင်တယ်ဆိုတော့ အတော့်ကို ချီးကျူးစရာကောင်းနေတယ်၊ ဒါပေမယ့် သည်တစ်ခါ ရှောင်လင်ကျောင်းကို ပြန်ပို့ခံရမယ်ဆိုယင် ခင်ဗျားဟိုမှာပဲ အရိုးဆွေးရမှာသေချာတယ်၊ ကျုအာမခံတယ်ဗျ" ဟု ပြောလိုက်သည်။

အဘိုးအို ရယ်မောလိုက်သည်။

"ဟဲ ... ဟဲ ... ဟဲ အခုအချိန်အထိ မင်းကကျုပ်ကိုဖမ်းပြီး ရှောင်လင်ကျောင်းပြန်ပို့ချင်သေးတာကိုး၊ သည်တစ်ခါ ကျုပ်အလှည့်ရောက်ပြီဆိုတာ မင်းမစဉ်းစားမိဘူးထင်တယ်၊ ကျုပ်က မင်းကို ဖမ်းပြီး သေမင်းလက်ထဲပို့ပေးလိုက်မှာပဲကွ"

စန့်ကွမ်းရိက ...

"ကောင်းပြီလေ ... ဘယ်သူက ဘယ်သူ့ကို ဖမ်းနိုင်မလဲ

ဆိုတာကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် သူကစတင် တိုက်ခိုက်လိုက်၏။

ဗျိုင်းတစ်ကောင်ပမာ လက်နှစ်ဘက် ဆန့်တန်းကာ လွှားခနဲ ခုန်အုပ်တိုက်ခိုက်လာခြင်းဖြစ်သည်။

အဘိုးအိုမဲ့ပြုံးပြုံးလိုက်သည်။

"စန့်ကွမ်းရိ ... လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က မင်းဟာ သည်သိုင်းကွက်ပဲ အသုံးပြုခဲ့တယ်၊ အခုလဲ အသုံးပြုတုန်းပဲလား၊ ကျုပ်က နှစ်ခါမှားမယ်ထင်နေလို့လား၊ မင်းတို့သုံးယောက်ရဲ့ သိုင်းပညာတွေကို ဘယ်လိုချေဖျက်ရမယ်ဆိုတာ ကျုပ်ဆယ့်ငါးနှစ်လုံးလုံး တွေးတောကြံဆခဲ့တယ်ဆိုတာသိယင် မင်းထွက်ပြေးချင်စိတ်ပေါ်လာမှာပဲ" ပြောယင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

"ဟင်"

အဘိုးအို၏စကားကြောင့် စန့်ကွမ်းရိ မျက်လုံးပြူးသွား၏။ အဘိုးအိုသည် ခေသူမဟုတ်ပဲ အလွန်ကောက်ကျစ်စဉ်းလဲ ဉာဏ်များသူဖြစ်ကြောင်း နားလည်ထားပေသည်။

အဘိုးအို၏ ပြောစကားဖြစ်နိုင်ကြောင်း ဆင်ခြင်မိသည်။ ဤအတိုင်းဆိုလျှင် သူ့အတွက် မလွယ်ကြောင်းတွေးမိကာ စိုးရိမ်ပူပန်လာ၏။

စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာသည်နှင့် တိုက်ခိုက်မှုအားလည်း လျော့ကျသွားသည်။

ဤတွင် အဘိုးအိုက တစ်ခဏအတွင်း အထက်စီးရရှိသွားတော့သည်။

အဘိုးအိုက လက်နှစ်ဖက်ကို စွန်ကုပ်လက်သည်းပမာ ကွေး



၍တိုက်ခိုက်လိုက်၏။

ပြန်လည်တိုက်ခိုက်လာသော စန့်ကွမ်းရိ၏ လက်ကိုလည်း ဖမ်း၍ ကုပ်ဆွဲနေ၏။

ထိုအခါ စန့်ကွမ်းရိ ထိပ်ဆိုက်ရင်မဆိုင်ရဲတော့ချေ။

အဘိုးအိုရှေ့သို့ တဖြည်းဖြည်းတိုးလာချိန်၌ သူကနောက်သို့ ဆုတ်ပေးနေရသည်။ မတတ်သာသည့်နောက်ဆုံး

"ကျုပ်ရဲ့ ဆေးတံကို ကြည့်ထားပါဦး"

ပြောယင်း ဆေးတံရှည်ဖြင့် ဝှေ့ယမ်းတိုက်ခိုက်လိုက်၏။ ဆေးတံရှည် တဝီဝီမြည်ကာ တိုးဝင်လာလျှင် အဘိုးအို၏တိုက်ခိုက်မှု အရှိန် လျော့ကျသွား၏။

စန့်ကွမ်းရိ ဝမ်းသာသွားသည်။

ဆေးတံရှည်အသုံးပြုယင်း သိုင်းကွက်များ ဖော်ထုတ်ကာ ဖိဖိစီးစီး တိုက်ခိုက်လိုက်သည်။ သူကအဘိုးအိုနောက်ဆုတ်သည်အထိ ဖိပြီးတိုက်ခိုက်လိုက်၏။

ဆေးတံရှည်ဖြင့် ထိမိလျှင် အရိုးများကျိုးသွားမည်ကို ရိပ်မိထားခြင်းကြောင့် အဘိုးအိုကလည်း နောက်ဆုတ်ပေးနေခြင်းဖြစ်ပေသည်။

သို့သော် အဘိုးအို အလစ်ချောင်းနေသည်ကို စန့်ကွမ်းရိ မသိပါချေ။

အဘိုးအိုနောက်သို့ ပြန်လည်ဆုတ်ပြီး ယင်းဆုတ်ပေးလိုက်သည်။

စန့်ကွမ်းရိ စိတ်ဓာတ်တက်ကြွလာသည်။

"ဟား ... ဟား ... ဟား ... ခင်ဗျားဘာတတ်နိုင်သေးလဲ၊

နောက်တစ်ခါ သိုင်းပညာသုံးမရနိုင်အောင် ခင်ဗျားရဲ့ခြေလက်တွေကို ရိုက်ချိုးပြီးမှ ရှောင်လင်ကျောင်းကို ပြန်ပို့မယ်ဗျ"

ပြောယင်းရှေ့တိုးတိုက်ခိုက်ပြန်သည်။

အဘိုးအိုမဲ့ပြုံးပြုံးကာ ...

"စန္ဒကွမ်းရိ မင်းကိုယ်မင်း ဟုတ်လှပြီထင်နေတယ်ပေါ့၊ တကယ်တော့ မင်းဟာကျုပ်ရဲ့ ထောင်ချောက်ထဲရောက်နေတယ်ဆိုတာ နားလည်စမ်းပါ၊ မင်းအသက်သေရတော့မယ်၊ အချိန်မဝေးတော့ဘူး ဆိုတာနားလည်ထားစမ်းပါ" ဟု အော်ပြောယင်း မြေပေါ်ပစ်၍ စိုက်ထားခဲ့သောဓားကို ခြေထောက်ဖြင့် ခတ်တင်လိုက်၏။

တစ်ဖန် လျှပ်တစ်ပြက် ဖမ်းယူကာ တိုက်ခိုက်လိုက်သည်။

"ဟင် ..."

ဓားရောင်ဖွေးခနဲ ဝင်းလက်သွားခြင်းကြောင့် စန္ဒကွမ်းရိ ရင်ထိတ်သွားသည်။

ချက်ချင်းပင် ဆေးတံရှည်နှင့် ခုခံပေးလိုက်သည်။

"ထန်း"

သံသံချင်း ထိခတ်မိသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

အဘိုးအို၏ ဓားသည် စန္ဒကွမ်းရိ၏ ဆေးတံရှည်ပေါ်သို့ခုတ်ချမိလိုက်၏။ အဘိုးအိုက ဓားဖြင့်ဆေးတံရှည်ကို ဖိချလိုက်၏။ စန္ဒကွမ်းရိ ကလည်း အံကြိတ်ကာ ပြန်လည်တွန်းထုတ်လိုက်သည်။

နှစ်ယောက်သား အားချင်းပြိုင်နေခိုက် ...

"သွားစမ်း"

အဘိုးအိုက အော်ငေါက်ယင်း ဓားကိုရှေ့သို့ တွန်းထုတ်



လိုက်သည်။

ထိုအခါ ... ဓားရှည်မှာ ငါးရှဉ့်တစ်ကောင်ပမာ အဘိုးအို၏ လက်ထဲမှ လျှောခနဲ ရှေ့သို့ထွက်သွားသည်။

ဤတွင် ... ဆေးတံရှည်ဖြင့် တွန်းလှန်နေသော စန္ဒကွမ်းရိ ရှောင်မရတော့ပါချေ။

"အား"

စန္ဒကွမ်းရိ၏ စူးရှသော အော်သံကြီး ထွက်ပေါ်လာသည်။ သူ၏ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်ကာ နောက်ဆုတ်သွားလေသည်။

အဘိုးအိုအား မျက်လုံးပြူး၍ကြည့်ကာ

"မင်း ... မင်း"

သူ၏စကားအထစ်အငေါ့ငေါ့ ဖြစ်နေသည်။ လက်ထဲမှဆေးတံလည်း မြေပေါ်လွတ်ကျသွားသည်။

ထို့နောက် ...

"ဝုန်း ..."

မြေပေါ်အရုပ်ကြိုးပြတ် လဲကျသွားလေသည်။

"ဟား ... ဟား ... ဟား"

အဘိုးအိုက သဘောကျစွာ ရယ်မောလိုက်၏။ သူ၏ကျယ်လောင်သော ရယ်မောသံကြီးသည် ပန်းပွင့်တောင်ကုန်းမှ ဟိန်းထွက်လာလေတော့သည်။

♣ ♣ ♣

# ပြန်ဆုံဆည်းမှု

"အောက် ... အီး ... အီး ... အွတ်"

ကြက်တွန်သံများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။

အရှေ့ဘက်ဆီ၌ ရောင်နီများ ပျို့အန်လာ၏။ မကြ မိုးလင်းတော့မည်ဖြစ်သည်။ မိုးမလင်းမီ ရှမ်းထင်းနှင့် ချူစန်းတို့သ ငွေအိတ်ကိုဆွဲကာ စားသောက်ဆိုင်ကလေးမှ **ထွက်လာခဲ့ကြသည်** မြို့ပြင်သချိုင်းမှာ မြို့နှင့်အတော်ကလေး အလှမ်း**ကွာလှ** ပေသည်

မိုးမလင်းမီသွားမှ နေမွန်းတည့်ချိန်မတိုင်မီ **ရောက်သွား** ဖြစ်သည်။

သူတို့သည် ချိန်းထားသည့်အချိန်ထက် နောက်**ကျသွား**မ စိုးရိမ်ကာ စောစောထွက်လာခဲ့ကြခြင်းဖြစ်ပေသည်။

သူတို့နှစ်ယောက်မြို့ထဲမှထွက်လာပြီး မြို့ပြင်သ**ချိုင်း**ဆီ ဦးတည်ကာ လျှောက်သွားကြသည်။ နှစ်ယောက်သား အတွေး**ကို** ဖြင့်လျှောက်သွားကြရာ လယ်ကွင်းများကို ဖြတ်ကျော်၍ **တော** တစ်ခုသို့ရောက်လာကြ၏။

လမ်းတစ်လျှောက်လယ်ကွင်းများ လယ်သမားအိမ်က များကိုသာ တွေ့ခဲ့ရရာမှ စိမ်းလန်းသောတောအုပ်သို့အရောက် ထဲကြည်နူးသွားကြသည်။



သို့သော် သဘာဝအလှအပများ ကြည်နူးခံစားနိုင်စွမ်းမရှိကြ သေပါချေ။

ချူးမေ လွတ်မြောက်ဖို့က အရေးကြီးနေသေးသည် မဟုတ် ပါလား။

ထို့ကြောင့် ဆက်၍လျှောက်လာခဲ့ကြသည်။

နေဝန်းနီမှာ ကောင်းကင်ပေါ် တဖြည်းဖြည်းမြင့်တက်လာ လေသည်။ နေရောင်ခြည်များ ကြည်လင်စွာ ဖြာကျနေပြီဖြစ်သည်၊

တောအုပ်ကလေးကို ဖြတ်သန်းယင်း တောင်ကုန်းတစ်ခု ပေါ်သို့ရောက်လာသည်။ တောင်ကုန်းပေါ်၌ သစ်ပင်ဝါးပင်မယ်မယ် ရရမရှိပဲ ချုံပုတ်များဖြင့် ပြည့်နှက်နေ၏။

တောင်ကုန်းကလေးအား ဖြတ်ကျော်နေခိုက်

"ဝုန်း ..."

"အား ..."

"အမယ်လေး"

"သေပါပြီဗျ"

ရုတ်တရက် ...

လေလာရာဘက်မှ ဆူညံသောသံများ ထွက်ပေါ်လာသည် ကို ကြားလိုက်ရသည်။

ချူးစန်းက ...

"အစ်ကိုကြီးရှေ့မှာ တိုက်ပွဲဖြစ်နေပြီထင်တယ်" ဟုပြောလေ သည်။

ရှမ်းထင်းခေါင်းညိတ်လိုက်သည်။

ချူးစန်း၏ လက်ကိုဆွဲကာ အသံများထွက်ပေါ်လာရာဆီသို့

ပြေးသွားသည်။

အတော်ကလေးကြာအောင် ပြေးသွားပြီး တိုက်ခိုက်နေ
သောအသံများပို၍ ပီပြင်စွာကြားလိုက်ရ၏။

သူတို့နှစ်ယောက် ချုံပုတ်တစ်ခုနောက်ကွယ်မှ ချောင်းကြည့်
လိုက်လျှင် တောင်ကုန်းအောက်ခြေမြေကွက်လပ်တစ်နေရာ၌ တိုက်
တစ်ခုဖြစ်ပွားနေသည်ကို တွေ့မြင်လိုက်ရလေသည်။

တိုက်ခိုက်နေသူများကိုတွေ့လျှင် ပါးစပ်အဟောင်းသာ
ဖြစ်သွားမိသည်။

"ဟင် ... အကျဉ်းခံအဘိုးအိုပါလား၊ သူလွတ်မြောက်လာ
ကိုး၊ သူ့ကိုရှောင်လင်ကျောင်းကလူတွေ တွေ့သွားပြီး ပြန်ဖမ်းဖို့ကြိုး
စားနေကြတာပဲ"

ရှမ်းထင်းစိတ်မသက်သာပဲ ဖြစ်သွားလေသည်။

ရှောင်လင်ကျောင်းတော်သားများနှင့် အဘိုးအိုတို့ရင်ဆိုင်
တိုက်ခိုက်နေသည်ကို ငေးကြည့်နေမိသည်။

အကျဉ်းခံအဘိုးအိုသည် ဝိုင်းရံထားသော ရှောင်လ
ကျောင်းတော်သားများအလယ်မှ ထိုးဖောက်ထွက်ရန် အမျိုးမျိုး
ကြိုးစားနေသည်။

သို့သော် ... စည်းကမ်းရှိပြီး စနစ်တကျ လေ့ကျင့်ထားသော
ရှောင်လင်ကျောင်းတော်သားများ၏ ဝက်ပါတိုက်ကွက်မှလွတ်အော
ရုန်းမထွက်နိုင်ပဲ တဝဲလည်လည် ဖြစ်နေရှာသည်။

မည်သို့ဆိုစေ ... အဘိုးအို၏ သိုင်းပညာထက်မြက်
ခြင်းကြောင့် ရှောင်လင်ကျောင်းတော်သားများ ဖမ်းဆီးရန် ကြိုးစား
သော်လည်း အနီးသို့မကပ်နိုင်ပဲ ဖြစ်နေသည်။



တစ်ဘက်နှင့်တစ်ဘက် အနိုင်အရှုံးမရှိ ယဉ်ပြိုင်နေခြင်းသာ ဖြစ်သည်။

တစ်ချိန်လုံး ထိုသို့ရှိနေမည်ဆိုလျှင် အချိန်ကြာသော် အဘိုးအိုမှာမောပန်းကာ အားအင်ကုန်ခမ်းလာပြီး ရှုံးနိမ့်ခံရမည်ဖြစ်ကြောင်း ရှမ်းထင်း တွက်ဆမိသည်။

ထိုအချက်ကို အဘိုးအိုကိုယ်တိုင်လည်း နားလည်သဘောပေါက်ထားသည့်အလား ထိုးဖောက်ထွက်သွားရန် ပြင်းပြင်း ထန်ထန် ကြိုးစားနေလေသည်။

ရှမ်းထင်းနှင့် ချူစန်းတို့က ငေးကြည့်နေကြ၏။

ချူစန်းက ...

"ဟို ... အဘိုးအိုက တကယ်တော်တာပဲ၊ လူအများကြီးနဲ့ ဝိုင်းတိုက်တာတောင် မကြောက်မရွံ့ တွန်းလှန်ပစ်နေတယ်၊ ကျွန်တော်လဲ သူ့လိုမျိုးသိုင်းပညာတတ်ချင်လိုက်တာ" ဟု ဆိုလေသည်။

ရှမ်းထင်းပြုံးလိုက်သည်။

သူကအဘိုးအိုအား ကူညီရန် အကြံထုတ်နေခြင်းဖြစ်လေသည်။ ချူစန်း၏ စကားကိုကြားလျှင် သူ့အားအသုံးချနိုင်မည် ဟု တွေးမိလေသည်။

သူကိုယ်တိုင်ဆင်းသွားပြီး ကူညီမည်ဆိုလျှင် ရှောင်လင်ကျောင်းတော်သားများက သူ့အားချက်ချင်း မှတ်မိသွားကြမည်ဖြစ်ပေသည်။

အကြောင်းမှာ အဘိုးအိုအား ဖမ်းဆီးရန် ကြိုးစားနေသူများအနက်၊ တာဝန်ခံ ဆရာခုံးမိန်လည်း ပါဝင်နေသည်မဟုတ်ပါလား ။ ရှမ်းထင်းက ချူစန်း၏ပုခုံးကို ပုတ်လိုက်၏။ ချူစန်း လှည့်ကြည့်

လိုက်၏။

ထိုအခါ ရှမ်းထင်းက ခြေဟန်လက်ဟန်ဖြင့် သူ၏အကြံအစည်ကို ပြောပြလိုက်၏။

ချူစန်း မျက်မှောင်ကြုတ်သွားသည်။ အတော်ကလေးကြာမှ နားလည်သဘောပေါက်ဟန်ဖြင့် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ပြီးလျှင် ... ထိုင်ရာမှထကာ အောက်ဘက်မြေကွက်လပ်သို့ ဆင်းသွားသည်။ ရှမ်းထင်းရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေ၏။ သူစေခိုင်းသည့်အတိုင်း ဖြစ်မြောက်အောင် ချူစန်းလုပ်ဆောင်နိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားလေသည်။

သူကြည့်နေစဉ်မှာပင် ချူစန်းမှာ တောင်ကုန်းအောက်သို့ ရောက်သွား၏။ ချူစန်းက တိုက်ပွဲရှိရာသို့ ပြေးသွားခြင်းဖြစ်သည်။ ရှမ်းထင်းမျက်တောင်မခတ် ငေးကြည့်နေ၏။

ထိုစဉ်မှာပင် ... ချူစန်းအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

“ကယ်တော်မူကြပါဗျို့၊ ကယ်တော်မူကြပါ”

ချူစန်းအသံကုန် အော်ဟစ်လိုက်၏။

ကျယ်လောင်သောသူ့အသံကြောင့် တိုက်ခိုက်နေသူများ အံ့အားသင့်သွားကြ၏။

အချို့က နောက်လှည့်ကြည့်လိုက်သည်။ ချူစန်းတိုက်ပွဲ အတွင်း ပြေးဝင်သွားယင်း ...

“ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ” ဟု အဆက်မပြတ် အော်ဟစ်နေသည်။

သူ၏အသံကြောင့် ရှောင်လင်ကျောင်းတော်သားများ လှုပ်



လှုပ်ရှား ဖြစ်သွားကြပြီး ...

“ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ”

တစ်ချို့က လှမ်းမေးလိုက်ကြ၏။

ချူစန်းက ...

“ကျုပ် ... ကျုပ်ကိုလိုက်ပြီးသတ်နေပါတယ်၊ ကျုပ်ပိုက်ဆံလိုက်လုနေပါတယ် ကယ်တော်မူကြပါ”

ပြောယင်း ရှောင်လင်ကျောင်းတော်သားများအားပြေး၍ အင်္ကျီဆွဲလိုက်၊ လက်ကိုင်လိုက်ဖြင့် အကူအညီတောင်းနေလေသည်။

သူကြားဝင်လာခြင်းကြောင့် ရှောင်လင်ကျောင်းတော်သားများမှာ အဘိုးအိုအား ထိထိရောက်ရောက် တိုက်ခိုက်နိုင်ခြင်းမရှိတော့ချေ။

အချို့က တိုက်ခိုက်ရန်ဟန်ပြင်နေရာ ချူစန်းကပြေး၍လက်ကိုဆွဲကာ ...

“ကျုပ်ပိုက်ဆံလူဆိုးတွေ လိုက်လုနေတယ်ကယ်ကြပါဦးဗျာ” ဟု ပြောလိုက်၏။

ထိုအခါ ...

လက်ဆွဲခြင်းခံရသဖြင့် မတိုက်ခိုက်နိုင်တော့ချေ။ ချူစန်းက မြေကွက်လပ်အတွင်းသို့ ဟိုပြေးသည်ပြေးလိုက်အကူအညီတောင်းနေသည်။

ရှောင်လင်ကျောင်းတော်သားများ၏ တိုက်ခိုက်မှုကို ရှုပ်ထွေးသွားစေရန် တမင်အနှောင့်အယှက်ပေးသည်နှင့် တူနေတော့သည်။

ထို့ကြောင့် အဘိုးအိုမှာ အသက်ရှူချောင်သွားသည်။

အဘိုးအိုသည် အကင်းပါးသူပီပီ ချူစန်းက သူ့အားကူညီရန်

ရောက်လာခြင်းဖြစ်ကြောင်း ရိပ်မိသွားသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သောအခါ တောင်ကုန်းကလေးပေါ်မှ လက်ဝှေ့ယမ်းပြနေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

အဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။ ချက်ချင်း မြေပေါ်ဆောင့်ကာ

"ယား"

ညာသံတစ်ချက်ပေးပြီး တိုက်ပွဲနှင့်လွတ်ကင်းရာဆီသို့ခုန်ထွက်လိုက်၏။

တစ်ဆက်တည်းပင် တောင်ကုန်းလေးအပေါ်သို့ ပြေးတက်သွားသည်။

"ပြေးပြီဟေ့"

"လိုက်ကြ"

"မလွတ်စေနဲ့"

"ဝိုင်းထား"

တစ်ယောက်တစ်ပေါက် ပြောဆိုယင်း ရှောင်လင်ကျောင်းတော်သားများနောက်မှ ပြေးလိုက်လာကြလေသည်။

ထိုကြားထဲ ...

"ကယ်တော်မူကြပါ"

ချူစန်း၏အသံစူးစူးကလေးကလည်း အဆက်မပြတ်ထွက်ပေါ်လာနေ၏။ ချူစန်းက အော်ပြောယင်း ရှောင်လင်ကျောင်းတော်သားများနောက်သို့ ပြေးလိုက်သွားကြ၏။

ရှမ်းထင်းက အဘိုးအိုပြေးလာသည်ကိုတွေ့လျှင် လက်ဝှေ့ယမ်းပြကာ ခေါ်ယူပြီး တစ်ယောက်တစ်ဘက်သို့ ထွက်ပြေးသွားလေ



သည်။

ရှောင်လင်ကျောင်းတော်သားများ တောင်ကုန်းပေါ်သို့ရောက်သည်နှင့် ပြေးသွားသော ရှမ်းထင်းအား အဘိုးအိုဟုထင်မှတ်ကာ ညာသံပေးယင်း တရကြမ်းပင်လိုက်လေသည်။

သို့သော် ရှမ်းထင်းက တောအုပ်အတွင်း ပြေးဝင်သွားပြီး သူတို့အား မျက်ခြည်ပြတ်ထားနိုင်ခဲ့လေသည်။

ရှောင်လင်ကျောင်းတော်သားများသည် အဘိုးအိုအား တောနင်းရှာပါသော်လည်း မတွေ့ရသဖြင့် လက်လျှော့ပြန်သွားကြ၏။

ရှောင်လင်ကျောင်းတော်သားများ ပြန်ဆင်းလာကြသည်ကို တွေ့လျှင် အဘိုးအိုလွတ်မြောက်သွားပြီဖြစ်ကြောင်း ခုံးမိန်သိလိုက်သည်။

မြေပေါ်ခြေဆောင့်ကာ ...

"တောက် ... မီကာနီးမှ လွတ်သွားတာ နာတာပဲ" ဟုမကျေမနပ်ကြုံးဝါးလိုက်၏။

အဘိုးအိုလွတ်မြောက်သွားပြီးမှ သူတို့ထံရောက်လာပြီး အကူအညီတောင်းခဲ့သော ချူစန်းအား ရှာဖွေလိုက်သည်။ သို့သော် ချူစန်းမှာလည်း အဘိုးအိုနည်းတူ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပြီဖြစ်သည်။

ထိုအခါမှ ချူစန်းသည် တမင်ရောက်ရှိလာပြီး ဉာဏ်ဆင်ကာ အဘိုးအိုအား ကူညီကယ်ထုတ်သွားကြောင်း နားလည်သဘောပေါက်လိုက်လေသည်။

အဘိုးအိုကား ဒုတိယအကြိမ် လွတ်မြောက်သွားခဲ့ရပြန်ပြီ မဟုတ်ပါလား။

မည်သို့ဆိုစေ အဘိုးအိုသည် ဤနယ်တစ်ဝိုက်တွင် ကျင်လည်ကျက်စားနေကြောင်း ခုံးမိန် တွက်ဆမိသွားသည်။

ထိုအချက်ကို ဆရာတော်ချန်ထိုင်အား အမြန်ဆုံးတင်ပြရပေမည်။ ပြီးလျှင် ပိုက်စိတ်တိုက်ရှာဖွေဖမ်းဆီးရန် ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်လေတော့၏။

"ဟောဟဲ ... ဟောဟဲ"

"ဟောဟဲ ... ဟောဟဲ"

**ချူစန်း**မောဟိုက်နေ၏။ မြေပေါ် ခြေပစ်လက်ပစ် တိုင်ချယင်း ပါးစပ်ဟ**ကာ** အသက်ဝဝရှူရှိုက်နေ၏။

သူနှင့်**မနီးမဝေး**၌ ရှမ်းထင်းရပ်နေသည်။

ရှမ်းထ**င်းက** ရှောင်လင်ကျောင်းတော်သားများအား လူယောင်ပြကာထွက်ပြေးခဲ့**ရသော်**လည်း သိုင်းပညာလေ့ကျင့်ထားသူဖြစ်ရန် ချူစန်းကဲ့သို့ မောပ**န်းခြင်း**မရှိချေ။

သူတို့**နှစ်**ယောက်စလုံး အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ရပ်**ကာ** အရှေ့ဘက်ဆီသို့ မျှော်ကြည့်နေကြသည်။ သူတို့၏ ကူညီမှုကြောင့် အဘိုးအိုမှာ အခက်အခဲများကြားမှ လွတ်မြောက်သွားခဲ့ပြီဖြစ်သည်။

သူတို့ကူညီရကျိုးနပ်သည်ဟုဆိုရပေလိမ့်မည်။

သို့သော် အဘိုးအိုမှာ ယခုတိုင် ပေါ်မလာသေးချေ။

သူတို့မျှော်လင့် စောင့်စားနေစဉ် ...

"မင်းတို့ ကျုပ်ကိုစောင့်နေကြတာလား"

ရုတ်တရက် ...

နောက်ကျောဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ရုတ်တရက် ထွက်ပေါ်လာသော**စကားသံ**ကြောင့် ရှမ်းထင်းနှင့် ချူစန်းတို့နှစ်ယောက်စလုံး ထိတ်လန့်သွားသည်။ နောက်လှည့်ကြည့်လိုက်လျှင် အဘိုးအိုမည်သည့်အချိန်ကရောက်နေမှန်းမသိ။



သူတို့အား ပြုံးပြုံးကြီးကြည့်နေသည်ကို တွေ့လိုက်ရလေသည်။ ရှမ်းထင်းက ချက်ချင်းပင် ဦးညွတ်ဂါရဝပြုလိုက်လေသည်။ ချူစန်းက ကြောင်အမ်းအမ်းဖြင့် ကြည့်နေ၏။

အဘိုးအို ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"မင်း ... မဆိုးဘူး၊ မင်းကိုကျုပ်က သိုင်းပညာသင်ပေးရကျိုးနပ်ပါပေတယ်ကွာ၊ မင်းကြောင့် ရှောင်လင်ကျောင်းက ကျုပ်လွတ်မြောက်ခဲ့ရတယ်၊ အခုလဲ မင်းကြောင့်ပဲ အခက်အခဲတစ်ခုကလွတ်ပြန်ပြီ" ဟု ချီးကျူးစကားပြောဆိုလိုက်သည်။

ရှမ်းထင်းက ဘာမှမပြောပဲ ပြုံး၍နားထောင်နေ၏။ အကျဉ်းခံအဘိုးအိုအပေါ် သူကသံယောဇဉ်တွယ်တာနေမိသည် မဟုတ်ပါလား။

အဘိုးအို ...

"ရှမ်းထင်း" ဟု ခေါ်လိုက်သည်။

ရှမ်းထင်း ခေါင်းမော့ကြည့်လိုက်သည်။ အဘိုးအိုက တည်ကြည်သော မျက်နှာထားဖြင့် ...

"သူကဘယ်သူလဲ"

**ချူစန်း**အား ညွှန်ပြယင်းမေးလိုက်သည်။ ချူစန်းအကြောင်းကို ရှမ်းထင်းက ခြေဟန်လက်ဟန်ဖြင့် ပြောကြားလိုက်သည်။

ထိုစဉ် ... သွက်သွက်လက်လက်ရှိသော ချူစန်းက ...

"ကျွန်တော်ဟာ စားသောက်ဆိုင်ပိုင်ရှင် တစ်ယောက်ရဲ့သားပါ၊ အစ်ကိုကြီးရှမ်းထင်းရဲ့တပည့်ဆိုလဲ မမှားပါဘူးဗျာ" ဟု ဝင်ပြောလိုက်၏။

ရှမ်းထင်း ခြေဟန်လက်ဟန်ဖြင့်ရှင်းပြမှုအပြင် ချူစန်း ဝင်ပြောသောစကားများကြောင့် အဘိုးအိုအနည်းငယ် နားလည်သဘောပေါက်သွား၏။

ရှမ်းထင်းနှင့် ချူစန်းတို့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးဖြစ်နေကြသည်ကိုတွေ့လျှင် ချူစန်းကိုမေးမြန်းခြင်းကပို၍ အချိန်ကုန်သက်သာသည်ဟု တွေးမိကာ ...

"ကဲ ... ပြောစမ်းပါဦး၊ မင်းတို့ဘယ်သွားကြမလို့လဲ"

ချူစန်းက ...

"မြို့ပြင်သချိုင်းကို သွားမလို့ပါ" ဟု ပြောလိုက်၏။

အဘိုးအို အံ့အားသင့်သွား၏။

"ဟော့ ... မြို့ပြင်သချိုင်းကို ဟုတ်လား"

ချူစန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

အဘိုးအိုက ...

"ဘာသွားလုပ်ကြမှာလဲ" ဟု မေးလိုက်၏။

ချူစန်းက ...

"ကျွန်တော် အစ်မကို သွားရှေးမလို့ပါ"

အဘိုးအို မျက်မှောင်ကြုတ်သွား၏။ သူက ချူစန်းအား စေ့စေ့ကြည့်လိုက်၏။

"ရှင်းရှင်းပြောစမ်းပါကွ"



ချူစန်းက ...

"လူဆိုးတွေက မမကိုဖမ်းပြီး မြို့ပြင်သချိုင်းမှာ ငွေတစ်သောင်းနဲ့လာရွေးရမယ်လို့ပြောပါတယ်"

ထိုစကားကြားလျှင် အဘိုးအိုမျက်မှောင်ကြုတ်သွားပြန်လေသည်။

သူကရှမ်းထင်းအား တစ်ချက်ကြည့်လိုက်၏။ ရှမ်းထင်းက ထိုကိစ္စအပေါ် အလေးအနက်ထားကြောင်း ဆင်ခြင်မိလျှင် ...

"နေစမ်းပါဦး ... မင်းအစ်မကို ဖမ်းသွားတဲ့လူဆိုးတွေက ဘယ်သူတွေလဲ" ဟု မေးလိုက်သည်။

ချူစန်းက ...

"သည်မြို့ထဲကပဲလို့ထင်ပါတယ် ခင်ဗျား၊ ဘာကြောင့်လဲဆိုယင် တစ်ခြားမြို့ကလာယင် ကျွန်တော့်အစ်မတစ်ယောက်ထဲကိုပဲရွေးပြီး ရန်ရှာမှာမဟုတ်ဘူး၊ ကျွန်တော့်စိတ်ထင် သိုင်းဆရာဟူကျန့်ရဲ့တပည့်တွေပဲဖြစ်ပါလိမ့်မယ်"

ထိုစကားကြားလျှင် အဘိုးအိုက သဘောကျစွာပြုံးလိုက်လေသည်။ သူက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"လက်စသတ်တော့ သည်လိုကိုး၊ ကောင်းပြီလေ၊ မင်းတို့က ကျုပ်ကိုကူညီတော့ ကျုပ်ကလဲ မင်းတို့ကိုပြန်ပြီး ကူညီရမှာပေါ့၊ ကဲ လာ သွားကြစို့"

ပြောယင်းထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

ချူစန်းက ...

"ကျွန်တော်တို့ဘယ်ကိုလိုက်ခဲ့ရမှာလဲဗျ" ဟုမေးလိုက်သည်။

အဘိုးအိုက ရယ်မောလိုက်ယင်း

"မင်းအစ်မကို သွားကယ်မယ်လေ" ဟု ပြောလိုက်၏။

"ဗျာ"

ချူစန်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။

အဘိုးအိုက ...

"ကျုပ်ကမင်းတို့ကို ကူညီမယ်လို့ ပြောထားပြီးပြီ မဟုတ်လား"

ချူစန်းလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ကျွန်တော့်အစ်မကိုသွားပြီး ကယ်တင်တဲ့အခါ အဘလဲ အဖော်လိုက်မယ် ဟုတ်လား" ဟုမေးလိုက်၏။

အဘိုးအို ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ကွ"

"ဟာ ... ဝမ်းသာလိုက်တာ"

ချူစန်း ထခုန်လိုက်သည်။

အဘိုးအို၏ သိုင်းပညာကို တွေ့မြင်ထားပြီးဖြစ်ရာ လွန်စွာလေးစားကြည်ညိုနေမိသည်။ ရှမ်းထင်းက ဘာမှမပြောပဲ ပြုံး၍ကြည့်နေသည်။

ထို့နောက် ... သူတို့သုံးယောက်သည် မြို့ပြင်သချိုင်းဆီသို့ ဦးတည်လျှောက်သွားကြတော့သည်။

♣ ♣ ♣

# ဓာတိသဏ္ဍာန်

ရှမ်းထင်းတို့သုံးယောက် ခပ်သွက်သွက်လျှောက်လာကြ၏။ တောအုပ်ကိုကျော်ဖြတ်ပြီးလျှင် လယ်ကွင်းများကို တွေ့ရ၏။

လယ်ကွင်းများကို ကျော်ဖြတ်ယင်း လယ်သမားအိမ်ကလေးများကိုတွေ့ရသည်။

နေရောင်ခြည်အောက်၌ လမ်းသွားယင်း သုံးယောက်စလုံး ချွေးများစို့ရွှဲလာသည်။

ရှေ့ဆုံးမှလျှောက်သွားနေသော အဘိုးအိုက ခပ်လှမ်းလှမ်းရှိ လယ်စောင့်တဲတစ်လုံးအား ညွှန်ပြယင်း ...

"ဟော့ ... ဟိုရှေ့ကတဲကလေးမှာ ငါတို့ခဏနားကြမယ်" ဟု ပြောလိုက်သည်။

ထို့နောက် သူက ခပ်သုတ်သုတ်လျှောက်သွား၏။

ရှမ်းထင်းတို့က ဘာမှမပြောပါ။ သူတို့လည်း ခဏတဖြုတ်ားချင်နေကြသည်မဟုတ်ပါလား။ သူတို့နှစ်ယောက်က အဘိုးအိုနောက်မှလိုက်သွားကြလေသည်။ လယ်စောင့်တဲကလေးသို့ ရောက်ားသောအခါ တဲပိုင်ရှင်က ခရီးဦးကြိုပြုလိုက်၏။

"ကြွပါဗျာ ... ကြွပါ ... မိတ်ဆွေတို့ ခရီးပန်းလာကြတယ် ထင်တယ်"

ပြောယင်းတဲအတွင်းသို့ ဖိတ်ခေါ်ကာ အရက်နှင့်စားသောက်ဖွယ်ရာအချို့ချပေးလိုက်သည်။

အဘိုးအို သဘောကျသွားသည်။

"အတော်ပဲ ... ကျုပ်လဲ မောပန်းနေတာနဲ့ အရက်သောက်ချင်နေတာ"

ပြောယင်းအရက်အိုးကို မ,ယူကာ အားမနာတမ်းသောက်ချလိုက်သည်။

ရှမ်းထင်းနှင့် ချူစန်းတို့ကား အရက်မသောက်ကြချေ။ အစားအစာလည်း မစားပဲ သောက်ရေသာ တောင်းသောက်လိုက်၏။သူတို့သည် ယခုတိုင် ချူမေအတွက် စိုးရိမ်ပူပန်နေကြသည် မဟုတ်ပါလား။ အဘိုးအိုကား အရက်တွေ့သည်နှင့် ပတ်ဝန်းကျင်ကို မေ့လျော့ကာ အားရပါးရသောက်နေသည်။

အိမ်ရှင်လယ်သမားကြီးကလည်း သဘောကောင်းသူပီပီ အရက်အိုးများ တစ်အိုးပြီးတစ်အိုး ထုတ်ပေးလိုက်သည်။

အဘိုးအိုကား တစ်ခဏအတွင်းပင် အရက်သုံးအိုးကုန်အောင်သောက်ပြီးသွားပြီဖြစ်သည်။ ထိုအချိန်၌ အမျိုးသမီးကြီးတစ်ယောက်သည် ကလေးငယ်တစ်ယောက်အား လက်ဆွဲကာ တဲအတွင်းလှမ်းဝင်လာ၏။ ဧည့်သည်များရောက်နေသည်ကိုတွေ့လျှင် ပြန်ထွက်သွားပြီး တဲရှင်အား အပြင်ဘက်မှ လက်ယပ်ခေါ်လိုက်၏။

တဲရှင်က ...

"ဟော ... ကျုပ်ဇနီးနဲ့ ကျုပ်သားတောင် လိုက်လာကြပြီ ခဏနော်"



ခွင့်တောင်းပြီး တဲအပြင်ထွက်သွား၏။

အဘိုးအိုက သဘောကျစွာပြုံးကာ ...

"တော်တော် သဘောကောင်းတဲ့လူပဲ၊ သူ့အရက်က တော်တော်သောက်လို့ကောင်းတယ်ကွ" ဟု ချီးကျူးစကားပြောလိုက်သည်။

တစ်ဖန် အရက်အိုးကို ကောက်ယူကာ မော့ချလိုက်သည်။ အဘိုးအို အရက်ကြိုက်မှန်းသိ၍ ရှမ်းထင်းဘာမှမပြောဘဲ ငြိမ်နေသည်။

ထိုစဉ် ... အဘိုးအိုက အရက်သောက်ယင်း ပြတင်းပေါက်သို့အမှတ်မထင် ကြည့်လိုက်မိ၏။

ထိုအခါ အပြင်ဘက်၌ ရှောင်လင်ကျောင်းသားတစ်ယောက်ဖြတ်သွားသည်ကို တွေ့မြင်လိုက်ရ၏။

"ဝုန်း"

အဘိုးအိုက အရက်အိုးကို ဆောင့်ချလိုက်၏။ သူ၏မျက်နှာတစ်ခုလုံး ကြောက်မက်ဖွယ်ရာကောင်းအောင် တင်းမာခက်ထန်သွားသည်။

ထိုင်ရာမှ ခုန်ထလိုက်ပြီး ...

"လက်စသတ်တော့ မင်းတို့ကကျုပ်ကို အရက်တိုက်ပြီး ထောင်ချောက်ဆင်တာကို သိကြသေးတာပေါ့ကွာ"

ကြိမ်းမောင်းယင်း ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားသည်။

သူခုန်ထွက်လာသည်ကိုတွေ့လျှင် ရှောင်လင်ကျောင်းသားကြောင်အမ်းအမ်းဖြင့် ကြည့်နေ၏။ အဘိုးအို၏လက်ဝါးစောင်းလည်

ဂုတ်ပေါ်သို့ ကျရောက်လာမှ အခြေအနေကို နားလည်သဘောပေါက်သွား၏။

သို့သော် ... သူ့အတွက် အချိန်နှောင်းသွားပြီဖြစ်သည်။

"ဖျောက်"

"အား"

အရိုးကျိုးသံသဲ့သဲ့နှင့်အတူ စူးရှသောအော်ဟစ်သံထွက်ပေါ်လာသည်။

တဆက်တည်းပင် ...

"ဝုန်း"

မြေပေါ်အရုပ်ကြိုးပြတ်လဲကျသွား၏။

"ဟင်"

"ဟာ"

ထိုမြင်ကွင်းကိုကြည့်ကာ လယ်သမားမိသားစု မျက်လုံးပြူးကျယ်သွားသည်။

အဘိုးအိုက ...

"မင်းတို့လည်း သေသင့်တာပဲ"

ကြိမ်းမောင်းယင်း ရှေ့တိုးကာ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။ လယ်သမားမိသားစုမှာ သိုင်းပညာတတ်မြောက်ကြသူများ မဟုတ်ပါ။

ထို့ကြောင့် ...

အဘိုးအို၏တိုက်ခိုက်မှုကို မရှောင်တိမ်းနိုင်ပါချေ။

"ဝုန်း"

"အား"



"အမယ်လေး"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်။ အဘိုးအို၏ လက်ချက်ကြောင့် လယ်သမားမိသားစုမှာ မြေပေါ်အတုန်းအရုန်းလဲကျသွားကြသည်။

"ဟင်"

"ဟာ"

မမျှော်လင့်သော အဖြစ်အပျက်ကိုကြည့်ကာ ရှမ်းထင်းနှင့် ချူစန်းတို့ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ မျက်လုံးအစုံလည်း ပြူးကျယ်သွားကြ၏။

အဖြစ်အပျက်မှာ မယုံကြည်နိုင်စရာကောင်းလောက်အောင် လျှင်မြန်လှသည် မဟုတ်ပါလား။ တဲရှင် မိသားစုအား အဘိုးအိုက တိုက်ခိုက်လိမ့်မည်ဟု ရှမ်းထင်း ထင်မှတ်မထားပါချေ။

ယခုတော့ ... ရှမ်းထင်း၏ရင်ထဲ ဖော်မပြနိုင်သောခံစားချက်များဖြစ်ပေါ်လာ၏။

တစ်ဆက်တည်းပင် ဝမ်းနည်းကြေကွဲလာလေတော့သည်။

ထိုစဉ် အဘိုးအိုက ...

"ဟား ... ဟား ... ဟား"

"ဆူးညောင့်ခလုတ်မှန်ယင် အမြစ်ပါမကျန် သုတ်သင်ရှင်းလင်းပစ်တာအကောင်းဆုံးပဲကွ၊ မင်းတို့သေသေချာချာ မှတ်ထားကြ" ဟု ရယ်မောယင်းပြောလိုက်သည်။

ချူစန်းမှာ ဒေါသထွက်လွန်း၍ အသားများတဆတ်ဆတ်တုန်ယင်နေသည်။

အဘိုးအို၏စကားကိုကြားလျှင် ...

ချူစန်း အံကြိတ်ကာ ...

"ဘာ ... မှတ်ထားရမယ်ဟုတ်လား၊ ခင်ဗျားဟာ တကယ် ရက်စက်ကြမ်းကြုတ်တဲ့ လူယုတ်မာတစ်ယောက်ပဲ ခင်ဗျားကို ကူညီမိတာမှားပြီ" ဟု ရန်တွေ့ပြောဆိုလိုက်သည်။

အဘိုးအို၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။ သူ၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွားသည်။ ချူစန်းအား စူးရဲစွာစိုက်ကြည့်ကာ ...

"မင်းက ကျုပ်ကို လူယုတ်မာလို့ပြောရဲတယ် ဟုတ်လား" ဟု ဒေါသတကြီးမေးလိုက်၏။

ချူစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ခင်ဗျားက လူယုတ်မာမို့လို့ လူယုတ်မာလို့ ပြောတာ ဘာဖြစ်သလဲ၊ သူများကျွေးမွေးတာလဲ စားသောက်တယ်၊ သူများအရိပ်လဲခိုတယ်၊ ပြီးတော့သူများကို ... "

စကားဆုံးအောင် မပြောလိုက်ရပါ။

"တိတ်စမ်း"

အဘိုးအိုက ဒေါသတကြီးအော်ငေါက်လိုက်၏။

တစ်ဆက်တည်းပင် ...

လက်တစ်ဖက်ဆန့်ထုတ်ကာ ချူစန်း၏လည်ပင်းကို ကုပ်ဆွဲလိုက်လေသည်။

အကယ်၍ ...

ကုပ်ဆွဲခြင်းခံရလျှင် ချူစန်းမှာ နေရာ၌ပင် သေဆုံးသွားမည်ဖြစ်ပေသည်။

သို့သော် ... ချူစန်း ကံကောင်းထောက်မပြီး အသက်ဘေ



မှ လွတ်မြောက်သွားသည်။ သူ၏အသက်ကို ကယ်တင်လိုက်သူမှာ ရှမ်းထင်းပင်ဖြစ်ပေသည်။ ရှမ်းထင်းက သူတို့နှစ်ယောက်အကြားသို့ လှမ်းဝင်ပြီး အဘိုးအို၏လက်ကို သူ၏လက်ဖျံရိုးဖြင့် ပုတ်ထုတ်လိုက်သည်။

အဘိုးအိုဒေါသခြောင်းခြောင်းထွက်သွား၏။ သူကရှမ်းထင်းအား စူးရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

ရှမ်းထင်း ခေါင်းငုံ့ထားလိုက်သည်။

အဘိုးအို နှာခေါင်းရှုံ့ကာ

"ကောင်းပြီ ... မင်းတို့နှစ်ယောက် ကျုပ်မျက်စိရှေ့မှောက်က မြန်မြန်ထွက်သွားကြပေတော့၊ ကြာယင် မင်းတို့နှစ်ယောက်စလုံးကို ကျုပ်သတ်ပစ်မိလိမ့်မယ်၊ သွား ... သွား ... မင်းတို့လိုက်ရှာနေတဲ့မိန်းကလေးအတွက် ဘာမှမပူနဲ့၊ ကျုပ်တာဝန်ယူတယ်လို့ပြောပြီးပြီ၊ ကျုပ်ကတိစကားအပျက်မခံဘူး၊ ဘေးမသီ ရန်မခ မင်းတို့ဆီကို ပြန်ရောက်လာလိမ့်မယ်၊ သွား ... သွား မြန်မြန်သွားကြ" ဟု မောင်းထုတ်လိုက်သည်။

ရှမ်းထင်းလေးပင်သော သက်ပြင်းတစ်ချက် ချလိုက်၏။ အဘိုးအိုကား သူ့အပေါ် စိတ်ဆိုးသွားချေပြီ။ သူမည်သို့မျှ မတတ်နိုင်ပါချေ။ သူက လှမ်းထွက်သွားလေသည်။

ချူစန်းက ဒေါနှင့် မောနှင့် ရန်တွေ့ရန်ပြင်လိုက်၏။ သို့သော် ရှမ်းထင်းက ဆွဲခေါ်သွား၏။ ချူစန်းလည်း မကျေမနပ်ဖြင့် လိုက်ပါသွားလေတော့သည်။

♣ ♣ ♣

# သွေးအရိပ်

ရွက်ဝါမြို့ ...

ရွက်ဝါမြို့ကလေးသို့ ရှမ်းထင်းတို့ပြန်လည်ရောက်ရှိလာကြပြီဖြစ်သည်။ စားသောက်ဆိုင်ထဲသို့လှမ်းဝင်မိသည်နှင့် ဆိုင်ရှင် ချူးဟန်က ပြေးထွက်လာပြီး အငမ်းမရမေးလိုက်၏။

"ချူးမေကော ဘယ်မှာလဲ သူမပါလာဘူးလား"

ချူစန်းနှင့် ရှမ်းထင်းတို့ ခေါင်းငိုက်စိုက်ကျသွားလေသည်။ သူတို့သည် အဘိုးအိုနှင့် လမ်းခွဲပြီး ပြန်မလာပဲ မြို့ပြင်သချိုင်းသို့ဆက်၍သွားခဲ့ကြသည်။

မြို့ပြင်သချိုင်း၌ ချူးမေအား လိုက်လံရှာဖွေသော်လည်း မတွေ့ရသည့်နောက်ဆုံး လက်လျှော့ကာပြန်လာခဲ့ကြခြင်းဖြစ်ပေသည်။

ချူစန်းက အကျိုးအကြောင်းရှင်းပြလိုက်သည်။ ချူးယန်မှာ ဝမ်းနည်းကြေကွဲကာ မျက်ရည်များပင် စီးကျလာသည်။

"ကျုပ် ... ကျုပ်သမီးလေး ရေတိမ်နစ်ပြီထင်ပါရဲ့"

ချူစန်းလည်း ငိုင်နေသည်။



ရှမ်းထင်းက စားပွဲတစ်လုံး၌ သွားရောက်ထိုင်ချလိုက်လေသည်။ ချူးမေအား ကာယ်တင်ခြင်းမပြုနိုင်သဖြင့် အထူးဝမ်းနည်းကြေကွဲမိသည်။

ထိုအချိန်တွင် ...

စားသောက်ဆိုင်ထဲ၌ လူအများစည်စည်ကားကားရှိနေကြပေသည်။ ဝင်ပေါက်ထွက်ပေါက်ကို မျက်နှာပြုလျက် ထိုင်နေသောလူတစ်ယောက်က သူတို့အား အကဲခတ်ကြည့်နေသည်ကိုကား သူတို့မသိကြချေ။

သူတို့ငေးငိုင်နေကြစဉ်

"ဖေဖေ ... ဖေဖေ"

အပြင်ဘက်မှ ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ရှမ်းထင်း၊ ချူစမ်းနှင့်၊ ချူးယန်တို့ ခေါင်းထောင်လာကြသည်။ အပေါက်ဝသို့ လှမ်းကြည့်လိုက်လျှင် ချူးမေပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟင် ... သမီး"

"မမ"

ချူစန်းနှင့် ချူးယန်တို့ ဝမ်းသာအားရ ခေါ်လိုက်ကြလေတော့သည်။ ရှမ်းထင်းလည်း အံ့ဩဝမ်းသာသွားသည်။

ချူးယန်က ...

"မသေကောင်း၊ မပျောက်ကောင်း သမီးရယ်"

ချူစန်းက ...

"မမ... ဘယ်လိုလုပ် လွတ်လာတာလဲဗျ" ဟု မေးလိုက်၏။

ချူးမေက ဖခင်ဖြစ်သူအား တစ်ချက်လှမ်းကြည့်ပြီး

"လူဆိုးတွေသမီးကို ဖမ်းသွားကြတော့ သမီးကြောက်လိုက်တာ ဖေဖေရယ်၊ သူတို့သမီးကို ဘာမှမလုပ်ကြပါဘူး၊ **အဘိုးအိုတစ်**ယောက် လာပြောတာနဲ့ ချက်ချင်းပြန်လွှတ်လိုက်ကြတယ်၊ **သမီးကို**လဲ တောင်းပန်လိုက်ကြပါတယ်၊ နောက်မနှောင့်ယှက်ပါဘူးလို့လဲ ကတိပေးလိုက်ကြတယ်၊ အဘိုးအိုက သမီးရှေ့မှာတင် သမီးကိုဖမ်းခဲ့တဲ့လူတွေကို ရိုက်နှက်ဆုံးမသွားခဲ့သေးတယ်" ဟု ပြောလာ၏။

ထိုစကားကြားလျှင် ရှမ်းထင်းမှာ အကျဉ်းခံအဘိုးအိုအား ပြန်လည်မြင်ယောင်လာမိသည်။

အကျဉ်းခံအဘိုးအိုသည် သူ၏စကားကို အကောင်အထည်ဖော်ခဲ့ပြီဖြစ်သည်။ ရှမ်းထင်း၏စိတ်ထဲ၌ ဖော်မပြနိုင်သော **ခံစားချက်**များ ခံစားလိုက်ရ၏။

ထိုစဉ်မှာပင် ...

"ဟော့ ... ဘယ်သူမှမရှိကြဘူးလား၊ စားသောက်စရာမရောင်းတော့ဘူးလား"

စားပွဲကို တဒုန်းဒုန်းထုကာ အော်ပြောလိုက်သောစကားသံကြားလိုက်ရသည်။

ထိုအခါမှ ... ချူစန်း သတိဝင်လာပြီး

"လာပါပြီခင်ဗျား၊ လာပါပြီ" ပြောယင်း ပြေးသွားလေသည်၊

အော်ခေါ်လိုက်သူကား သူတို့အား အကဲခတ်ကြည့်နေသူပင်ဖြစ်သည်။

ထိုလူသည် မီးခိုးရောင်**အဝတ်အစား**များ ဝတ်ဆင်ထားပြီး နှုတ်ခမ်းမွေးစစရှိသူဖြစ်ပေသည်။ စွန်ရဲကဲ့သို့ စူးရှတောက်ပသော မျက်



လုံးများရှိသူလည်းဖြစ်သည်။

ချူစန်းရောက်သွားလျှင် ...

"မင်းတို့ ဘာလုပ်နေကြတာလဲ၊ ဟိုကောင်ကကော ဘယ်ကလဲ၊ **သည်ကောင်လေးကိုကြည့်ရတာ** ကျုပ်သိပ်ပြီး မသက်ာဘူး" ဟု ပြောလိုက်သည်။

ထိုစကားကြားလျှင်

ချူစန်း ဒေါပွသွား**သည်**။

"ခင်ဗျားကကော ဘယ်သူလဲ၊ **ဘာကြောင့်** မေးခွန်းထုတ်နေရတာလဲဗျ"

"သူဟာ ကျုပ်အစ်ကိုပဲ၊ ကျုပ်ကို **သိုင်း**ပညာသင်ပေးတဲ့ဆရာလည်းဖြစ်တယ်"

"ဘာလဲ ... ခင်ဗျားက ပညာ**စမ်းချင်**လို့လား၊ တော်ကြာဒုက္ခရောက်မှ ဟုတ်ပေ့**ဖြစ်နေ**လိမ့်မယ်နော်" ဟု **မခံချင်**အောင်ပြောလိုက်သည်။

**သူ၏**စကားကြားလျှင် ထိုလူထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်လေသည်။ ပြီးလျှင် ...

ရှမ်းထင်းထံသို့ လျှောက်သွားသည်။ ရှမ်းထင်းကား ချူးမေအား ငေးကြည့်နေ၏။

ရုတ်တရက် ... လူတစ်ယောက်က သူ့ရှေ့သို့ရောက်ရှိလာခြင်းကြောင့် ရင်ထိတ်သွားသည်။

"ဟာ"

သူ့ရှေ့သို့ရောက်လာသူကိုတွေ့ရလျှင် မျက်လုံးအစုံပြူးကျယ်သွားလေသည်။

ချက်ချင်းပင် အော်ဟစ်ညည်းညူသံများ နားထဲကြားယောင်လာသည်။ ဖျင်ကြမ်းအကျႌဝတ်ဆင်ထားသူသည် သွေးအလူးလူးဖြင့် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက သဘောကျစွာ ရယ်မောလိုက်၏။ သူ၏မျက်နှာ အဝတ်စည်းကာ ရုပ်ဖျက်ထားသော်လည်း မျက်လုံးများကို တွေ့မြင်လိုက်ရ၏။ ထိုမျက်လုံးများကို ကောင်းစွာမှတ်မိသည်။

ယခု ... သူ့ရှေ့၌နေသူ၏ မျက်လုံးများမှာ မီးခိုးရောင်ဝတ်ဆင်ထားကာ သူ၏မျက်လုံးများနှင့် ခပ်ဆင်ဆင်တူနေသည်မဟုတ်ပါလား။

ရှမ်းထင်း၏ ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်လာလေတော့သည်။ ထိုလူက ရှမ်းထင်းအား တစ်ချက်အကဲခတ်ကြည့်လိုက်လေသည်။

ထို့နောက် တင်းမာပြတ်သားသောလေသံဖြင့်

"မင်းက ကျင်းခုံးလွေနဲ့ ဘယ်လိုပတ်သက်နေသလဲ မင်းခုန်ထလိုက်တုန်းက မင်းရဲ့လှုပ်ရှားမှုဟာ သူနဲ့တသွေမတိမ်း တူညီနေတာတွေ့ရတယ်"

"ကဲပြောစမ်း" ဟု မေးလိုက်သည်။

ရှမ်းထင်း အံ့သြသွားသည်။

ချူးမေ ပြေးဝင်လာသောအခါ အံ့သြဝမ်းသာပြီးသူက အမှတ်မထင် ထခုန်မိသွားသည် မဟုတ်ပါလား။ ဤသည်ကို ဂရုစိုက်ကာ ကြည့်မည်ဆိုပါက သူ၏သိုင်းပညာအခြေခံကို သိမြင်နိုင်မည်ဖြစ်သည်။



နှုတ်ခမ်းမွေးစစရှိသူမှာ ခေသူမဟုတ်ကြောင်း နားလည် သဘောပေါက်လိုက်သည်။

ထိုလူပြောသော ကျင်းခုံးလွေဟူသောအမည်ကို သူမကြားဘူးပါချေ။

ထို့ကြောင့် ... သူကခေါင်းခါယမ်းပြလိုက်၏။

ထိုလူမဲ့ပြုံးပြုံးကာ ...

"မင်းဘယ်လိုပဲ လိမ်ပြောလိမ်ပြော၊ မင်းရဲ့သိုင်းကွက် တစ်ကွက်နှစ်ကွက်လောက် စမ်းကြည့်လိုက်ယင် သိရမှာပဲ၊ ကဲ ... သတိထားပေတော့။

စကားဆုံးလျှင် စတင်တိုက်ခိုက်လိုက်လေသည်။

ရုတ်တရက် တိုက်ခိုက်လာသည်ဖြစ်ရာ ရှမ်းထင်း မရှောင်နိုင်ပဲဖြစ်သွား၏။

ထို့ကြောင့် သူက ကပျာကယာပြန်လည်တိုက်ခိုက်လိုက်ရ၏။

"ဝုန်း"

ကျယ်လောင်သော အသံတစ်ချက်ထွက်ပေါ်လာသည်။

နှစ်ယောက်စလုံး နောက်ဆုတ်သွားကြရသည်။ ထိုလူသဘောကျသွား၏။

သူက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး

"မင်း မဆိုးဘူး၊ ကဲ ... နောက်ထပ် ခုခံကြည့်ပါဦး"

ပြောယင်း ထပ်မံတိုက်ခိုက်လိုက်သည်။

ရှမ်းထင်းလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

မကြာမီ ...

သူတို့နှစ်ယောက်သည် ကျားနှင့်ဆင် လယ်ပြင်မှာတွေ့သည့်ပမာ သဲကြီးမဲကြီး သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်သတ်ပုတ်နေကြတော့သည်။

ချူစန်း၊ ချူးယန်နှင့် ချူးမေတို့ နောက်ဆုတ်ကာကြည့်နေကြ၏။ စားသောက်သူအချို့ထွက်ပြေးသွားကြ၏။ အချို့က အသည်းတထိတ်ထိတ်ဖြင့် ကြည့်နေကြသည်။

တိုက်ပွဲကကြာလေပြင်းထန်လာလေပင်။ ထိုလူမခေမှန်း ရှမ်းထင်း နားလည်လိုက်၏။

ထို့ကြောင့် သူကအဘိုးအို သင်ကြားပေးထားသော သိုင်းပညာရပ်များ ထုတ်ဖော်ကာ တိုက်ခိုက်လိုက်သည်။

သို့သော် အတန်ကြာတိုက်ခိုက်ပြီးသော်လည်း ထိုလူ၏အကျီစကိုပင် ထိအောင်မတိုက်ခိုက်နိုင်ခဲ့ပါချေ။

ရှမ်းထင်း၏ နဖူးပေါ်၌ ချွေးများစို့ရွဲလာသည်။ ရှောင်လင်ကျောင်းမှ ထွက်လာပြီးနောက် ပထမဆုံးအကြိမ် စိတ်ဓာတ်ကျဆင်းမှုဖြစ်ပေါ်လာ၏။ သူ၏သိုင်းပညာ ပြည့်စုံပြီဟု ထင်မှတ်ထားခဲ့သော်လည်း တကယ်တမ်း ရင်ဆိုင်တိုက်ခိုက်ရာ၌ လိုအပ်နေသေးကြောင်း သိရပြီ မဟုတ်ပါလား။

သူ့ထက်တော်သူ တစ်ပုံတစ်ပင်ရှိနေသေးကြောင်း ဆင်ခြင်မိတော့သည်။ တိုက်ခိုက်ယင်း စိတ်ဓာတ်ကျဆင်းသွားသည်နှင့် ခုခံရသည့်အသွင် ပြောင်းလဲသွားသည်။

ထိုလူက ပို၍ဖိကာ တိုက်ခိုက်လေသည်။

ထို့ကြောင့် သိုင်းကွက်တစ်ရာကျော် တိုက်ခိုက်ပြီးလျှင်



"စုန်း"

"အင့်"

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး ရှမ်းထင်းမှာထိုလူလက်ချက်ဖြင့် ကြမ်းပြင်ပေါ် ဖင်ထိုင်လဲကျသွားတော့၏။

ထိုလူက ... မင်းဟာ ကျင်းခုံးလွှနဲ့ ပတ်သက်နေတာသေချာပြီ၊ မင်းကိုချမ်းသာမပေးနိုင်တော့ဘူး"

ပြောယင်းသူ၏ယေ်ထိပ်သို့ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဟင်"

ရှမ်းထင်းထိတ်လန့်သွားလေသည်။ သူကလဲကျနေရာမှ မထနိုင်မီ တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် လက်နှစ်ဖက်မြှောက်ကာ ခုခံလိုက်သည်။

ရုတ်တရက်

"ဟာ"

ထိုလူထံမှ လွှတ်ခနဲ အသံထွက်လာပြီး ချက်ချင်းနောက်ဆုတ်သွား၏။ သူ၏မျက်လုံးများသည် ရှမ်းထင်း၏လက်နှစ်ဖက်မှ နေဝန်းနှင့်လဝန်းရုပ်ပုံကို စိုက်ကြည့်နေ၏။

အတန်ကြာမှ ... သူကသက်ပြင်းတစ်ချက် ချလိုက်၏။

တစ်ဖန် ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ

"လက်စသတ်တော့ မင်းဟာ ရှောင်လင်ကျောင်းတော်သားတစ်ယောက်ကိုး၊ ကံကောင်းတယ် ကျုပ်က လူမှားတိုက်ခိုက်မိတော့မလို့" ပြောပြီး ချာခနဲလှည့်ကာ စားသောက်ဆိုင်ထဲမှ ထွက်သွားလေ

တော့သည်။

ရှမ်းထင်းထရပ်လိုက်သည်။

သူ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ နှုတ်ခမ်းမွေးစစရှိသူကား ထွက်သွားပြီဖြစ်၏။ ထိုလူ မည်သူမည်ဝါဖြစ်ကြောင်းရှမ်းထင်း မသိပါချေ။ သို့သော် ... ထိုလူသည် သူ၏ဖခင်အား လုပ်ကြံသတ်ဖြတ်သွားသူဖြစ်ရမည်ဟု တထစ်ချ ယုံကြည်မိသည်။

ထို့ကြောင့် ... သူက ထိုလူအား ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့ခြင်းဖြစ်ပေသည်။

သို့သော် သူကအနိုင်မရသည့်အပြင် မရှုမလှ ရှုံးနိမ့်ခဲ့ရပြီဖြစ်သည်။ ဤအတိုင်းဆိုလျှင် တာဝန်ခံခုံးမိန်ပြောသလို ရှောင်လင်ကျောင်းမှသူထွက်လာခဲ့သည်မှာ မှားနေပြီဟု တွေးမိသည်။

ချူစန်း၊ ချူးယန်နှင့် ချူးမေတို့က သူ့အားကြည့်နေကြသည်။ ရှမ်းထင်းက သူတို့အား တစ်ချက်ကြည့်ကာ ပြုံးပြလိုက်၏။

သူ၏အပြုံးမှာ မချိပြုံးဖြစ်လေသည်။ ပြီးလျှင် ...

သူ့အတွက် ပေးထားသော အခန်းထဲလျှောက်သွား၏။ အခန်းထဲဝင်ကာ လုပ်စရာရှိသည်များကို ခပ်သွက်သွက်လုပ်ဆောင်လိုက်၏။ သူပြန်ထွက်လာသောအခါ ကျောပိုးအထုပ်ကလေးတစ်ထုပ်ပါလာသည်။

သူသည် ဤနေရာမှ ထွက်ခွာသွားရန် ဆုံးဖြတ်ထားလိုက်ပြီမဟုတ်ပါလား”

ရှမ်းထင်းအထုပ် ကျောပိုးကာ ထွက်လာသည်ကိုမြင်လျှင် ချူစန်းရင်ထိတ်သွားပြီး ...



“အစ် ... အစ်ကိုကြီးထွက်သွားတော့ မလို့လားဟင်” ဟု မေးလိုက်သည်။

ရှမ်းထင်းခေါင်းခါယမ်းပြလိုက်သည်။ ဆက်နေ၍ မည်သို့မျှ မဖြစ်နိုင်တော့ကြောင်း လက်ဟန်ခြေဟန်ဖြင့် ရှင်းပြလိုက်၏။

ထို့နောက် ... စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ချူစန်းက နောက်မှလိုက်ပြီး ဟန့်တားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ချူးယန်က ဟန့်တားလိုက်၏။

“သူသွားပါစေ ... သူမသွားရဘူးဆိုယင် တစ်သက်လုံး စိတ်ချမ်းသာတော့မှာ မဟုတ်ဘူး” ဟု ပြောလိုက်၏။

ချူစမ်း ဘာမှမပြောတော့ချေ။

သူကခေါင်းငိုက်စိုက်ချထားလိုက်တော့၏။ ချူးမေကဘာမှ မပြောဘဲ ငေးကြည့်နေ၏။ ရှမ်းထင်းကာ စားသောက်ဆိုင်ထဲမှ ထွက်ခွာသွားပြီဖြစ်သည်။

ထို့နောက် ... တဖြည်းဖြည်း ဝေး၍ ဝေး၍သွားပြီးမြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။ ချူစန်းနှင့် ချူးမေတို့၏ ရင်ထဲဟာသွားသည်ဟု ခံစားလိုက်ရလေတော့သည်။

ရွက်ဝါမြို့ကလေးသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ရှမ်းထင်းက လုံးဝလှည့်မကြည့်ပဲ ကျောခိုင်းထွက်လာခဲ့၏။ သူ၏ရင်ထဲ ဝမ်းနည်းကြေကွဲစိတ်များ ပြည့်လျှံနေသည်။ မျက်လုံးထဲ၌ သွေးအလိမ်းလိမ်းပေကျံကာ ကြမ်းပြင်ပေါ် လူးလိမ့်နေသော ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသူနှင့် ဟားတိုက်ရယ်မောနေသော မီးခိုး

ရောင်ဝတ်ဆင်ထားသူကိုသာ မြင်ယောင်နေမိသည်။

ထိုပုံရိပ်များကာ နှစ်များစွာကြာပြီဖြစ်သော်လည်း မျက်လုံးထဲမှ မထွက်နိုင်တော့ချေ။ သူ၏သိုင်းပညာဖြင့် မီးခိုးရောင်ဝတ်ဆင်ထားသူအား ယှဉ်ပြိုင်နိုင်မည်မဟုတ်ဟု ယုံကြည်လာသည်။

ထို့အပြင် ... သူ့အား အနိုင်တိုက်ခိုက်သွားသော နှုတ်ခမ်းမွေးစစနှင့်လူသည် မီးခိုးရောင်ဝတ်ဆင်ထားသူသာ ဖြစ်ရမည်ဟုတစ်ထစ်ချ ယုံကြည်နေမိသည်။

ရှမ်းထင်းက ရှေ့သို့တစိုက်မတ်မတ် လျှောက်သွားနေ၏။ သူ၏ရင်ထဲမှ ခံပြင်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ နာကျည်းခြင်းများသည် ခွန်အားများ ဖြစ်ပေါ်လာ၏။

"ပန်းတစ်ရာတောင်ကုန်းကို ငါသွားမယ်၊ ရွှေစုတ်တံပိုင်ရှင်ကို ရှာမယ်၊ ငါ့ဆီမှာရှိတဲ့ ရွှေစုတ်တံတစ်ခုနဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာစုံစမ်းရမယ်၊ဖြစ်နိုင်ယင် ငါ့ကိုကူညီဖို့ မေတ္တာရပ်ခံရမယ်" ဟု ရင်ထဲ တွေးတောနေ၏။

သူ၏ခြေလှမ်းများသည်လည်း ကြယ်တာရာတောင်ကုန်းဆီသို့ ဦးတည်နေ၏။

ပန်းတစ်ရာတောင်ကုန်းသို့ မည်သို့မည်ပုံသွားရမည်ကို ဆရာတော်ချန်ထိုင်က ပြောပြခဲ့သည် မဟုတ်ပါလား။

ရှမ်းထင်းက ရှေ့သို့ တရွေ့ရွေ့လှမ်းလျက် ...

♣ ♣ ♣

# မကြေပွဲ

'ရွှေလက်ဝါးသိုင်းသင်တန်းကျောင်း'

ရွှေလက်ဝါး သိုင်းသင်တန်းကျောင်း ဟု ရေးသားထားသော ဆိုင်းဘုတ်ကြီးမှာ အဆောက်အအုံနဖူးစည်းပေါ်၌ ထင်ရှားစွာတည်ရှိနေသည်။

လမ်းပေါ်၌ ဖြတ်သွားသူတိုင်းသည် ၎င်းဆိုင်းဘုတ်ကြီးကို ငေးမောကြည့်ရှုသွားရသည်ချည်းသာဖြစ်ပေသည်။

ဆိုင်းဘုတ်က ဟိတ်ဟန်ကောင်းသလို၊ ဆိုင်းဘုတ်၌ရေးဆွဲထားသော ရွှေလက်ဝါးပုံမှာလည်း သက်ဝင်လှပေသည်။

ရွှေလက်ဝါး သိုင်းသင်တန်းကျောင်းကား **ရွှက်ဝါမြို့**ကလေး၏ တစ်ခုတည်းသော သိုင်းသင်တန်းကျောင်းဖြစ်သည်။ သိုင်းသင်တန်းကျောင်းဖွင့်ထားသူမှာ ရွှေလက်ဝါး ပါပုထုံးဆိုသူဖြစ်သည်။

ယနေ့ ... ပါပုထုံးသည် သူ၏သင်တန်းသားများကိုဝတ်စုံ ပြည့်ဝတ်ဆင်စေပြီး စည်းကမ်း စနစ်တကျရှိစေရန် ညွှန်ကြားခဲ့လေသည်။

ထို့အပြင် သိုင်းလေ့ကျင့်သူများလည်း မပျင်းမရိ အားကြိုးမာန်တက် သိုင်းပညာလေ့ကျင့်ရန် မှာကြားထား၏။

အကြောင်းမှာ ... ယနေ့သူ၏ သိုင်းသင်တန်းကျောင်းသို့ အထူးဧည့်သည်တစ်ယောက် ရောက်ရှိလာမည် မဟုတ်ပါလား။

ရောက်လာမည့်ဧည့်သည်မှာ ပါပုထုံး၏မိတ်ဆွေ သိုင်းသမားကွမ်းကြုံးလုဆိုသူဖြစ်ပေသည်။

ကွမ်းကြုံးလုသည် သိုင်းလောက၌ ထင်ရှားကျော်ကြားပြီး လူအများ လေးစားကြည်ညိုခြင်း ခံရသူတစ်ယောက်ဖြစ်လေသည်။

အရှေ့ဖက်ဆီမှ နေဝန်းနီထွက်ပေါ်လာလျှင် ရွှေလက်ဝါး သိုင်းသင်တန်းကျောင်းရှေ့သို့ မြင်းတစ်စီးဆိုက်ရောက်လာသည်။

မရှေးမနှောင်းမှာပင် ...

“ဧည့်သည်တော်ကြွရောက်လာပါပြီ”

ဟာလာဟင်းလင်းဖွင့်ထားသော သိုင်းသင်တန်းကျောင်းရှေ့သို့ တံခါးဝမှ အစောင့်အကြပ်များက အော်ပြောလိုက်ကြလေသည်။

ထိုအခါ စီတန်းရပ်နေကြသော အစောင့်အကြပ်များ ညီညီညာညာ ဂါရဝပြုလိုက်ကြသည်။ အဆောက်အဦးတံခါးမှ အဖြူရောင်ဝတ်ဆင်ထားသူတစ်ယောက်ထွက်လာသည်။

ထိုလူ၏နောက်မှ လူရွယ်တစ်စု ခြံရံလျက် လိုက်လာကြလေသည်။



အဖြူရောင်ဝတ်ဆင်ထားသူမှာ ရွှေလက်ဝါး ပါပုထုံးပင်ဖြစ်လေသည်။

ပါပုထုံးသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး ဥပဓိရုပ်တည်ကြည်ခံ့ညားသူတစ်ယောက်ဖြစ်သည်။ အလွန်တည်ကြည်သောသူ၏ မျက်နှာထားမှာ အနည်းငယ်စိတ်လှုပ်ရှားနေကြောင်း ပေါ်လွင်နေ၏။

ရောက်ရှိလာသောဧည့်သည်အား အထူးပင်အရေးထားကြောင်း သိသာနိုင်ပေသည်။

ပါပုထုံးက အဆောက်အဦးဝသို့ ခပ်သွက်သွက်ကလေး လျှောက်သွားသည်။

ထိုအခါ ... အဆောက်အဦးအတွင်းသို့ လှမ်းဝင်လာသူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိလေတော့သည်။ လှမ်းဝင်လာသူကား အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသူဖြစ်သည်။

ထိုသူမှာ ပြုံးချိုသော မျက်နှာထားရှိပြီး ပါပုထုံးထက် ငါးနှစ်ခန့်ကြီးမည်ဟု ထင်ရပေသည်။ ပါပုထုံးက ထိုလူအား ကြည့်လိုက်၏။

ထိုလူကလည်း ပါပုထုံးအားကြည့်လိုက်သည်။ ထို့နောက် သဘောကျစွာ ပြုံးလိုက်လေသည်။ အပြာရောင်ဝတ်ဆင်သူမှာ ကွမ်းကြုံးလုပင်ဖြစ်ပါသည်။

ကွမ်းကြုံးလုက ရယ်မောလိုက်သည်။

“ဟား ... ဟား ... ဟား ညီလေးက တယ်လဲကြီးပွားနေတာကိုး၊ ကျုပ်မရောက်တဲ့ သုံးလေးနှစ်အတွင်းမှာ တကယ့်သိုင်းသင်တန်းကျောင်းကြီးတစ်ခုတည်ထောင်ထားနိုင်ခဲ့တာပဲ၊ ငါ့ညီရဲ့ကြိုးစားမှုဟာ ချီးကျူးလောက်ပါပေတယ်” ဟုပြောယင်း ရှေ့တိုးလာသည်။

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက် နှုတ်ဆက်လိုက်ကြသည်။

ထို့နောက်... နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်ကြ၏။

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

အတော်ကလေးကြာအောင် ရယ်မောလိုက်ကြ၏။

အတန်ကြာမှ ရယ်မောရာမှ ရပ်တန့်က ပါပုထုံးက စကားစ လိုက်လေသည်။

"ကဲ ... အစ်ကိုလတ်အထဲကိုလိုက်ခဲ့ပါဦး၊ အရက်တစ်ခွက် နှစ်ခွက်လောက်သောက်ပြီးမှ ကျုပ်ရဲ့သိုင်းသင်တန်းကျောင်းကို လေ့ လာကြည့်ကြတာပေါ့၊ မကောင်းဘူးလား" ဟု ပြောလာ၏။

ပါပုထုံးက အစီအစဉ်များ ကွက်တိပြုလုပ်ထားကြောင်း ကွမ်းကြုံးလု ရိပ်မိလေသည်။

ထို့ကြောင့် သူက ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

"ကောင်းသားပဲ"

ပါပုထုံးက ...

"ကဲ ... ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့"

ပြောပြီးသူကရှေ့မှ ဦးဆောင်ကာ လမ်းပြခေါ်ဆောင်သွား လေသည်။ ကွမ်းကြုံးလုနောက်မှ လိုက်သွား၏။

ခန်းမအတွင်းဘက်ရောက်လျှင် စားသောက်ဖွယ်ရာများ အ ပြည့်တင်ထားသည့် စားပွဲကြီးတစ်လုံးအသင့်ရှိနေသည်ကို တွေ့ရ သည်။



"ထိုင်ပါဗျာ"

ပါပုထုံးက နေရာထိုင်ခင်းပေးလိုက်၏။

ကွမ်းကြုံးလုက ဝင်ရောက်ထိုင်ချလိုက်သည်။ ပါပုထုံးက အရက်နှစ်ခွက်ငှဲ့လိုက်၏။

ထို့နောက် ... ကွမ်းကြုံးလုအား တစ်ခွက်ကမ်းပေးယင်း "သောက်လိုက်ပါ အစ်ကိုကြီး" ဟုပြောလိုက်၏။

ကွမ်းကြုံးလု ပြုံးလိုက်သည်။

သူက အရက်ခွက်ကို လှမ်းယူလိုက်ပြီး

"ရွှေလက်ဝါး သိုင်းသင်တန်းကျောင်း အဓွန့်ရှည်ရေး အ တွက်" ဟု ဆုတောင်းကာ အရက်မော့ချလိုက်၏။

ပါပုထုံး သဘောကျသွားလေသည်။

"အစ်ကိုလတ် ကွမ်းကြုံးလုသက်တော်ရာကျော်ရှည်ပါစေ" ဆုတောင်းယင်း အရက်သောက်လိုက်သည်။

အရက်တစ်ခွက်စီသောက်ပြီးသည်နှင့် ပါပုထုံးက ...

"ကဲ ... အစ်ကိုလတ်အားပါးတရ စားလိုက်စမ်းပါဗျာ" ဟု လောကွတ်ပြုလိုက်၏။

ကွမ်းကြုံးလု ခေါင်းညိတ်လိုက်၏။ သူတို့နှစ်ယောက် စား သောက်ဖွယ်ရာများ အားရပါးရ စားသောက်လိုက်ကြသည်။

စားသောက်ယင်း ကွမ်းကြုံးလုက

"သည်အချိန်မှာ အစ်ကိုကြီးစန့်ကွမ်းရိ တစ်ယောက်ပါရောက် လာခဲ့ယင် သိပ်ကောင်းမှာပဲ၊ ကျုပ်တို့သုံးယောက် မတွေ့ဆုံရတာ အတော်ကြာပြီ"ဟု ပြောလေသည်။

ပါပုထုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... အစ်ကိုကြီးတစ်ယောက် ဘယ်လိုနေတယ် မဆိုနိုင်ဘူး၊ သူကသိုင်းလောကကိုစိတ်ကုန်နေပြီလေ၊ ဒါကြောင့် ပန်းပွင့်တောင်ကုန်းကိုသွားပြီး အေးအေးဆေးဆေး နေခဲ့တာပေါ့ ဘာပဲဖြစ်ဖြစ် သူ့ဆီကို တစ်ခေါက်လောက်တော့ သွားပြီးလည်ပတ်ဦး မှပဲ"

ကွမ်းကြိုးလုက ...

"ဟုတ်တယ် ... ကျုပ်တောင် ဒီကအပြန်သူ့ဆီဝင်မလို့ စိတ် ကူးထားသေးတယ်"

"ဟာ ... ဒါဖြင့်အတော်ပဲ ကျုပ်လဲ လိုက်ခဲ့မယ်လေ၊ အတူ တူသွားကြတာပေါ့ မကောင်းဘူးလား"

"ညီလေးလိုက်မယ်ဆိုယင် ပိုပြီးအဆင်ပြေသွားတာပေါ့ကွာ"

သူတို့နှစ်ယောက် ပန်းပွင့်တောင်ကုန်းရှိ စန့်ကွမ်းရိထံသွား ရောက်လည်ပတ်ရန် သဘောတူလိုက်ကြသည်။

ကွမ်းကြိုးလုက ...

"အင်း ... ကျုပ်တို့သုံးယောက်ပူးပေါင်းပြီး အများအကျိုး ဆောင်ရွက်ခဲ့တာကို ကျုပ်ကနေ့အထိ မေ့လို့မရသေးဘူးဗျ" ဟုပြော လိုက်၏။

ပါပုထုံး ရယ်မောလိုက်သည်။

"အစ်ကိုလတ်က ကျင်းခုံးလွေနဲ့ ပတ်သက်တဲ့ကိစ္စကို ပြော တာလားဗျ" ဟု မေးလိုက်၏။

ကွမ်းကြိုးလု ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်"

ပါပုထုံး သက်ပြင်းချကာ

"အင်း... ကျင်းခုံးလွေဟာ တကယ်ကိုကြောက်စရာကောင်း တဲ့လူတစ်ယောက်ပဲ၊ ကျုပ်တို့သာသူ့ကို အချိန်မီ မတားဆီးနိုင်ဘူးဆို ယင် ဘယ်အတိရောက်အောင် ဒုက္ခပေးနေမယ် မဆိုနိုင်ဘူး"

ကွမ်းကြိုးလုက ...

"ကျင်းခုံးလွေဟာ အင်မတန်ရက်စက်ကြမ်းကြုတ်တယ်၊ သူ့ ကြောင့်ဒုက္ခရောက်ရတဲ့လူမနည်းဘူး၊ သည်လိုလူများ သိုင်းလောက မှာ ထွက်ပေါ်မလာပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

ပါပုထုံးသက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... သူ့ကိုဖမ်းပြီး ရှောင်လင်ကျောင်းကိုသွားပို့တော့ ကြုံတွေ့ခဲ့ရတဲ့အဖြစ်ဟာ အတော့်ကိုရင်နာစရာကောင်းတယ်၊ ကျုပ် တစ်သက်မှာ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး"

ပါပုထုံး၏မျက်နှာ၌ ဝမ်းနည်းကြေကွဲသည့်အရိပ်အယောင် များ ထွက်ပေါ်လာ၏။

ကွမ်းကြိုးလုခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှောင်လင်ကျောင်းထိုင် ထင်းအိရဲ့အဖြစ်ဟာ အတော့်ကို ရင်နာစရာကောင်းပါတယ်။ တပည့်မကောင်းတော့ ဆုပ် လဲစူး၊ စားလည်းရှူးအဖြစ်ကြုံရတာပဲ၊ ဘာပဲဖြစ်ဖြစ် ကျောင်းထိုင်ဆရာ တော် ထင်းအိဟာ ရှိသေလေးစားဖို့ကောင်းတယ်၊ အကျင့်သီလ သမာ ဓိနဲ့ပြည့်စုံတယ်ဆိုတာ မငြင်းနိုင်ပါဘူးဗျာ"

သူတို့နှစ်ယောက် အတော်ကလေးကြာအောင် တိတ်ဆိတ် သွားကြ၏။ စားသောက်စရာများလည်း စားသောက်ခြင်း မပြုကြပဲ

ဝေးငိုင်သွားကြခြင်းဖြစ်၏။

အတန်ကြာမှ ...

ပါပုထုံးက သတိဝင်လာသည်။

"အင်း ... အစ်ကိုလတ်မရောက်တုန်းရောက်ခိုက် စိတ်မကောင်းစရာတွေပြောဆိုနေလို့အပိုပဲ" ဟု တွေးကာ ထိုင်ရာမှထရပ်လိုက်၏။

ထို့နောက် ... ကွမ်းကြိုးလုအားကြည့်ကာ

"အစ်ကိုကြီး ... ကျုပ်ရဲ့သိုင်းသင်တန်းကျောင်း အခြေအနေကို စစ်ဆေးကြည့်ပါဦးဗျာ၊ လိုအပ်တာရှိယင်လဲ အကြံပေးပါဦး" ဟု ပြောလိုက်သည်။

ကွမ်းကြိုးလု ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ"

စကားဆုံးလျှင် ထိုင်ရာမှ ထရပ်လိုက်၏။ ထို့နောက် နှစ်ယောက်သား အပြင်ထွက်သွားရန် ခြေလှမ်းပြင်လိုက်ကြသည်၊ ထိုစဉ်မှာပင် ငယ်သားတစ်ယောက် ပြေးဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ငယ်သား၏မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်နေသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

ပါပုထုံး မျက်မှောင်ကြုတ်သွား၏။

တဆက်တည်းပင်

"ဘာဖြစ်တာလဲ" ဟု မေးလိုက်၏။

ငယ်သားက ဒူးထောက်ချလိုက်ပြီး

"ဆရာ ... အပြင်မှာ ရန်သူရောက်နေပါတယ်" ဟုပြောလာ၏။



"ဟင်"

ထိုစကားကြောင့် ပါပုထုံး ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ကွမ်းကြိုးလုလည်း အံ့အားသင့်သွားလေသည်။

ပါပုထုံးက လှုပ်လှုပ်ရှားရှားဖြစ်သွားကာ

"ရန်သူ ဟုတ်လား" ဟု မေးလိုက်၏။

ငယ်သားက ...

"ဟုတ်ပါတယ်"

ကွမ်းကြိုးလုက

"ဘယ်ကရန်သူလဲ" ဟုဝင်မေးလိုက်သည်။

ငယ်သားက ...

"လွန်ခဲ့တဲ့နှစ် နှစ်ဆယ်လောက်က ရန်သူဟောင်းလို့ပြောပါတယ်"

"ဘာ"

ပါပုထုံး၏အသံ ဟိန်းထွက်လာသည်။

ကွမ်းကြိုးလု၏ မျက်ခုံးမွေးအစုံလည်း နဖူးပေါ်မြင့်တက်သွားလေသည်။

ထိုစဉ်မှာပင်

"ဝုန်း"

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ အပြင်ဘက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အပြင်ဘက်သိုင်းပညာလေ့ကျင့်ရာ မြေကွက်လပ်၌ တိုက်ပွဲတစ်ခုဖြစ်နေကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ပါပုထုံး ကွမ်းကြိုးလုကို ကြည့်လိုက်သည်။

ကွမ်းကြိုးလုက ဣန္ဒြေမပျက်ပြုံးကာ

"အပြင်ဘက်သွားကြည့်ကြရအောင်၊ သူများနဲ့မတိုက်ခိုက်ရတာ ဆယ့်ငါးနှစ်လောက်ရှိပြီဆိုတော့ ကျုပ်ရဲ့သိုင်းပညာလဲ မှိုတက်နေပြီလား မပြောတတ်ဘူး၊ ဟား ... ဟား ... ဟား"

ပြောယင်းရယ်မောလိုက်၏။

ထို့နောက် ...

"ကဲ ... လာသွားကြစို့"

ပြောပြောဆိုဆို အပြင်ဘက်လှမ်းထွက်သွားသည်။

ပါပုထုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

အတန်ကြာမှ ....

သူက အားပါးတရပြုံးလိုက်လေသည်။

"အင်း ... အစ်ကိုလတ်ကတော့ အရင်တုန်းကလိုပဲ စိတ်မြန်လက်မြန် ရှိနေတုန်းပဲကိုး" ဟု စိတ်ထဲ တွေးလိုက်မိ၏။

ထို့နောက် ...

ကွမ်းကြိုးလုနှင့် ပုခုံးချင်းယှဉ်ကာ ထွက်သွား၏။

အပြင်ဘက်သို့ရောက်လျှင် အရုပ်ဆိုးအကျည်းတန်သော မြင်ကွင်းတစ်ခုအား တွေ့မြင်လိုက်ရလေတော့သည်။

"အား"



"အွန့်"

"အမယ်လေး"

စူးရှသောအော်ဟစ်သံနှင့်အတူ သင်တန်းသားသုံးယောက် မြေပေါ်လဲကျသွား၏။ မြေပေါ်တွင် သင်တန်းသား ဆယ်ယောက်ထက်မနည်း လဲကျနေကြ၏။

သူတို့၏ကိုယ်ပေါ်တွင် သွေးအလူးလူးပေကျံနေသည်။

ရက်ရက်စက်စက် တိုက်ခိုက်သုတ်သင်မှု ခံလိုက်ရခြင်းဖြစ်ပေသည်။

မြေကွက်လပ်၌ လူလေးယောက် ရောက်ရှိနေသည်။ ထိုလူလေးယောက်သည် သိုင်းသင်တန်းသားများကို မညှာမတာ တိုက်ခိုက်နေကြသည်။

အခြေအနေမှာ တရားမျှတမှုမရှိ၍ ကြည့်မကောင်းကြောင်း ပေါ်လွင်ထင်ရှားနေသည်။

ကွမ်းကြိုးလု မနေနိုင်တော့ပါ။

"ရပ်လိုက်"

အော်ငေါက်ယင်း ရှေ့သို့ခုန်ထွက်သွား၏။

သူ၏ခန္ဓာကိုယ်သည် ပျံလွှားငှက်တစ်ကောင်ပမာ ပေါ့ပါးသွက်လက်စွာ ခုန်ထွက်သွားခြင်းဖြစ်သည်။

ပါပုထုံး အံ့အားသင့်သွား၏။

"အစ်ကိုလတ်ရဲ့သိုင်းပညာဟာ တစ်နေ့တစ်ခြား တိုးတက်လာတာပါပဲလား" ဟု စိတ်ထဲမှ ကျိတ်တွေးမိလိုက်သည်။

သူကလည်းရှေ့သို့ ခုန်ထွက်သွားသည်။

မြေကွက်လက်ကို ခြေချမိသည်နှင့်

"အားလုံးနောက်ဆုတ်းလိုက်ကြစမ်း" ဟုအမိန့်ပေးလိုက်၏။

သင်တန်းသားများသည် ကွမ်းကြိုးလုနှင့် ပါပုထုံးတို့ရောက်လာသည်ကို တွေ့လျှင် ဝမ်းသာသွားကြ၏။

ချက်ချင်းပင် နောက်ဆုတ်လိုက်ကြသည်။

ပါပုထုံးနှင့် ကွမ်းကြိုးလုတို့က မြေကွက်လပ်၌ ပခုံးချင်း ယှဉ်ကာရပ်လိုက်ကြ၏။

သူတို့ရောက်ရှိလာခြင်းကြောင့် ကျူးကျော်တိုက်ခိုက်လာသူလေးယောက်လည်း ရပ်တန့်လိုက်ကြ၏။

တစ်ဆက်တည်းပင် ...

လူသုံးယောက်က နောက်ဆုတ်သွားကြ၏။

ထိုအခါ လူတစ်ယောက်တည်းသာရှေ့၌ မားမားမတ်မတ်ပေါ်လွင်နေပေတော့သည်။ ထိုလူသည်ကား ရှမ်းထင်း၏အကူအညီဖြင့် ရှောင်လင်ကျောင်းမှ လွတ်မြောက်လာသော အကျဉ်းခံအဘိုးအိုပင်ဖြစ်ပေတော့သည်။

အဘိုးအိုက လက်နှစ်ဘက်နောက်ပစ်ကာရပ်နေ၏။ သူက ပါပုထုံးနှင့် ကွမ်းကြိုးလုတို့အားကြည့်ကာ မိန့်မိန့်ကြီးပြုံးနေသည်။

ပါပုထုံးနှင့်ကွမ်းကြိုးလုတို့မှာ အဘိုးအိုအား တွေ့မြင်ရလျှင် အံ့ဩသွားကြ၏။ သူတို့က တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြလေသည်။

အတန်ကြာမှ ...

ပါပုထုံးက စိတ်လှုပ်ရှားသောလေသံဖြင့် ...

"ကျင်းခုံးခွေ" ဟုခေါ်လိုက်၏။

အဘိုးအို ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်၊ ကျုပ် ... ကျင်းခုံးလွေပဲ"

ပါပုထုံး မျက်နှာကွက်ခနဲ ပျက်သွား၏။

ထိုစဉ် ... ကွမ်းကြိုးလုက မဲ့ပြုံးပြုံးယင်း ...

"ခင်ဗျား သိပ်ကံကောင်းနေပါလား၊ အခုလဲ ရှောင်လင်ကျောင်းက ထွက်ပြေးလာနိုင်ပြီပေါ့၊ ခင်ဗျားလို လူစားမျိုးကို ရှောင်လင်ကျောင်းက ဘယ်တော့မှ လွှတ်ပေးမှာမဟုတ်ဘူးဆိုတာ ကျုပ်သိတယ်၊ ခင်ဗျားထွက်ပြေးလဲ မလွတ်နိုင်ပါဘူး၊ ရှောင်လင်ကျောင်းကလူတွေ သဲကြီးမဲကြီး လိုက်ရှာကြမှာပဲ၊ အခု ကျုပ်ဒီမှာရောက်နေတော့ ခင်ဗျားပိုပြီး ကံဆိုးသွားတာပေါ့" ဟု ပြောလိုက်သည်။

အဘိုးအို (ဝါ) ကျင်းခုံးလွေ ခေါင်းခါယမ်းလိုက်၏။

"မင်း ... သည်လိုထင်ထားရင် မှားသွားမှာပေါ့၊ ကျုပ်ကမင်းဒီကိုရောက်နေမှန်းသိလို့ တမင်လာခဲ့တာ၊ အစောကြီးကတည်းက ပါပုထုံးကို ရှင်းပြစ်ဖို့ပဲ၊ ဒါပေမယ့် မင်းရောက်လာမယ်လို့ သတင်းကြားထားခဲ့လို့ တမင်စောင့်နေခဲ့တာ၊ ပန်းပွင့်တောင်ကုန်းက စန့်ကွမ်းရိကို မျှော်မနေနဲ့တော့၊ ကျုပ်သည်ကို အရင်ရောက်ပြီးပြီ"

"ဘာ"

"ဘယ်လို"

ထိုစကားကြားလျှင် ပါပုထုံးနှင့် ကွမ်းကြိုးလုတို့ အထိတ်တလန့်ဖြစ်သွားကြသည်။

ပါပုထုံး မျက်နှာပျက်သွား၏။ သူက ကျင်းခုံးလွေအားကြည့်ကာ

"ခင်ဗျားပြောတာ အစ်ကိုကြီး စန့်ကွမ်းရိ ...

သူ၏စကားမဆုံးမီ ကျင်းခုံးလွေက ကြားဖြတ်ပြောလိုက်လေ

သည်။

"ဟား … ဟား … ဟား … ကျုပ်ပန်းပွင့်တောင်ကုန်းကို ရောက်ပြီးပြီလို့ ဘယ်နှစ်ခါပြောရမလဲ၊ ကွမ်းကြိုးလုကိုစောင့်မနေရဘူး ဆိုယင် သိုင်းသင်တန်းကျောင်းကို အလျင်ဆုံးလာဖို့ပဲ'

ပန်းပွင့်တောင်ကုန်းမှ ကျင်းခုံးလွေပြန်လာနိုင်ခဲ့သည်ဆိုလျှင် …

ပါပုထုံး၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"စန့် … စန့်ကွမ်းရိ သေသွားပြီပေါ့"

ကျင်းခုံးလွေ အားပါးတရပြုံးလိုက်သည်။

"ဟုတ်တယ်"

ပါပုထုံး၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

သူကအံတင်းတင်းကြိတ်ထားလိုက်မိ၏။

စန့်ကွမ်းရိသေဆုံးသွားပြီဖြစ်ကြောင်းသိလျှင် ကွမ်းကြိုးလု ဒေါပွသွားလေသည်။ သူကကျင်းခုံးလွေအား စူးရဲသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ပြီးလျှင် …

"ခင်ဗျားလွတ်မြောက်လာပြီဆိုတော့ ခင်ဗျားကိုဖမ်းချုပ်ပြီး ရှောင်လင်ကျောင်းမှာ အပ်နှံခဲ့တဲ့ကျုပ်တို့သုံးယောက်ကို မကျေမနပ် လိုက်လံရှာမယ်ဆိုတာရှင်းပါတယ်၊ ဒါပေမယ့် အခုလိုလိုက်ပြီး ရန်ရှာတာဟာ ခင်ဗျားအတွက် အကျိုးယုတ်စေတယ်ဆိုတာ မကြာခင်သိရလိမ့်မယ်။ သည်တစ်ခါတော့ ခင်ဗျားကိုဖမ်းပြီး ရှောင်လင်ကျောင်းကို မပို့တော့ဘူး၊ တစ်ခါတည်း သုတ်သင်ပစ်လိုက်မှာပဲ" ဟုပြောလိုက်၏။

ထို့နောက် … လက်ဝါးနှစ်ဘက်ကို ဆန့်ထုတ်ကာ ရှေ့သို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်၏။ သူ၏တိုက်ခိုက်မှုမှာ လျှပ်ပြက်သလို



လျင်မြန်လှသည်။

သို့သော် ကျင်းခုံးလွေက ခြေတစ်လှမ်း နောက်ဆုတ်ကာ ရှောင်တိမ်းပေးလိုက်၏။

ကွမ်းကြိုးလု ခံပြင်းသွား၏။

"သေပေတော့"

သူကအော်ငေါက်ကာ ပြင်းထန်စွာ ထပ်မံတိုက်ခိုက်လိုက်၏။

"ဟား … ဟား … ဟား … မင်းဘာတတ်နိုင်မှာမို့လဲ"

ကျင်းခုံးလွေ သဘောကျစွာ ရယ်မောလိုက်၏။

ယခုတစ်ကြိမ် သူကမရှောင်တိမ်းတော့ပါ။

ကွမ်းကြိုးလု၏ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ကာ တုန့်ပြန်တိုက်ခိုက်လိုက်လေသည်။ သူတို့နှစ်ယောက်စတင် တိုက်ခိုက်[illegible]က်သည်နှင့် နောက်မှလိုက်လာကြ[illegible] ဟူကျန့်တို့လူစုကလည်း [illegible]င်တိုက်ခိုက်လိုက်ကြလေသ[illegible]

သူတို့က ပါပုထုံးအား တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ထိုအခါ ပါပု[illegible]အတူ သိုင်းသင်တန်းများကလည်း လက်နက်ကိုယ်စီ ဆွဲကိုင်ကာ တိုက်ခိုက်လိုက်ကြ၏။

မကြာမီ … သိုင်းသင်တန်းကျောင်းအတွင်း ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပေါ်လာတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများနှင့် ညာသံပေးကာ မာန်သွင်းလိုက်သောအသံများ ပွက်လောရိုက်သွားသည်။ အပြင်ဘက်မှ ဖြတ်

သန်းသွားသူများကား သိုင်းသင်တန်းကျောင်းအတွင်း အားမာန်အ
ပြည့်ဖြင့် သိုင်းလေ့ကျင့်နေကြသည်ဟု ထင်မှတ်ကြမည်သာဖြစ်၏။

သို့သော် ...

သိုင်းသင်တန်းကျောင်းအတွင်းမှ အခြေအနေကိုသာသိပါ
လျှင် ...

♣ ♣ ♣

## နောက်ဆုံးအသက်

"ဝုန်း"

"အား"

"အွန့်"

"အမယ်လေး"

စူးရှသောအော်သံများ ထွက်ပေါ်လာသည်။

ဟူကျန့်တို့လက်ချက်ကြောင့် သိုင်းသင်တန်းများအထိနာ
ကျင်ကြလေသည်။

ထိုနည်းတူ ...

ဟူကျန့်တို့ဘက်မှလည်း မြေပေါ်မှားမှားမတ်မတ် ရပ်နိုင်သူ
မှာ: ဟူကျန့်၊ သန်းယုနှင့် အဘိုးအိုတို့သာရှိပေတော့သည်။ ဟူကျန့်
နှင့် သန်းယုတို့မှာ ပါပုထုံးအား အတင်းပင်ဖိ၍ တိုက်ခိုက်နေကြ၏။

ပါပုထုံးကလည်း တရကြမ်းပင် ပြန်လည်တိုက်ခိုက်လိုက်
လေသည်။

အချိန်အနည်းငယ်ကြာလျှင် ...

"အား"

စူးရှသော အော်ဟစ်သံနှင့်အတူ သန်းယုမြေပေါ်လဲကျသွား
သည်။

မရှေးမနှောင်းပင် ...

"ဝုန်း"

"အား"

ပါပုထုံး လဲကျသွား၏။

သူ၏မျက်လုံးများသည် ဟူကျန့်အား စိုက်ကြည့်နေ၏။

သို့သော် ဟူကျန့်အား တွေ့မြင်ရမည်မဟုတ်ပါ။ ဟူကျ
လည်း ဒဏ်ရာသုံးလေးချက်မျှ ရရှိထားသည်။ သူ၏အဖော်နှစ်ယော
လဲကျသေဆုံးသွားသည်ကိုပင် ဂရုမစိုက်အားပါချေ

ဖွဲ့နပဲကြီးကြီးဖြင့် သိုင်းသင်တန်းမှ ခုခံနေသော သိုင်းသ
တန်းသားများကို တိုက်ခိုက်နေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာသည်။ သိုင်းသ
တန်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်၏။

ပါပုထုံးကျဆုံးသွားခြင်းကြောင့်၄င်း၊ အခြားသိုင်းသင်တ
သားအချို့လဲကျကုန်ခြင်းကြောင့်၄င်း ကျန်သိုင်းသင်တန်းသားမျ
စိတ်ဓာတ်ကျဆင်းလာကြသည်။

ဆက်လက်တိုက်ခိုက်ရန် မဝံ့မရဲတော့ပဲ တဖြည်းဖြည



နောက်ဆုတ်သွားကြ၏။

ဟူကျန့်၏တစ်ကိုယ်လုံးလည်း ဒဏ်ရာဗရပွရရှိထားပြီဖြစ်
သည်။ ဒဏ်ရာများများမှ သွေးများကလည်း ရွှဲရွှဲစိုလျက်

သို့သော် ...

သူကယခုတိုင် မာန်မလျော့သေးပါ။ လက်ထဲမှဓားအား ဝှေ့
ယမ်းလိုက်ပြီး ...

"ဟေ့ ... အသက်မသေချင်ယင် ဝေးဝေးထွက်သွားကြ
စမ်း"ဟု အော်ငေါက်လိုက်သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် ကြောက်ရွံ့ထိတ်လန့်
နေကြပြီဖြစ်သော သိုင်းသင်တန်းသားများလည်း ဆက်ပြီးမတိုက်ခိုက်
ဝံ့ကြတော့ပဲ နောက်လှည့်ကာ ထွက်ပြေးသွားကြလေတော့သည်။

"ဟား ... ဟား ... ဟား"

ဟူကျန့်သဘောကျစွာ ရယ်မောလိုက်သည်။ သူ၏ရယ်မော
သံ ကျယ်လောင်စွာထွက်ပေါ်လာသည်။ သူ၏ရယ်မောသံနှင့် မရှေး
မနှောင်းမှာပင် ...

"ဟား ... ဟား ... ဟား"

အဘိုးအို ကျင်းခုံးလွေ၏ ကျယ်လောင်သော ရယ်မောသံ
တစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ကွမ်းကြူးလု၏ လက်ထဲသို့ ဓားတစ်လက်ရောက်ရှိလာပြီဖြစ်
သည်။

သို့တိုင် ကျင်းခုံးလွေက အပေါ်စီးမှ တိုက်ခိုက်နေဆဲဖြစ်
သည်။ တစ်ချိန်က ကွမ်းကြူးလုသည် လက်နက်မကိုင်ပဲ အဘိုးအို

ကျင်းခုံးလွှေကို ဒဏ်ရာဒဏ်ချက်ရသွားစေသည်အထိ တိုက်ခိုက်နိုင်ခဲ့လေသည်။

ယခု ... သူကဓားကိုင်ထားသော်လည်း ကျင်းခုံးလွှေ၏ အကျီစကိုပင် ထိအောင်မတိုက်ခိုက်နိုင်ခဲ့ချေ။ ကွမ်းကြုံးလုဒေါသ ခြောင်းခြောင်းထွက်လာသည်။

အံတင်းတင်းကြိတ်ယင်း တရကြမ်း တိုက်ခိုက်လိုက်သည်။ သူကအသက်ကို ပဓာနမထားပဲ အဘိုးအို ကျင်းခုံးလွှေလဲကျသေဆုံးသွားသည်အထိ ပြင်းထန်စွာ တိုက်ခိုက်လိုက်ခြင်းဖြစ်ပေသည်။

ကျင်းခုံးလွှေ သဘောကျစွာပြုံးလိုက်သည်။ သူကထိုသို့ တိုက်ခိုက်လာလိမ့်မည်ဖြစ်ကြောင်း သူကကောင်းစွာရိပ်မိထားသည် မဟုတ်ပါလား။

အဖြူရောင်သိုင်းသမားများသည် ကြောက်မက်ဖွယ်ကောင်းသောရန်သူနှင့် တွေ့ရသောအခါ မိမိအသက်ကို အရေးမထားတော့ပဲ သူသေကိုယ်သေ တိုက်ခိုက်သုတ်သင်တတ်ကြပေသည်။

ထိုသို့ အသက်ကိုရင်းကာ တိုက်ခိုက်ပြီး အနိုင်ယူတတ်ကြောင်း အဘိုးအို ကျင်းခုံးလွှေကောင်းစွာသိရှိထားပေသည်။

ထို့ကြောင့်လည်း ကွမ်းကြုံးလုအား မည်သို့ပြန်လည် တိုက်ခိုက်ရမည်ဖြစ်ကြောင်း နားလည်ထား၏။ တိုက်ခိုက်နေရာမှ တိုက်အားကိုလျှော့ကာ နောက်ဆုတ်လိုက်သည်။

ကွမ်းကြုံးလွှေ၏တိုက်ခိုက်မှုကို မခံနိုင်တော့ပဲ နောက်ဆုတ်ပေးသည့်အလား တစ်ရွေ့ရွေ့ဆုတ်ပေးလိုက်ခြင်းဖြစ်ပေသည်။

တစ်နည်းအားဖြင့် ...



ကျင်းခုံးလွှေက ထောင်ချောက်ဆင်လိုက်ခြင်းဖြစ်သည်။ ဤသည်ကို ကွမ်းကြုံးလု မရိပ်မိပဲ အားတက်ကာ တဖြည်းဖြည်း ရှေ့တိုးတိုက်ခိုက်လိုက်၏။

ကျင်းခုံးလွှေ အနောက်သို့ဆုတ်ပြီး ယင်းဆုတ်သွားသည်။

ကွမ်းကြုံးလု မဲ့ပြုံးပြုံးကာ

"ကျင်းခုံးလွှေ ခင်ဗျားဘာတတ်နိုင်ဦးမှာလဲဗျ" ဟု အော်ငေါက်လိုက်သည်။

ကျင်းခုံးလွှေက ...

"ကျုပ်တတ်နိုင်ပါတယ်"

စကားဆုံးလျှင် ရုတ်ခြည်းရှေ့သို့ ခုန်ထိုးလာပြီး ကွမ်းကြုံးလု လက်ထဲမှဓားကို လုယူလိုက်သည်။

ကွမ်းကြုံးလု ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသည့်ကြားမှ လက်ဆန့်ထုတ်ကာ လုယူလိုက်ခြင်းဖြစ်သည်။

"ဟင်"

ကွမ်းကြုံးလုသည် ကျင်းခုံးလွှေ၏ လက်ရှေ့သို့တိုးဝင်လာသည်ကိုတွေ့လျှင် ရင်ထိတ်သွားသည်။ ချက်ချင်း နောက်ဆုတ်ရှောင်ရန် ဟန်ပြင်လိုက်၏။

သို့သော် ... သူနောက်ကျသွားခဲ့ချေပြီ။

ကျင်းခုံးလွှေက သူ့ထက်ပို၍မြန်သည်။ လျှို့ဝှက်ဓားတစ်ချောင်း ဝင်းလက်သွားပြီ။

"အား"

ကွမ်းကြုံးလု စူးရှစွာ အော်လိုက်သည်။

ကျင်းခုံးလွေက တွန်းထုတ်လိုက်၏။

ကွမ်းကြုံးလုမှာ နောက်သို့ ခြေသုံးလှမ်းစာမျှ ဆုတ်သွားရလေသည်။

ကွမ်းကြုံးလု၏ မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေသည်။ သူက ကျင်းခုံးလွေအား မယုံကြည်နိုင်စွာဖြင့်ကြည့်ကာ ...

"ခင် ... ခင်ဗျား"

ကျင်းခုံးလွေ ခေါင်းခါယမ်းလိုက်သည်။

"မင်းက အမြဲတမ်းအနိုင်ရမယ်ထင်နေတာကိုမှတ်ထား ဝံ့ဆိုတာလည်စမြဲပဲကွ"

ကွမ်းကြုံးလု အံတင်းတင်းကြိတ်လိုက်၏။

ထို့နောက် ရှေ့တိုးတိုက်ခိုက်လိုက်၏။

ကျင်းခုံးလွေ မလှုပ်မယှက်ရပ်နေသည်။ ကွမ်းကြုံးလု ရှေ့သို့ ခြေတစ်လှမ်းတိုးပြီးလျှင် ...

"ဝုန်း"

မြေပေါ်လဲကျသွား၏။

ယင်းနောက် တုတ်တုတ်မျှပင် မလှုပ်တော့ချေ။ ကျင်းခုံးလွေက ကွမ်းကြုံးလုအား ငုံ့ကြည့်လိုက်သည်။ ပြီးနောက် ခေါင်းမော့ကာ ဟားတိုက်ရယ်မောလိုက်တော့သည်။

"ဟား ... ဟား ... ဟား"

"ကျုပ်ကို နှောင့်ယှက်ခဲ့တဲ့လူတွေ အခုတော့ ဘာတတ်နိုင်ကြသေးလဲ"



တစ်ချိန်က သူ့အား ဝိုင်းဝန်းဖမ်းဆီးခဲ့သော ပါပုထုံးတို့သုံးယောက်မှာ ယခုသူ၏လက်ချက်ကြောင့် သေဆုံးသွားရပြီဖြစ်သည်။

သူကအမှတ်မထင် ထိုစဉ်က အဖြစ်အပျက်ကို ပြန်လည်သတိရမိလိုက်လေသည်။

ထိုစဉ်က ...

♣ ♣ ♣

# အမှိုက်

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

"ခွပ် ခွပ် ... ခွပ် ခွပ်"

"ခွပ် ခွပ် ... ခွပ် ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တော လမ်းကလေးအတိုင်း မြင်းသုံးစီ ဒုန်းစိုင်းနှင်လာကြလေသည်။ ထိုမြင်း သုံးစီးမှာ ရင်ဘောင်တန်းကာ ဒုန်းစိုင်းနှင်လာကြခြင်းဖြစ်ပေသည်။

ယာဘက်မှလူမှာ အစိမ်းရောင်ဝတ်ဆင်ထားပြီး ပြုံးချိုသော မျက်နှာထားရှိပေသည်။ အလယ်မှလူမှာ ထိုလူစုထဲတွင် အသက်အ ကြီးဆုံးဖြစ်ပုံရပြီး တည်ကြည်သော မျက်နှာထားရှိ၏။ အဖြူရောင်အ ဝတ်အစားများ ဝတ်ဆင်ထားသည်။

ကျန်မြင်းစီးသမားမှာ အပြာရောင်အဝတ်အစားများဝတ်ဆင် ထားပြီး အသက်အငယ်ဆုံးဖြစ်လေသည်။

မြင်းဒုန်းစိုင်းနှင်နေယင်းမှ အပြာရောင်ဝတ်ဆင်ထားသူက

"ငွေမားရဲတိုက်ပိုင်ရှင်ဟာ ကျင်းခုံးလွှေနဲ့ ရင်ဆိုင်ယင်ဘယ် လိုဖြစ်မလဲဗျ" ဟု မေးလိုက်၏။



အစိမ်းရောင်ဝတ်ဆင်ထားသူက နှုတ်ခမ်းတွန့်ယုံပြုံးလိုက်ပြီး

"မေးနေစရာလိုသေးလားညီလေးရာ၊ ငွေမားရဲတိုက်ပိုင်ရှင်ပဲ ရှုံးသွားမှာပေါ့၊ ကျင်းခုံးလွှေဟာ အင်မတန်ကောက်ကျစ်စဥ်းလဲပြီး အ လွန်ဉာဏ်များတယ် မဟုတ်လား"

အပြာရောင် ဝတ်ဆင်ထားသူက ...

"ဒါဆို ကျုပ်တို့သွားလို့ မီပါဦးမလားဗျာ၊ အချိန်တောင်တော် တော်လင့်နေပြီ"

အစိမ်းရောင်ဝတ်ဆင်ထားသူ ပခုံးတွန့်လိုက်၏။

"ကျုပ်တို့လည်း အကြောင်းကြားစာ ရရချင်းပဲထွက်လာခဲ့ ကြတာမဟုတ်လား၊ မီနိုင်လောက်ပါတယ်"

ထို့နောက် ...

သူတို့သည်စကားဆက်မပြောကြတော့ပဲ မြင်းကိုသာ အပြင်း နှင်လိုက်ကြတော့သည်။

♣ ♣ ♣

# ငွေခေါ်းရဲ့တိုက်

ငွေခေါ်းရဲတိုက်သည် ယန်ကျူးမြို့တောင်ဘက်တွင် သီးခြားတည်ရှိနေသော ရဲတိုက်တစ်ခုဖြစ်သည်။ ငွေခေါ်းရဲတိုက်ပိုင်ရှင်သည် သိုင်းသမားတစ်ယောက်ဖြစ်သော်လည်း အေးအေးဆေးဆေးသာနေထိုင်လိုသူတစ်ယောက်ဖြစ်လေသည်။

ထို့ကြောင့် ...

ယန်ကြူးမြို့၏ အစွန်ဆုံးဘက်တွင် ရဲတိုက်ဆောက်ကာနေထိုင်ခဲ့ခြင်းဖြစ်သည်။ ငွေခေါ်းရဲတိုက်ပိုင်ရှင် ကျားဖုံးသည် အေးအေးဆေးဆေးနေတတ်သူတစ်ယောက်ဖြစ်ပြီး သူ့တွင် မိတ်ဆွေဟူ၍ များများစားစား မရှိပါချေ။

သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းသူရဲကောင်းသုံးဖော်သာ ရှိလေသည်။

သူက သိုင်းလောကမှ အနားယူသည့်နောက်ပိုင်း ကျင်းခုံလေ့ဆိုသူသည် သိုင်းလောကအား မွှေနှောက်ဒုက္ခပေးလာသည်။ ကျင်းခုံလေ့နှင့်ပတ်သက်လာမိသောအခါ သူကမိတ်ဆွေဖြစ်သူ သိုင်းသူရဲကောင်းသုံးဖော်အား အခေါ်လွှတ်လိုက်ခြင်းပင် ဖြစ်လေသည်။



ငွေခေါ်းရဲတိုက်သို့ မြင်းစီးသမားသုံးယောက် ရောက်ရှိလာကြသည်။

ငွေခေါ်းရဲတိုက်တစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေလေသည်။

အပြာရောင်ဝတ်ဆင်ထားသူက

"တစ်ခုခုတော့ဖြစ်နေပြီထင်တယ်" ဟု ပြောလိုက်၏။

အစိမ်းရောင် ဝတ်ဆင်ထားသူက

"ဟုတ်တယ်"

အဖြူရောင်ဝတ်ဆင်ထားသူက သက်ပြင်းတစ်ချက်ချယင်း

"အင်း ... ကျုပ်တို့ နောက်ကျသွားပြီထင်တယ်" ဟု ညည်းညူလိုက်၏။

ထိုလူသုံးယောက်မှာ သိုင်းလောကတွင် ကျော်ကြားနေသော သိုင်းသူရဲကောင်းသုံးဖော်ပင်ဖြစ်၏။ အဖြူရောင်ဝတ်ဆင်ထားသူမှာ စန့်ကွမ်းရိဖြစ်ပြီး အသက်အကြီးဆုံးဖြစ်သည်။

အစိမ်းရောင်ဝတ်ဆင်ထားသူမှာ ကွမ်းကြူးလုဖြစ်ပြီး အပြာရောင်ဝတ်ဆင်ထားသူမှာ ပါပုထုံးဖြစ်လေသည်။

ပါပုထုံးသည် သူတို့သုံးယောက်တွင် အငယ်ဆုံးဖြစ်သည်။

သူတို့က မြင်းပေါ်မှခုန်ဆင်းကာ စံအိမ်တွင်း လှမ်းဝင်လိုက်ကြလေသည်။

ထိုအခါ အကျည်းတန်သောမြင်ကွင်းအား တွေ့မြင်လိုက်ရလေသည်။ စံအိမ်ထဲတွင် လူဆယ်ယောက်ခန့် သွေးအလိမ်းလိမ်းပေကျံကာ လဲကျသေဆုံးနေ၏။

သူက ရဲတိုက်ပိုင်ရှင် ကျားဖုံးအား လိုက်လံရှာဖွေလိုက်သော

အခါ ကျားဖုံးမှာ အခန်းအလယ်တွင် လဲကျနေကြောင်း တွေ့လိုက်ရ၏။

စန့်ကွမ်းရိ ကပျာကယာ ပြေးသွားကာ ပွေ့ထူလိုက်၏။ ကျားဖုံး၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲကာ ဒဏ်ရာဗရပွနှင့် ဖြစ်နေ၏။ တစ်စုံတစ်ယောက်က ပြင်းပြင်းထန်ထန် တိုက်ခိုက်သွားကြောင်း သိသာလှ၏။

ကျားဖုံးမှာ အသက်ငွေ့ငွေ့လေးသာ ကျန်ရှိနေ၏။

"ကျားဖုံး ... ကျားဖုံး"

စန့်ကွမ်းရိက ခေါ်လိုက်၏။ ကျားဖုံးက ညည်းညူယင်းမျက်လုံးပွင့်လာ၏။

စန့်ကွမ်းရိက

"ဘယ်လိုဖြစ်ရတာလဲဗျာ" ဟု မချိတင်ကဲ ရေရွတ်လိုက်၏။

ကျားဖုံးက အားယူ၍ ...

"ကျုပ် ... ကျုပ်က အမြင်မတော်လို့ သူ့တပည့်တွေကို ဆုံးမလိုက်တယ်၊ ဒါ ... ဒါကို မကျေနပ်လို့ ကျင်းခုံးလွေက ကျုပ်ကို လာရန်ရှာတာပဲ"

ပါပုထုံးက ...

"အခုသူ ဘယ်ရောက်သွားပြီလဲ" ဟု ဝင်မေးလိုက်၏။

ကျားဖုံးက ...

"သူထွက်သွားတာ မကြာသေး ... ကျန်းစီးကိုသွား"

စကားဆုံးအောင် မပြောနိုင်တော့ပဲ ဇက်ကျိုးကျသွားလေသည်။

စန့်ကွမ်းရိ အံတင်းတင်းကြိတ်လိုက်၏။



"ကျင်းခုံးလွေကို အလွတ်ပေးလို့မဖြစ်တော့ဘူး၊ သူဟာတစ်နေ့တစ်ခြား ဆိုးသွမ်းလာပြီး မိတ်ဆွေအတွက် သူ့ကိုကျုပ်အပြစ်ဒဏ်ခတ်လိုက်ပါ့မယ်ဗျာ" ဟု တိုင်တည်လိုက်လေသည်။

ကွမ်းကြုံးလုနှင့် ပါပုထုံးတို့လည်း အံတင်းတင်းကြိတ်ထားလိုက်ကြ၏။

သူတို့၏မျက်နှာများမှာ တင်းမာခက်ထန်နေကြ၏။ သိုင်းသူရဲကောင်းသုံးဖော်သည် ကျင်းခုံးလွေအား မည်သည့်နည်းနှင့်မျှ အလွတ်ပေးတော့မည် မဟုတ်ချေ။

"ခွပ် ခွပ် ... ခွပ် ခွပ်"

"ခွပ် ခွပ် ... ခွပ် ခွပ်"

"ကျွီ ကျွီ ... ကျွီ"

မြင်းခွာသံများ မြင်းလှည်းဘီးလှိမ့်သံများ တောလမ်းကလေးအတွင်း ဆူညံစွာ ထွက်ပေါ်လာ၏။

တောလမ်းကလေးအတိုင်း မြင်းစီးသမားတစ်စု ခရီးနှင်လာကြ၏။ မြင်းလှည်းတစ်စီးအား မြင်းစီးသမား ဆယ်ယောက်ခန့်က ခြံရံလာခဲ့ခြင်းဖြစ်ပေသည်။

မြင်းလှည်းပေါ်တွင် အလံတစ်လက် ချိတ်ဆွဲထား၏။ ထိုအလံပေါ်တွင် ဓားနှစ်လက်ပုံ ရေးဆွဲထား၏။

ထိုမြင်းလှည်းနှင့် မြင်းစီးသမားများမှာ ဓားနှစ်လက် အာမခံဌာနမှ လူများဖြစ်ကြပေသည်။

မှန်ပေသည်။ ဓားနှစ်လက် အာမခံဌာနသည် ဇီကျွမ်းမြို့သို့ အာမခံပစ္စည်းများမှာ အလွန်ပင် တန်ဖိုးကြီးလှပေသည်။

ထို့ကြောင့် ... ယခုတစ်ခေါက်တွင် အာမခံဌာနပိုင်ရှင် ဓား

နှစ်လက် ကျို့သန်းကိုယ်တိုင် ဦးဆောင်လိုက်ပါလာလေသည်။

တောလမ်းကလေးတစ်နေရာသို့အရောက်တွင် ...

"ရပ်လိုက်"

ကျို့သန်းက ကပျာကယာ အော်ဟစ်အမိန့်ပေးလိုက်လေသည်။ သူကမရပ်၍မရပါ။

ရှေ့တွင် မီးခိုးရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က လမ်းပိတ်ရပ်ထားသည် မဟုတ်ပါလား

မြင်းလှည်းနှင့် မြင်းများမှာ ချက်ချင်းပင်ရပ်တန့်သွားကြလေသည်။ ကျို့သန်းက လမ်းပိတ်ထားသူအား အကဲခတ်ကြည့်လိုက်ပြီး

"မိတ်ဆွေ ... ဒါဘာလုပ်တာလဲဗျာ" ဟု မေးလိုက်သည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက သဘောကျစွာ ရယ်မောလိုက်ပြီး

"ဘာလုပ်ရမှာလဲ လမ်းပိတ်ထားတာလေကွာ" ဟု မခိုးမခန့် ပြောလာ၏။

ကျို့သန်း ထောင်းခနဲ ဒေါသထွက်သွား၏။

သို့သော် ... စိတ်ကို ချုပ်တည်းလိုက်ပြီး ...

"ကျုပ်တို့ကို မနှောင့်ယှက်ချင်ပါနဲ့ဗျာ၊ ကျုပ်တို့ဘာသာ အေးအေးဆေးဆေး ခရီးဆက်ပါရစေ" ဟု ပြောလိုက်၏။

မီးခိုးရောင်ဝတ်ဆင်ထားသူ ပြုံးလိုက်၏။

သူက ကျို့သန်းအား စေ့စေ့ကြည့်လိုက်ပြီး။

"မင်းက သည်နေရာက အေးအေးဆေးဆေးထွက်သွားချင်တယ်ဟုတ်လား" ဟု မေးလိုက်၏။

ကျို့သန်း ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်"

မီးခိုးရောင်ဝတ်ဆင်ထားသူက ...

"ကောင်းပြီ ... ဒါဖြင့် အာမခံမြင်းလှည်းကို ထားခဲ့ပြီးထွက်သွားကြပေတော့" ဟု လေသံအေးအေးဖြင့် ပြောလိုက်၏။

ထိုစကားကြားလျှင် ...

"ဘာဗျ"

ကျို့သန်း၏ အသံဟိန်းထွက်လာသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက

"အာမခံပစ္စည်းတွေတင်ထားတဲ့ မြင်းလှည်းကိုထားခဲ့မယ်ဆိုယင် ကျုပ်က မင်းတို့ကို အေးအေးဆေးဆေး ထွက်သွားခွင့်ပြုမှာပါ"

ကျို့သန်း ဒေါပွသွား၏။

"လက်စသတ်တော့ ခင်ဗျားက ဓားပြတိုက်နေတာကိုး"

မီးခိုးရောင်ဝတ်ဆင်ထားသူ၏ မျက်နှာတင်းမာခက်ထန်သွားသည်။ သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး ...

"ကဲ ... မသေချင်ယင် သည်ကမြန်မြန်ထွက်သွားကြစမ်း" ဟု အော်ငေါက်လိုက်၏။

ကျို့သန်း နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်တို့ကို သည်လိုခြိမ်းခြောက်တိုင်းရမလား"

သူကငယ်သားများအား လက်ဝှေ့ယမ်းပြလိုက်ပြီး

"ဟော့ ... သူ့ကို မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ကြစမ်း" ဟု အမိန့်ပေးလိုက်သည်။

ထိုအခါ ... အာမခံအဖွဲ့သားများက မြင်းပေါ်မှ ပြိုင်တူခုန်

ဆင်းလာကြပြီး လက်နက်ကိုယ်စီဆွဲထုတ်ကာ မီးခိုးရောင်ဝတ်ဆင်ထားသူအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူ ဒေါပွသွားသည်။

"မင်းတို့က သေချင်နေကြတာကိုး"

ပြောယင်း လက်ဝှေ့ယမ်းကာ တိုက်လိုက်လိုက်၏။ သူက ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်

"ဝုန်း"

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး အာမခံအဖွဲ့သား လေးယောက် မြေပေါ်လဲကျသွား၏။ ကျန်အာမခံဌာနသားများက မိမိတို့လူများ ခံလိုက်ရသည်ကို တွေးလျှင်ဒေါသထွက်သွားကြပြီး

"သေပေတော့"

"ယား"

အော်ငေါက်ညာသံပေးကာ တရကြမ်းပြေးဝင်တိုက်ခိုက်လိုက်ကြ၏။

မီးခိုးရောင်ဝတ်ဆင်ထားသူ မဲ့ပြုံးပြုံးလိုက်၏။

"မင်းတို့ဘာတတ်နိုင်မှာလဲ"

သူကအော်ငေါက်ယင်း လက်ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လျှင်

"ဝုန်း"

"အား"



"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီး အာမခံအဖွဲ့သားများ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

"ဟင်"

မမျှော်လင့်သောအဖြစ်အပျက်ကြောင့် ကျို့သန်း ထိတ်လန့်သွားလေသည်။

လျှပ်တပြက် အချိန်အတွင်းမှာပင် မီးခိုးရောင်ဝတ်ဆင်ထားသူ၏လက်ချက်ကြောင့် သူ၏အဖွဲ့သားရှစ်ယောက် သေဆုံးသွားပြီမဟုတ်ပါလား။

မီးခိုးရောင်ဝတ်ဆင်ထားသူမှာ ခေသူမဟုတ်ကြောင်း နားလည်လိုက်၏။

မိမိ၏အဖွဲ့သားများအနေဖြင့် ထိုလူအား မည်သို့မျှယှဉ်၍ရမည်မဟုတ်ကြောင်းလည်း ကျို့သန်းရိပ်မိလိုက်လေသည်။

ထို့ကြောင့် သူကမြင်းပေါ်မှ ခုန်ဆင်းလိုက်ကာ

"ရပ်လိုက်" ဟု အမိန့်ပေးလိုက်၏။

ထိုအခါ မီးခိုးရောင်ဝတ်ဆင်ထားသူအား တိုက်ခိုက်နေကြသော အာမခံအဖွဲ့သားများ နောက်ဆုတ်လိုက်ကြသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက ...

"ဘယ်လိုလဲ အာမခံပစ္စည်းတွေ ကျုပ်လက်ထဲအပ်ဖို့သဘောတူပြီလား" ဟု မေးလိုက်သည်။

ကျို့သန်း မဲ့ပြုံးပြုံးလိုက်၏။

"သည်လိုလွယ်လွယ်နဲ့ ဘယ်ရမလဲဗျာ၊ ကျုပ်တစ်ယောက်

လုံးရှိပါသေးတယ်”

မီးခိုးရောင်ဝတ်ဆင်ထားသူ မျက်မှောင်ကြုတ်သွား၏။ မိုး သူက ကျို့သန်းအား စေ့စေ့ကြည့်လိုက်ပြီး

“မင်းက ကျုပ်နဲ့ရင်ဆိုင်မယ်ပေါ့ ဟုတ်လား” ဟုမေးလိုက်သည်။

ကျို့သန်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

မီးခိုးရောင် ဝတ်ဆင်ထားသူက

“မင်းက သေချင်နေပြီကိုး”

ကျို့သန်း နှာခေါင်းရှုံ့လိုက်သည်။

“ဘယ်သူသေရမလဲဆိုတာ ကြည့်ရသေးတာပေါ့”

စကားဆုံးလျှင် မီးခိုးရောင်ဝတ်ဆင်ထားသူအား တစ်ဟုန်ထိုးပြေးဝင်တိုက်ခိုက်လိုက်လေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူက ခန္ဓာကိုယ် ယိမ်းနွဲ့ကာရှောင်တိမ်းပေးလိုက်၏။

ကျို့သန်းက ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

ယခုတစ်ကြိမ် သူကခါးကြားမှ ဓားနှစ်လက်ကို ဆွဲထုတ်ကာ တိုက်ခိုက်လိုက်ခြင်းဖြစ်ပေသည်။

♣ ♣ ♣

## ဓားနှစ်လက်ကျို့သန်း

ဓားနှစ်လက် ကျို့သန်းသည် နာမည်နှင့်လိုက်အောင်ပင် ဓားနှစ်လက်ဖြင့် ကျွမ်းကျင်စွာ တိုက်ခိုက်နိုင်၏။ သူ၏ဓားနှစ်လက်ဖြင့် တိုက်ခိုက်မှုမှာ အလွန်ကျော်ကြားလှပေသည်။

ယခု ...

ကျို့သန်းသည် ဓားနှစ်လက်ကို ကျင်လည်စွာအသုံးပြုပြီး တိုက်ခိုက်လာပြီဖြစ်သည်။

မီးခိုးရောင်ဝတ်ဆင်ထားသူ မပေ့ါဆဝ့်တော့ပါ။ သူကရှောင်တိမ်းခြင်းမပြုတော့ပဲ ပြန်လည်ရင်ဆိုင်တိုက်ခိုက်လိုက်လေသည်။ သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုမှာ အလွန်ပင် ပြင်းထန်လှ၏။ တိုက်ခိုက်ယင်း လူရိပ်များပင် မသဲကွဲတော့ချေ။

သိုင်းကွက်သုံးဆယ်ခန့်သို့အရောက်တွင် ...

“ဝုန်း”

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။မီးခိုးရောင်ဝတ်ဆင်ထားသူမှာ နောက်သို့ခြေတစ်လှမ်းဆုတ်သွားလေသည်။

ကျို့သန်းကား လေးငါးခြောက်လှမ်းမျှပင် ဆုတ်သွားရလေသည်။

ကျို့သန်းက ...

"ခင်ဗျားဘယ်သူလဲ" ဟု မေးလိုက်၏။

မီးခိုးရောင်ဝတ်ဆင်ထားသူ၏ သိုင်းပညာမှာ အလွန်တော်ကြောင်း နားလည်လိုက်၏။ မီးခိုးရောင်ဝတ်ဆင်ထားသူက ပြုံးလိုက်ပြီး

"ကျုပ်က ကျင်းခုံးလွေပါ" ဟု ပြောလိုက်၏။

"ဟင်"

ထိုစကားကြားလျှင် ကျို့သန်းရင်ထိတ်သွားလေသည်။ ကျင်းခုံးလွေအကြောင်း သူကြားဖူးထား၏။

ယခုတလော အလွန်ဆိုးသွမ်း သောင်းကျန်းသူတစ်ယောက် သိုင်းလောကတွင် ထွက်ပေါ်လာသည်။ ထိုလူမှာ ကျင်းခုံးလွေပင်မဟုတ်ပါလား။

မီးခိုးရောင်ဝတ်ဆင်ထားသူ (ဝါ) ကျင်းခုံးလွေက

"ဘယ်လိုလဲ ကျုပ်နာမည်ကြားတာနဲ့ ကြောက် ...းပြီလား" ဟု ခနဲ့လိုက်၏။

ကျို့သန်းက ...

"ခင်ဗျားကိုကြောက်ဖို့ဆိုတာ ဝေးပါသေးတယ်၊ ခင်ဗျားလို လူမျိုးကိုလဲ ကျုပ်က ဆုံးမချင်နေတာ"

စကားဆုံးလျှင် ရှေ့တိုးကာ တိုက်ခိုက်လာပြန်သည်။ သူက ဓားနှစ်လက်အား ကျင်လည်စွာ ကိုင်တွယ်ယင်း အရှိန်အဟုန်ပြင်းစွာ



တိုက်ခိုက်လာခြင်းဖြစ်သည်။

လေတိုးသံများ တရှီရှီ ထွက်ပေါ်နေ၏။ ကျင်းခုံးလွေကမြေပေါ်၌ ကျနေသော အာမခံအဖွဲ့သားတစ်ယောက်၏ဓားကို ခြေဖြင့်ခတ်တင်ကာ ဖမ်းယူလိုက်၏။

ထို့နောက် ဓားကို ဝှေ့ယမ်းကာ ကျို့သန်းအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ကျင်းခုံးလွေလက်ထဲ ဓားရောက်သွားသည်နှင့် အခြေအနေမှာတစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၏။

ကျို့သန်းမှာ တဖြည်းဖြည်းနောက်ဆုတ်ပေးလိုက်ရလေသည်။ သိုင်းကွက်ပေါင်းနှစ်ဆယ်ကျော်လာသောအခါ ...

"ခြွမ်း"

"အား"

အသံတစ်ချက်ထွက်ပေါ်လာပြီး ကျို့သန်းဒယီးဒယိုင်ဖြင့်နောက်ဆုတ်သွား၏။ သူ၏ဘယ်ဘက်ပုခုံးတွင် ဓားဒဏ်ရာတစ်ချက်ရရှိသွားကာ ဘယ်လက်မှ ဓားလည်းမြေပေါ်လွတ်ကျသွားလေသည်။

ကျင်းခုံးလွေက ...

"ဘယ်လိုလဲ မင်းထွက်သွားတော့မလား" ဟု မေးလိုက်၏။

ကျို့သန်း အံတင်းတင်းကြိတ်လိုက်၏။

"ကျုပ်အသက်ရှင်နေသရွေ့ ခင်ဗျားကို တိုက်ခိုက်သွားမယ်ဆိုတာ မှတ်ထားပါ"

စကားဆုံးလျှင် ပြင်းထန်စွာတိုက်ခိုက်လေသည်။

ကျင်းခုံးလွေ ဒေါပွသွားသည်။

"ကောင်းပြီ၊ မင်းကသေချင်နေမှတော့ ကျုပ်ကဖြည့်ဆည်းပေးရမှာပေါ့"

သူကအေးစက်သောလေသံဖြင့်ပြောယင်း ပြန်လည်တိုက်ခိုက်လိုက်၏။

ယခုတစ်ကြိမ် ... သူ၏တိုက်ခိုက်မှုမှာ ပြင်းထန်ကာ ရက်စက်ကြမ်းကြုတ်လှပေသည်။ သူက ကျို့သန်းလဲကျသွားစေရန် ရည်ရွယ်၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ဒဏ်ရာရထားသော ကျို့သန်းမှာ ကျင်းခုံးလွေ၏ ပြင်းထန်သော တိုက်ခိုက်မှုကို ရေရှည်မခုခံနိုင်တော့ပါ။ သူကကြိုးစား၍ ခုခံပြီး နောက်သို့တဆုတ်တည်း ဆုတ်နေရလေသည်။

သူနောက်ဆုတ်နေယင်းမှပင် ကျင်းခုံးလွေပြင်းထန်သောဓားချက်က သူ၏ရင်ဝဆီသို့ဝင်ရောက်လာသည်။ ကျို့သန်းမည်သို့မျှမရှောင်တိမ်းနိုင်တော့ချေ။ ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းပင်

"အား"

ကျို့သန်း၏ စူးရှသောအော်ဟစ်သံထွက်ပေါ်လာသည်။ ကျင်းခုံးလွေက တိုက်ခိုက်မှုကို ရပ်တန့်လိုက်၏။ သူကဆက်တိုက်စရာမလိုတော့ကြောင်း နားလည်ထားပေသည်။

ကျို့သန်း၏ ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေ၏။ သူ၏ရင်ဝတွင် နက်ရှိုင်းသော ဓားဒဏ်ရာတစ်ချက်ရှိနေသည်။ ထိုဒဏ်ရာမှသွေးများ မြင်မကောင်းအောင် ယိုစီးကျနေ၏။



"ခင် ... ခင်ဗျား"

ရုတ်တရက် ...

ကျို့သန်း၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားပြီး မြေပေါ်အရုပ်ကြိုးပြတ် လဲကျသွား၏။

ထို့နောက် ... တုတ်တုတ်မျှပင် မလှုပ်တော့ပါချေ။

"ဟား ... ဟား ... ဟား"

ကျင်းခုံးလွေသဘောကျစွာ ရယ်မောလိုက်၏။ သူ၏ရယ်မော သံကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ထိုအခါမှ ကြက်သေသေနေကြသော အာမခံအဖွဲ့သားသုံးယောက်အထိတ်တလန့်ဖြစ်သွားကာ ...

"ပြေး ... ပြေး"

အော်ဟစ်ကာ ချာခနဲ ထွက်ပြေးသွားကြ၏။

ကျင်းခုံးလွေက မဲ့ပြုံးပြုံးယင်း ...

"ကျုပ်ထွက်သွားခိုင်းတုန်းကတော့ မထွက်သွားဘူး၊ အခုမှတော့ ထွက်ပြေးလို့မရတော့ဘူး" ပြောကာ လက်ထဲမှ ဓားဖြင့်ပစ်ပေါက်လိုက်၏။

တဆက်တည်းပင် တဟုန်ထိုးပြေးလိုက်သွား၏။

"ဒုတ်"

"အား"

ကျင်းခုံးလွေပစ်လွှင့်လိုက်သောဓားမှာ ရှေ့ဆုံးမှပြေးသွားသော အာမခံအဖွဲ့သား၏ကျောပြင်တွင် စိုက်ဝင်သွား၏။ အာမခံအဖွဲ့

သွားမှာစူးရှစွာ အော်ဟစ်ယင်း လဲကျသွားသည်။

သူ၏နောက်မှပြေးလိုက်လာသူနှစ်ယောက်မှာ ကြောက်လန့်ကာ ခြေလှမ်းလိုက်မိကြ၏။

ထိုအခါ ပြေးလွှားလာသော ကျင်းခုံးလွှေမှာ သူတို့အနီးသို့ရောက်ရှိလာပြီဖြစ်သည်။ အာမခံအဖွဲ့သားနှစ်ယောက် မျက်လုံးပြူးသွားကြ၏။ ကြောက်ရွံ့မှုကြောင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေကြသည်။

ကျင်းခုံးလွှေက သဘောကျစွာ ပြုံးလိုက်ပြီး

"မင်းတို့ပြေးလို့ မလွတ်ပါဘူးကွာ" ဟု အေးစက်သောလေသံဖြင့်ပြောလိုက်၏။

အာမခံအဖွဲ့သားနှစ်ယောက်လုံး ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

ချက်ချင်းပင် မြေပေါ် ဒူးထောက်ချလိုက်ပြီး

"ကျုပ် ... ကျုပ်တို့ကို မသတ်ပါနဲ့ဗျာ" ဟု တောင်းပန်လိုက်ကြလေသည်။

ကျင်းခုံးလွှေ သဘောကျစွာ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

အာမခံအဖွဲ့သားနှစ်ယောက်စလုံး တုန်တုန်ယင်ယင်ဖြစ်သွားကြသည်။

ကျင်းခုံးလွှေက ...



"ကျုပ်ကမင်းတို့ကို ချမ်းသာပေးရမယ် ဟုတ်လား" ဟုမေးလိုက်၏။

အာမခံအဖွဲ့သားနှစ်ယောက်စလုံး

"ဟုတ် ... ဟုတ်ပါတယ်ဗျာ"

ကပျာကယာအဖြေပေးလိုက်ကြ၏။

ကျင်းခုံးလွှေ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ"

စကားဆုံးလျှင် လက်ဝါးဖြင့် ရိုက်ချလိုက်၏။

"ဟင်"

"ဟာ"

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အာမခံအဖွဲ့သားနှစ်ဦးစလုံး မျက်လုံးပြူးသွားကြ၏။

သူတို့မည်သို့မျှ မတတ်နိုင်တော့ပါချေ။

"ဝုန်း"

"အား"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။ အာမခံအဖွဲ့သားနှစ်ယောက်မှာ ပါးစပ်ထဲမှ သွေးများ အန်ထုတ်ယင်း မရှုမလှ သေဆုံးသွားရလေသည်။

ကျင်းခုံးလွှေ နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်ထွက်သွားခိုင်းတဲ့အချိန်တုန်းက မင်းတို့မှထွက်မသွားကြတာ၊ အခုတော့ မတတ်နိုင်ဘူး"

သူက ဝန်းကျင်အား ဝေ့ကြည့်လိုက်၏။

ဓားနှစ်လက် အာမခံအဖွဲ့သားများအားလုံး မြေပေါ်တွင်လဲကျနေသည်။ သူ့အား ဟန့်တားနှောင့်ယှက်မည့်သူတစ်ဦးတစ်ယောက်မှမရှိတော့ချေ။

ကျင်းခုံးလွှေ သဘောကျစွာပြုံးလိုက်သည်။

ထို့နောက် အာမခံပစ္စည်းတင်ဆောင်ထားသော မြင်းလှည်းဆီသို့လျှောက်သွားလိုက်သည်။ မြင်းလှည်းတံခါးဆွဲဖွင့်လိုက်သောအခါ မြင်းလှည်းအိမ်ထဲတွင် သံသေတ္တာတစ်လုံးရှိနေသည်ကို တွေ့လိုက်ရသည်။

ကျင်းခုံးလွှေက သံသေတ္တာအားခတ်ထားသော သော့အားရိုက်ချိုးဖျက်ဆီးကာ သံသေတ္တာအဖုံးကို ဆွဲဖွင့်လိုက်လေသည်။

"ဟင်"

ကျင်းခုံးလွှေပါးစပ်အဟောင်းသားဖြစ်သွားသည်။ သံသေတ္တာထဲတွင် ရွှေဒင်္ဂါးများရှိနေ၏။

အလင်းရောင်ကြောင့် ပြိုးပြိုးပျက်ပျက်ဝင်းလက်နေသည်။ ကျင်းခုံးလွှေ၏မျက်လုံးများ လောဘရောင်ကြောင့် တောက်ပြောင်နေသည်။

သူ၏မျက်နှာတဖြည်းဖြည်း ပြုံးရွှင်လာ၏။

သူ၏မျက်နှာတဖြည်းဖြည်းပြုံးရွှင်လာ၏။ သူကရွှေဒင်္ဂါးများအားကိုင်ကြည့်လိုက်၏။ စိတ်လှုပ်ရှားမှုကြောင့် သူ၏လက်မှာတုန်တုန်ယင်ယင်ဖြစ်နေသည်။

ဓားနှစ်လက် ကျို့သန်းယူဆောင်လာသော အာမခံပစ္စည်းများမှာ ဤမျှများပြားနေကြောင်း သူထင်မထားပါချေ။



ကျင်းခုံးလွှေ သဘောကျစွာ ပြုံးလိုက်၏။

"ဟား... ဟား ... ဟား ... မမျှော်လင့်ပဲ ပွပေါက်တိုးတာပဲ၊ သည်ပမာဏဆိုယင် ကောင်းကောင်းသုံးဖြုန်းလို့ရပြီကွ"

ကျေနပ်အားရစွာ ရေရွတ်လိုက်၏။

ထို့နောက် ...

ရွှေဒင်္ဂါးသေတ္တာအား မြင်းလှည်းအောက်သို့ ချလိုက်၏။ သူကမြင်းတစ်ကောင်တွင် သံသေတ္တာအား ချည်နှောင်ကာ ယူဆောင်သွားရန်စိတ်ကူးမိလိုက်၏။

သူကမလှမ်းမကမ်းတွင်ရပ်ထားသောမြင်းတစ်ကောင်ဆီ သို့လှမ်းသွားလိုက်၏။

ထိုစဉ်မှာပင်

"ဟင်"

သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာသည်။

ရုတ်တရက်

"ကျင်းခုံးလွှေ၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွား၏။ လှမ်းနေသောခြေလှမ်းများလည်း အလိုလိုရပ်တန့်သွား၏။ သူကပတ်ဝန်းကျင်အား ကပျာကယာ အကဲခတ်ကြည့်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး လူရိပ်လူယောင်ပင် မတွေ့ရပါချေ။

ထိုစဉ် သက်ပြင်းချသံ ထွက်ပေါ်လာပြန်၏။

ကျင်းခုံးလွှေက မလှမ်းမကမ်းရှိ မိုးမခပင်ကြီးဆီသို့ အကြည့်ရောက်သွားသည်။ ချက်ချင်းပင် သူ၏မျက်နှာတစ်ခုလုံး ခက်ထန်တင်းမာသွားပြီ ...

"ဘယ်သူလဲ ... ထွက်ခဲ့စမ်း" ဟု အော်ငေါက်လိုက်သည်။

မရှေးမနှောင်းမှာပင် ...

မိုးမခပင်နောက်မှ လူတစ်ယောက်ထွက်လာသည်။ တစ်ယောက်တည်းမဟုတ်ပါ။ သူ၏နောက်မှ နောက်ထပ်လူနှစ်ယောက် ထွက်လာသည်။ သူတို့သည် ဝန်းကျင်အနှံ့လဲကျနေသော အာမခံအဖွဲ့သားများအား တစ်ချက်ဝေ့ကြည့်လိုက်၏။

သူတို့၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့်ဟန်များ အထင်းသားပေါ်လွင်နေ၏။

ထိုလူသုံးယောက်မှာ သိုင်းသူရဲကောင်းသုံးဖော်ပင်ဖြစ်သည်။ သူတို့သည် ကျင်းခုံးလွှေအား လိုက်လံရှာဖွေနေရာမှ တိုက်ပွဲဖြစ်ပွားရာ ဤနေရာသို့ရောက်လာခဲ့ကြခြင်းဖြစ်သည်။

သူတို့ရောက်ရှိကြသောအခါ အခြေအနေမှာ များစွာနောက်ကျသွားပြီဖြစ်သည်။

ကျင်းခုံးလွှေ၏ လက်ချက်ကြောင့် အာမခံအဖွဲ့သားအားလုံး သေဆုံးနေကြသည်ကိုသာ တွေ့ကြရ၏။ သူတို့က ကျင်းခုံးလွှေအား မဖြစ်ဖြစ်သည့်နည်းနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

♣ ♣ ♣

## မုဆိုးနှင့်သားကောင်

ကျင်းခုံးလွှေက လှမ်းထွက်လာသူသုံးယောက်အား မမှိတ်မသုန်အကဲခတ်ကြည့်နေ၏။

အတန်ကြာမှ ...

အေးစက်စက်ထန်သောငေ [illegible]ဖြင့်

"မင်းတို့ဘယ်သူလဲ ... မသေချင်ယင်သည်က မြန်မြန်[illegible]သွားကြစမ်း" ဟု [illegible]ါက်လိုက်၏။

စန်[illegible]မ်းရိက ...

"ကျုပ်တို့က သိုင်းသူရဲကောင်းသုံးဖော်ပါ" ဟု အဖြေပေးလိုက်၏။

"ဟင်"

ကျင်းခုံးလွှေ အံ့အားသင့်သွား၏။

သိုင်းသူရဲကောင်းသုံးဖော်မှာ လျှမ်းလျှမ်းတောက်ကျော်ကြားနေသူများဖြစ်ကြောင်း သူသိထားသည် မဟုတ်ပါလား။

သို့သော် သူကအရေးမစိုက်ပါပေ။

"ကောင်းပြီ ... ခင်ဗျားတို့ သည်ကိုဘာကြောင့်ရောက်လာကြတာလဲ၊ ကျုပ်ကိုနှောင့်ယှက်ကြမယ်ဆိုယင် သေသွားမယ်ဆိုတာ မှတ်ထားကြပါ"

စန့်ကွမ်းရိက တည်ကြည်သော မျက်နှာထားဖြင့် ...

"ကျင်းခုံးလွေ့ သည်ကနေ့မင်းကိုဖမ်းပြီး ရှောင်လင်ကျောင်းမှာအပ်နှံရမှာပဲ" ဟုပြောလိုက်၏။

"ဟား ... ဟား ... ဟား"

ကျင်းခုံးလွေ့သဘောကျစွာ ရယ်မောလိုက်ပြီ။

"မင်းတို့က ကျုပ်ကိုဖမ်းမယ်ဟုတ်လား၊ ရယ်စရာကောင်းလိုက်တာ"

ပါပုထုံးက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ကျင်းခုံးလွေ့ ခင်ဗျားရဲ့ ဆိုးသွမ်းမှုဟာ သည်နေ့နောက်ဆုံးဖြစ်သွားပြီ"

ကျင်းခုံးလွေ့ နှာခေါင်းရှုံ့လိုက်သည်။

"မင်းတို့က အတော်လေကျယ်ပါလား၊ ကျုပ်က မှုမှုသေးဘူးဆိုတာ မှတ်ထားပါ"

ပါပုထုံး ဒေါပွသွားသည်။

"ကောင်းပြီ ... ကျုပ်တို့လေကျယ်တာ ဟုတ် ... မဟုတ် လက်တွေ့ပြရတာပေါ့"

စကားဆုံးလျှင် ကျင်းခုံးလွေ့အား ပြေးဝင်တိုက်ခိုက်လိုက်၏။ ပါပုထုံးက တိုက်ခိုက်လိုက်လျှင် စန့်ကွမ်းရိနှင့် ကွမ်းကြိုးလုတို့လည်း မနေနိုင်ကြတော့ပါ။



"ယား"

ညာသံပေးကာ တိုက်ပွဲအတွင်းသို့ ပြေးဝင်သွားကြလေသည်။

မကြာမီ ... ပြင်းထန်သောတိုက်ပွဲတစ်ခု ရုတ်ခြည်းပေါ်ပေါက်လာလေတော့သည်။

ကျင်းခုံးလွေ့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။ အလွန်ပြင်းထန်လှသဖြင့် တစ်ချက်ထိလျှင် တုန်းခနဲ သေဆုံးသွားရမည်ဖြစ်သည်။

သို့သော် ... စန့်ကွမ်းရိတို့မှာလည်း ခေသူများ မဟုတ်ကြပါ။ သုံးယောက်ပေါင်း တိုက်ခိုက်နေခြင်းဖြစ်၍ ကျင်းခုံးလွေ့ထက်ပို ပြင်းထန်နေပေသည်။

တိုက်ပွဲမှာ တစ်စထက် ... စပို၍ ပြင်းထန်လာသည်။ သိုင်း ... ပေါင်း တစ်ရာကျော်သွားပြီဖြစ်သည်။ ယခုထက်တိုင် မည်သူမျှ အသာမရသေးပါ။

ကျင်းခုံးလွေ့၏ တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေ၏။ ရေရှည်တွင် အရေးနိမ့်တော့မည်ဖြစ်ကြောင့် ဆင်ခြင်မိလိုက်၏။

ထို့ကြောင့် ... သူကလျှို့ဝှက်သိုင်းကွက်အား ထုတ်ဖော်လိုက်၏။ အနီးကပ်ဆုံးဖြစ်နေသော စန့်ကွမ်းရိအား လက်ငါးချောင်းဖြင့် ကုပ်ဆွဲချလိုက်လေသည်။

စန့်ကွမ်းရိနောက်ဆုတ်သွားလျှင် သူကတရကြမ်း တိုက်ခိုက်ကာထိုးဖောက်ထွက်ပြေးမည်ဟု ကြံစည်ထားလိုက်၏။

သို့သော် ... သူထင်မှတ်ထားသလို ဖြစ်မလာပါချေ။

စန့်ကွမ်းရိက နောက်ဆုတ်မသွားသည့်အပြင် ရှေ့တိုးကာ တိုက်ခိုက်လာ၏။

သူက ကျင်းခုံးလွေတိုက်ခိုက်လာသောလက်အား ကုပ်ဆွဲ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

"ဟင်"

ကျင်းခုံးလွေ ရင်ထိတ်သွားသည်။

သူကတိုက်ခိုက်လိုက်သောလက်အား ကပ្យာကယာရုပ်သိမ်း လိုက်လေသည်။ ယင်းတဒင်္ဂအချိန်လေးအတွင်းမှာပင် ကွမ်းကြိုးလု၏ လက်ဝါး[illegible]ချက်က သူ၏ယာဘက်ပုခုံးအား ထိမှန်သွားလေသည်။

"ဝုန်း"

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

ကျင်းခုံးလွေ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။ သူက နောက်ဆုတ်သွားသည်နှင့် စန့်ကွမ်းရိက ရှေ့သို့လျှပ်တပြက်တိုးသွား ကာတိုက်ခိုက်လိုက်၏။

ကျင်းခုံးလွေ မျက်လုံးပြူးသွားသည်။ သူကနောက်ဆုတ် ရှောင်တိမ်းချိန် မရှိတော့ပါ။

ထို့ကြောင့် ...

"သွားစမ်း" ဟု အော်ငေါက်ကာ ခြေထောက်ဖြင့် ကန် ကျောက်လိုက်၏။

စန့်ကွမ်းရိက ...

"မင်းဘာတတ်နိုင်မှာလဲ"

အော်ငေါက်ယင်း ကန်ကျောက်လာသော ခြေထောက်အား



ကုပ်ဆွဲချလိုက်လေသည်။

"ဗြဲ"

"အား"

အဝတ်များ စုတ်ပြဲသွားပြီး သွေးများစို့ထွက်လာ၏။

ကျင်းခုံးလွေ နာကျင်စွာ အော်ဟစ်လိုက်၏။

ထိုစဉ်

"သေပေတော့"

ပါပုထုံးက အော်ငေါက်ယင်း ခြေထောက်ဖြင့် ကန်ကျောက် လိုက်၏။

"ဝုန်း"

"အား"

ကျင်းခုံးလွေမှာစူးရှစွာ အော်ဟစ်ယင်း အဝေးသို့လွင့်စဉ်သွား လေသည်။ သူကလဲကျရာမှ လူးလဲထလိုက်သော်လည်း မဟန်နိုင် တော့ပါချေ။

ရင်ထဲ၌ ပျို့တက်လာပြီး

"ဝေါ့"

သွေးများ အန်ထုတ်ပစ်လိုက်၏။

အတွင်းဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီဖြစ်ကြောင်း သိသာ လှပေသည်။

ပါပုထုံးက ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်၏။

စန့်ကွမ်းရိက အလျင်အမြန် ဟန့်တားလိုက်သည်။

"မလုပ်နဲ့ တော်ကြာသူသေသွားဦးမယ်၊ ရှောင်လင်ကျောင်း

ထိုင်လက်ထဲ သူ့ကိုအပ်တာ အကောင်းဆုံးပဲ" ဟု ပါပုထုံးမကျေမနပ်ဖြစ်သွား၏။

သို့သော် ... သူက စောဒကမတက်တော့ပါ။

သူတို့က ကျင်းခုံးလွှေအား အသင့်ပါလာသောကြိုးဖြင့် တုတ်နှောင်ကာ ဖမ်းဆီးလိုက်၏။

ကျင်းခုံးလွှေမည်သို့မျှ မတတ်နိုင်တော့ပါ။

အားမတန်၍ မာန်လျှော့ရချေပြီ။

သူ၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်နေ၏။

စန့်ကွမ်းရိတို့သုံးယောက်အား မုန်းတီးစွာဖြင့် ကြည့်လိုက်ပြီး

"မင်းတို့ကို ကျုပ်ဘယ်တော့မှ မကျေဘူးဆိုတာမှတ်ထားပါ" ဟု နာကျည်းစွာဖြင့် ပြောလိုက်၏။

စန့်ကွမ်းရိတို့က အရေးမစိုက်ပါချေ။

ကျင်းခုံးလွှေအား ဖမ်းဆီးကာ ရှောင်လင်ကျောင်းသို့ ခေါ်ဆောင်သွားလေတော့သည်။

အလွန်ဆိုးသွမ်းသော ကျင်းခုံးလွှေမှာ ရှောင်လင်ကျောင်းမှ ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံရလေတော့သည်။

♣ ♣ ♣

# အမှိုက်သံသရာ

"တောက်"

ကျင်းခုံးလွှေ ဒေါသတကြီး တက်ခေါက်လိုက်၏။

သူ၏မျက်နှာတစ်ခုလုံး ခက်ထန်တင်းမာလာသည်။ သူ့အား ဒုက္ခပေးခဲ့သော သိုင်းသူရဲကောင်းသုံးဖော်မှာ သူ၏လက်ချက်ကြောင့် သေဆုံးသွားခဲ့ရပြီဖြစ်သည်။

သူ့အားနှစ်ပေါင်းများစွာ ချုပ်နှောင်ထားခဲ့သော် ရှောင်လင်ကျောင်းတော်အား အခဲမကြေနိုင်သေးပါ။

သူက ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

သူတို့နှစ်ယောက်မှအပ မားမားမတ်မတ် ရပ်နေနိုင်သူမတွေ့ရချေ။ ကျန်ရှိနေသေးသော သိုင်းသင်တန်းသားများလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြပြီဖြစ်သည်။

ကျင်းခုံးလွှေက ...

"ဟူကျန့်" ဟု ခေါ်လိုက်သည်။

ဟူကျန့် ဦးညွှတ်ယင်း ...

"အမိန့်ရှိပါဆရာ"

ကျင်းခုံးလွှေက ...

"မင်း ... သည်သိုင်းသင်တန်းကျောင်းနေရာကို သဘောမကျဘူးလား" ဟု မေးလိုက်၏။

ဟူကျန့်က ...

"ဟား ... သိပ်ကို သဘောကျတာပေါ့"

ကျင်းခုံးလွှေက ...

"ဒါဖြင့် သည်နေရာမှာ သိုင်းသင်တန်းကျောင်းဖွင့်လိုက်ပေါ့"

ဟူကျန့် ကြောင်အမ်းအမ်းဖြစ်သွား၏။

သို့သော် ... ချက်ချင်းပင် သဘောပေါက်သွားကာ ဝမ်းသာအားရဖြစ်သွားလေသည်။

"ဟုတ် ... ဟုတ်ကဲ့ဆရာ"

ကျင်းခုံးလွှေက ပါပုထုံး၏ သိုင်းသင်တန်းကျောင်း[ ]ဦးကျယ်ခမ်းနားပုံကို တစ်ချက်ဝေ့ကြည့်လိုက်၏။

ထို့နောက် ...

သူက မဲ့ပြုံးပြုံးကာ ...

"သင်တန်းကျောင်း ဆိုင်းဘုတ်အသစ်မှာ ေ   ပုံနဲ့ လဝန်းပုံရေးဆွဲထားဖို့လိုမယ်" ဟု ပြောလိုက်သည်။

ဟူကျန့် မျက်လုံးပြူးသွား၏။

ထိုစကားကြောင့် ကျင်းခုံးလွှေက ရှောင်လင်ကျောင်းအားအတိအလင်း စိန်ခေါ်လိုက်ပြီဖြစ်ကြောင်း နားလည်သဘောပေါက်မိလိုက်၏။



သို့သော် ...

ကျင်းခုံးလွှေနှင့် လက်တွဲထားခြင်းဖြင့် သူ၏ဘဝအောင်မြင်တိုးတက်လာမည်ဟုလည်း ယုံကြည်ထားလေတော့သည်။

♣ ♣ ♣

## အမှန်တရား

တောင်ခြေမှနေ၍ တောင်ကုန်းအမြင့်ပိုင်းအထိ သစ်ပင်ဝါးပင်များ ထူထပ်စွာပေါက်ရောက်နေသည်။

တောရိုင်းပန်းပွင့်များလည်း နေရာတိုင်းတွင် ဝွားဝွားစွင့်စွင့် ဖူးပွင့်နေကြ၏။

ရှမ်းထင်းက တောင်ပေါ်သို့ရောက်အောင် ကုပ်ကပ်တက်လာခဲ့သည်။

ရှောင်လင်ကျောင်း၌ သံခုံဖိနပ်ဖြင့် ရေခပ်လာသူဖြစ်ရာ တောင်ကုန်းကလေး မတ်စောက်နေသော်လည်း ကြိုးစားအားထုတ်ရခြင်းသိပ်မရှိပဲ တောင်ပေါ်ရောက်အောင် တက်လာနိုင်ခဲ့သည်။

တောင်ပေါ်တက်ရာလမ်းတစ်လျှောက်၌ ယုန်ကလေးများ၊ သမင်ကလေးများ မကြာခဏဖြတ်ပြေးသွားသည်ကို တွေ့ရလေသည်။



ထို့ကြောင့် ဤနေရာသည် လူသူအရောက်အပေါက် လွန်စွာနည်းပါးသော နေရာဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ရှမ်းထင်းကား ပတ်ဝန်းကျင်ကို မျက်တောင်မခတ် အကဲခတ်ကြည့်ယင်း တရွေ့ရွေ့ တက်လာခဲ့ရာ တောင်ပေါ်သို့ ရောက်မှန်းမသိရောက်ရှိလာခဲ့သည်။

တောင်ကုန်းပေါ်ရောက်လျှင် သစ်ပင်ချုံနွယ်များ နည်းပါးသွားကာ မြေကွက်လပ်တစ်ခုပမာ ရှိနေသည်ကို တွေ့လိုက်ရ၏။

တစ်ဆက်တည်း ...

မြေကွက်လပ်တွင် ဝါးဖြင့် ဆောက်လုပ်ထားသော တဲအိမ်ကလေးတစ်လုံးရှိနေသည်ကိုပါ တွေ့မြင်ရသည်။

ရှမ်းထင်းဝမ်းသာသွားသည်။

"ဟုတ်ပြီ ... ဆရာတော်ချန်ထိုင် ရှာခိုင်းလိုက်တဲ့လူဟာ သည်ဝါးအိမ်ကလေးမှာပဲ ရှိနေလိမ့်မယ်"

တွေးယင်း ဝါးအိမ်ကလေးမှာပဲ ရှိနေလိမ့်မယ်"

တွေးယင်းဝါးအိမ်ကလေးရှိရာသို့ ဦးတည်ကာ ခပ်သွက်သွက် လှမ်းသွားလိုက်သည်။

ဝါးအိမ်ကလေးနှင့် မနီးမဝေးသို့ရောက်လျှင် ...

"ဘယ်သူလဲ"

ရုတ်တရက် ...

ကြည်လင်ပြတ်သားသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

တစ်ဆက်တည်းပင်

"တောက် ..."

သစ်ကိုင်းခြောက်တစ်ခုသည် သူ၏ခြေထောက်ရှေ့ မြေကြီးပေါ်စိုက်ဝင်သွားသည်။

"ဟင်"

ရှမ်းထင်း ရင်ထိတ်သွားသည်။

သူကချက်ချင်းပင် ခြေလှမ်းရပ်သွားသည်။ စကားသံထွက်ပေါ်လာရာနှင့် သစ်ကိုင်းခြောက် ပစ်လွှင့်လာရာဘက်သို့ လှမ်းကြည့်လိုက်လျှင် ကျောက်တုံးကြီးတစ်တုံးပေါ်၌ လူတစ်ယောက် ကျောခိုင်းထိုင်နေသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ အရောင်လွင့်ပြယ်နေသော ဝါကြင့်ကြင့် အဝတ်အစားများ ဝတ်ဆင်ထားပြီး ဦးခေါင်းပြောင်အောင် ရိပ်ထားသူတစ်ယောက်ဖြစ်သည်။

ရှမ်းထင်းမှာ အဖြေပေးလိုသော်လည်း စကားမပြောနိုင်ခြင်းကြောင့် ငေးကာရပ်နေမိ၏။

"ဘယ်သူလဲ"

စကားပြောသံ ထပ်မံပေါ်လာပြန်၏။

သစ်ကိုင်းခြောက်တစ်ခုလည်း ရုတ်ခြည်းလွင့်ပျံကာ သူ၏ခြေထောက်ရှေ့၌ လာပြီးစိုက်ဝင်သွား၏။

ရှမ်းထင်းရင်ထိတ်သွားသည်။

"ဝု ... ဝူး ... ဝါ"

ကြိုးစား၍ ပြောလိုက်သော်လည်း ဗလုံးဗထွေး စကားသံများသာ ထွက်ပေါ်လာသည်။



ကျောက်တုံးပေါ်၌ ထိုင်နေသော သူ၏ခန္ဓာကိုယ်တစ်ချက်တုန်ခါသွား၏။

ချက်ချင်းပင် ရှမ်းထင်းဘက်လှည့်လာသည်။

ထိုအခါ ...

အသက်ခြောက်ဆယ်ကျော်ခန့်ရှိ အဘိုးအိုတစ်ယောက်တင်ပျဉ်ခွေကာ ထိုင်နေခြင်းဖြစ်ကြောင်း တွေ့ရလေသည်။ ထိုအဘိုးအိုအား တွေ့ရလျှင် ရှောင်လင်ကျောင်းမှ ချန်ထိုင်အား သတိရလာ၏။

ထိုအဘိုးအို၏ မျက်နှာသည် ရင့်ကျက်တည်ငြိမ်ကာ ဣန္ဒြေသိက္ခာအပြည့်ရှိနေပြီး ရှောင်လင်ကျောင်းမှ ဆရာတော်ကြီးတစ်ပါးနှင့်တူလှသည်ဟု တွေးမိသည်။

အဘိုးအိုက ...

"မင်းစကားမပြောတတ်ဘူးလား" ဟု မေးလေသည်။

ရှမ်းထင်းက ခြေဟန်လက်ဟန်ဖြင့် ဟုတ်မှန်ကြောင်းပြောပြလိုက်သည်။

သို့သော် ...

အဘိုးအို၏ မျက်လုံးများမှာအနက်ရောင် မျက်လုံးအိမ်ပျောက်ကွယ်ကာ နို့နှစ်ရောင်ကဲ့သို့ အဖြူရောင် လွှမ်းမိုးနေသည်ကို တွေ့ရခြင်းကြောင့် မျက်မမြင်တစ်ယောက်ဖြစ်ကြောင်း ချက်ချင်းရိပ်မိလိုက်သည်။

မျက်မမြင်တစ်ယောက်အား ခြေဟန်လက်ဟန်ဖြင့် စကားပြောဆိုနေလို့ အကြောင်းထူးမည် မဟုတ်ပါချေ။

ရှမ်းထင်း စိတ်ပျက်သွားသည်။

အဘိုးအိုက ရှမ်းထင်း ခြေလက်များ လှုပ်ရှားလာရာမှ ထွက်ပေါ်လာသော လေသံကို နားထောင်ယင်း

"မင်းက စကားမပြောတတ်ဘူး၊ ဒါကြောင့် ခြေဟန်လက်ဟန်နဲ့ပြောတယ်၊ ကျုပ်ကလဲ မျက်စိမမြင်ဘူး၊ မင်းကို မတွေ့မမြင်နိုင်ဘူး၊ ကျုပ်တို့နှစ်ယောက်ရဲ့အဖြစ်ဟာ အတော်ရယ်စရာကောင်းနေပြီ" ဟု ပြောလိုက်သည်။

အဘိုးအို ပါးနပ်လှသည်ကို သတိပြုမိသဖြင့် ရှမ်းထင်းပြုံးမိသည်။ အဘိုးအိုနှင့် စကားပြောရန် သို့မဟုတ် တစ်ယောက်ဆိုလိုချက်တစ်ယောက် နားလည်ရန်မသိပဲ ဖြစ်နေစဉ်မှာပင်

"ဂါရ၀ပြုပါတယ် ဆရာတော်"

ရုတ်တရက် ...

ကြည်လင်ပြတ်သားသော စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရှမ်းထင်းရင်ထိတ်သွားသည်။

ချက်ချင်းပင် နောက်သို့ ချာခနဲလှည့်ကြည့်လိုက်လေသည်။

ထိုအခါ ...

ဘုန်းတော်ကြီးတစ်ပါး လျှောက်လာနေသည်ကို တွေ့ရ၏။

"ဟင် ... ရှောင်လင်ကျောင်းက စည်းကမ်းထိန်းသိမ်းရေးဆရာတော် ချန်ထိုင်ပါလား"

ရှမ်းထင်း ရင်ထဲမှ ကြိတ်ပြီး ရေရွတ်လိုက်မိ၏။

မှန်ပေသည်။

ရောက်လာသူမှာ စည်းကမ်းထိန်းသိမ်းရေး ဆရာတော်



ချန်ထိုင်ဖြစ်သည်။

ချန်ထိုင်က ပြုံးလိုက်၏။

သူက ဒူးထောက်ဂါရ၀ပြုလိုက်၏။

ချန်ထိုင်က ဦးခေါင်းတဆတ်ဆတ်ညိတ်ယင်း ...

"အင်း ... မင်းက အခြေအနေကို နားလည်သဘောပေါက်သွားပြီထင်ပါရဲ့၊ ဒါကြောင့် မင်းက သည်နေရာကိုလာခဲ့တာပေါ့ ဟုတ်လား" ဟု ပြောနေသည်။

ရှမ်းထင်းကား ပြန်မပြောနိုင်ချေ။

ဦးခေါင်းသာ ဆတ်ခနဲ ညိတ်ပြလိုက်၏။

ချန်ထိုင်က ဆက်ပြောလိုက်သည်။

"မင်းရောက်နေတော့ အတော်ပဲပေါ့၊ နို့မဟုတ်ယင် ကျုပ်က မင်းကို လိုက်ရှာနေဦးမှာပဲ"

ပြောယင်း မျက်မမြင် အဘိုးအိုအား ဂါရ၀ပြုလိုက်လေသည်။

"ဆရာတော် ... သူ့ကိုကျုပ်က ရွှေစုတ်တံကလေးပေးပြီး လွှတ်လိုက်တာပါ"

အဘိုးအိုက တအံ့တသြဖြင့်

"ရွှေစုတ်တံ ဟုတ်လား"

ချန်ထိုင်က ...

"ဟုတ်ပါတယ်"

မျက်မမြင်အဘိုးအို လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ ချန်ထိုင်၏စကားသံထွက်ပေါ်လာရာဘက်သို့ မျက်နှာမူလိုက်ပြီး

"ရွှေစုတ်တံပေးလိုက်တယ်ဆိုတော့ သူလွှတ်သွားပြီးပေါ့

ဟုတ်လား" ဟု မေးလိုက်၏။

ချန်ထိုင်က ...

"ဟုတ်ပါတယ်"

မျက်မမြင်အဘိုးအိုက ...

"ဘယ်တုန်းက လွတ်သွားတာလဲ" ဟု အလောတကြီးမေးလိုက်၏။

ချန်ထိုင်က ...

"တစ်လလောက်ရှိပါပြီ"

မျက်မမြင်အဘိုးအို သက်ပြင်းချလိုက်၏။

"ကြာပြီပဲ" ဟု တီးတိုးရေရွတ်လိုက်၏။

ချန်ထိုင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ သူ့ကိုပြန်ဖမ်းဖို့ ပြင်းပြင်းထန်ထန်ကြိုးစားနေကြပါတယ်၊ ဒါပေမယ့် ..."

သူ၏စကားမဆုံးမီ မျက်မမြင်အဘိုးအို လက်ကာပြလိုက်လေသည်။

"တော်ပြီ ... ကျုပ်ကို သူ့အကြောင်းပြောပြတာထက်စကားမပြောတတ်တဲ့ လူငယ်အကြောင်း ပြောပြတာက ပိုကောင်းမယ်" ဟု ပြောလိုက်၏။

"ကောင်းပါပြီ"

ချန်ထိုင်က ရှမ်းထင်းအား တစ်ချက်ကြည့်လိုက်ပြီး

"သူဟာ ရှောင်လင်ကျောင်းတော်သားတစ်ယောက်ပါ" ဟု အစချီကာ ...



ရှမ်းထင်းသည် တာဝန်ခံ ဆရာခုံးမိန်ထံ၌ ပညာသင်ကြားနေသူဖြစ်ကြောင်း ...

သို့သော် ...

အချိန်မတန်သေးပဲ ကြေးလူရုပ်အခန်းကို ဖြတ်သန်းသွားနိုင်အောင် သိုင်းပညာတတ်မြောက်ခဲ့ကြောင်း၊

ထို့ကြောင့် ... လုံးဝမသက်ာပါ ဖြစ်ခဲ့ရကြောင်း။

ကြေးလူရုပ်အခန်းသို့ ကျော်ဖြတ်စဉ် အသုံးပြုသော သိုင်းပညာကိုကြည့်၍ အကျဉ်းချခံရသော ကျင်းခုံးလွေထံမှ ...င်းပညာသင်ကြားခဲ့သည်ကို ရိပ်မိလာကြောင်း၊

သို့သော် ...

ကျင်းခုံးလွေနှင့် မည်သို့မည်ပုံ ...ကာ ပတ်သက်မိသည်ကို ...မရကြောင်း၊ သို့သော် ... ...င်း ကြေးလူရုပ်အခန်းကို ...က်နိုင်ခြင်းကြောင့် ရှောင်လင်ကျောင်းမှ ထွက်သွားခွင့်ပြုလိုက်...ကြောင်း၊

ရှမ်းထင်းသည် ရိုးသားပြီး တည်ကြည်သောလူငယ်ကလေးဖြစ်ရာ တစ်နေ့ ကျင်းခုံးလွေ၏ ဇာတိရုပ်ကို သိမြင်သွားမည်ထင်ကြောင်း ...

ထိုအခါ၌ ...

ကျင်းခုံးလွေက သူ့အားအရှင်ထားမည် မဟုတ်ကြောင်းသိရှိ၍ ရွှေစုတ်တံပေးကာ မျက်မမြင်အဘိုးအိုထံ စေလွှတ်လိုက်ကြောင်း စီကာပတ်ကုံး ရှင်းလင်းပြောပြလိုက်သည်။

ချန်ထိုင်၏စကားများကို မျက်မမြင် အဘိုးအိုက ဦးခေါင်း

တညိတ်ညိတ်ဖြင့် နားထောင်နေ၏။ ချန်ထိုင်၏ စကားဆုံးသွားလျှင်

"မီးကိုမီးနဲ့၊ ရေကို ရေနဲ့ တုန့်ပြန်ရမယ့်သဘောပါလား၊ ကောင်းပြီလေ၊ ကျင်းခုံးလွေကို ကိုယ့်ရှုးကိုယ်ပတ်အောင် လုပ်ရတော့မှာပဲ၊ ဒါမှ သူ့ကိုဆုံးမပြီးသားဖြစ်သလို စကားမပြောတတ်တဲ့သူငယ်လေး ရှောင်လင်ကျောင်းရဲ့ စည်းကမ်းဖောက်ဖျက်တဲ့အပြစ်ကို ဆေးကြောပစ်ရာလဲရောက်မယ်" ဟု ပြောလေသည်။

ချန်ထိုင် ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ် ... ရှောင်လင်ကျောင်းသားတစ်ယောက်ဟာ တာဝန်ခံဆရာခွင့်ပြုချက်မရှိပဲ တခြားလူဆီမှာ သိုင်းပညာသင်ခွင့်မရှိဘူး၊ သင်ယင် အပြစ်ကျူးလွန်ရာရောက်ပါတယ်။ သည်အချက်ကို ရှမ်းထင်း မသိခဲ့ပါဘူး၊ ဒါပေမယ့် အပြစ်ရှိနေလို့ အပြစ်ကို ဆေးကြောနိုင်အောင် တမင်လွှတ်လိုက်တာပါ၊ သူကပဲ ကျင်းခုံးလွေကို ပြန်ပြီးဖမ်းဆီးပေးရပါလိမ့်မယ်၊ ဒါပေမယ့် သူ့ရဲ့ပညာနဲ့ ကျင်းခုံးလွေကိုဖမ်းဆီးဖို့ ဆိုတာဟာ"

သူ၏စကားမဆုံးမီ မျက်မမြင် အဘိုးအိုက ကြားဖြတ်ဖြေလိုက်လေသည်။

"သည်ကိစ္စအတွက် ကျုပ်တာဝန်ယူရမှာပေ့ါ ကျုပ်မွေးခဲ့တဲ့မီးမံဟုတ်လား၊ ကျင်းခုံးလွေ လွတ်သွားတဲ့အတွက် 'စန့်ကွမ်းရိ'တို့ လူစုအတွက် အန္တရာယ်ဖြစ်မှာ စိုးရိမ်ရတယ်"

ချန်ထိုင် သက်ပြင်းချလိုက်၏။

"သူက အခဲမကျေပဲ စန့်ကွမ်းရိတို့ကို သွားပြီးရန်ရှာပြီးပါပြီ"

"ဩော်"



"စန့်ကွမ်းရိတို့ မိတ်ဆွေသူရဲကောင်းသုံးယောက်ဟာ သူ့ရဲ့လက်ချက်ကြောင့် သေဆုံးသွားပြီလို့ သတင်းရပါတယ်"

မျက်မမြင် အဘိုးအို၏ မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင် များပေါ်လွင်လာသည်။

"ဒုက္ခ ... ဒုက္ခ တော်တော်ဆိုးပါလား" ဟု ညည်းညူလိုက်၏။

ပြီးလျှင် ...

"အင်း ... ကျင်းခုံးလွေဟာ ကျုပ်ရဲ့တပည့်တစ်ပေါက်ပါပဲ သူ့ကိုယုံကြည်အားကိုးလို့ ထိပ်တန်းသိုင်းပညာတွေ သင်ကြားပေးခဲ့တာ၊ ဒါပေမယ့် ... သိုင်းပညာတတ်မြောက်လာတဲ့အခါ သူက မာန်မာနထောင်လွှားပြီး ကိုယ်ကျိုးရှေ့တန်းတင်တယ်၊ အများအကျိုးကို မကြည့်ပဲ သိုင်းလောကကို ဒုက္ခပေးတယ်၊ သူ့ကြောင့် ဒုက္ခရောက်ရတဲ့လူတစ်နေ့တစ်ခြား များလာတယ်၊ ကျင်းခုံးလွေကတော့ ရွှေငွေ အရက်မိန်းမနဲ့ ပျော်မွေ့နေတာပေ့ါသူ၊ သတင်းကြားလို့ ကျုပ်ကဆုံးမမယ်စိတ်ကူးသေးတယ်၊ ဒီအချိန်မှာပဲ "စန့်ကွမ်းရိ" တို့မိတ်ဆွေသုံးယောက်က သူ့ကိုဖမ်းဆီးပြီး ရှောင်လင်ကျောင်းကိုလာပို့ခဲ့တယ်လေ။

တပည့်မကောင်း ဆရာ့ခေါင်းဆိုတဲ့အတိုင်း ကျုပ်သင်ပေးလိုက်တဲ့ သိုင်းပညာနဲ့ လူအများအပေါ် ဒုက္ခပေးခဲ့တာမို့ ကျုပ်မှာတာဝန်ရှိနေတယ်၊ ကျုပ်လဲကိုယ့်ကိုယ်ကို အပြစ်ပေးပြီး ရှောင်လင်ကျောင်းကထွက်ခဲ့တယ်၊ ကျင်းခုံးလွေကိုတော့ နောက်ထပ်မကောင်းမှုတွေမလုပ်နိုင်အောင် ရှောင်လင်ကျောင်းမှာပဲ တစ်သက်လုံး ချုပ်နှောင်ထားစေခဲ့တယ်" ဟု ရှင်းပြလာ၏။

ထိုစကားကြားလျှင် အခြေအနေမှန်ကို ရှမ်းထင်းတဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

ကျင်းခုံးလွှေသည် အလွန်ရက်စက်ကြမ်းကြုတ်သူတစ်ယောက်ဖြစ်ခဲ့ပြီး ဆရာ့စနားနားမထောင်ပဲ ထင်ရာစိုင်းခဲ့သူပင်တည်း။

သူ့ကြောင့် ရှောင်လင်ကျောင်းမှာ နာမည်ပျက်သိက္ခာကျခဲ့ပြီး ကျောင်းထိုင်ထင်းအိလည်း ကိုယ့်ကိုကိုယ် အပြစ်ပေးကာ ဇာတ်မြှုပ်ခဲ့ရသည်။

...

လွှေသည် ရှောင်လင်ကျောင်းမှ လွတ်မြောက်သွားသည်နှင့် သူ့အားဖမ်းဆီးခဲ့သူများအပေါ် အခဲမကျေပဲ ရန်ငြိုးထားကာ သုတ်သင်ရှင်းလင်းပစ်ခဲ့လေသည်။

ကျင်းခုံးလွှေ၏ စရိုက်မှန်ကို သိသောအခါ ရှမ်းထင်းဝမ်းနည်းကြေကွဲလာတော့သည်။

ထိုစဉ် ... မျက်မမြင်အဘိုးအိုက

"ကျုပ်ဟာ ကျင်းခုံးလွှေကြောင့် ကိုယ့်ကိုကိုယ်အပြစ်ပေးတဲ့အနေနဲ့ မျက်လုံးနှစ်လုံးကို ဖောက်ထုတ်ပစ်ပြီး သည်နေရာမှာ နေလာခဲ့တာအတော်ကြာပြီ၊ မင်းကော ကိုယ့်အပြစ်ကို ဆေးကြောပစ်တဲ့သဘောနဲ့ ကျင်းခုံးလွှေကို ရင်ဆိုင်ရမယ်ဆိုယင် ဘယ့်နှယ်လဲ" ဟုမေးလေသည်။

ရှမ်းထင်း တွေဝေသွားသည်။

အတန်ကြာစဉ်းစားပြီးမှ ခေါင်းညိတ်ပြလိုက်လေသည်။

ချန်ထိုင်က ...



"သူသဘောတူပါတယ် ဆရာတော်" ဟု ကြားဝင်ပြောပေးသည်။

မျက်မမြင်အဘိုးအို သက်ပြင်းချကာ ..

"ကျင်းခုံးလွှေကို ရင်ဆိုင်မယ်ဆိုယင် အခုတတ်မြောက်ထားတဲ့ပညာနဲ့ လုံလောက်မှာမဟုတ်ဘူး၊ ဒါကြောင့်သိုင်းပညာတတ်ပြီး သင်ယူရလိမ့်မယ်၊ ချန်ထိုင် မင်းပဲတာဝန်ယူပြီးသည့် သိုင်းကွက်တွေ သင်ပေးလိုက်ပါ"

စကားဆုံးလျှင် အင်္ကျီရင်ဘတ်ကြားမှ စာအုပ်လေးတစ်အုပ်ဆွဲထုတ်ကာပစ်ချပေးလိုက်၏။ ချန်ထိုင်က ကောက်ယူလိုက်သည်။

ထို့နောက် ဤနေရာမှထွက်သွားရန် မျက်ရိပ်ပြလိုက်သည်။

ရှမ်းထင်းက မျက်မမြင်အဘိုးအိုကို ဦးညွှတ်ကန်တော့လိုက်၏။ ထို့နောက် ချန်ထိုင်နောက်သို့ လိုက်သွားသည်။

ချန်ထိုင်က လူသူကင်းရှင်းသောနေရာတစ်ခု ရွေးချယ်ကာ ရှမ်းထင်းအား သိုင်းပညာထပ်မံလေ့ကျင့်သင်ကြားပေးလိုက်သည်။ အချိန်များ တစ်ရွေ့ရွေ့ကုန်ဆုံးသွားသည်။

ရှမ်းထင်းက ချန်ထိုင်နှင့်အတူ သိုင်းပညာသင်ကြားနေခိုက် ကျင်းခုံးလွှေနှင့် ဟူကျန့်တို့မှာလည်း စိတ်ထင်တိုင်း သောင်းကျန်းနေကြလေတော့သည်။

ကျင်းခုံးလွှေက ဦးဆောင်ကာ 'နေလ' သိုင်းသင်တန်းကျောင်းဖွင့်လှစ်ခဲ့၏။

"နေလ" သိုင်းသင်တန်းကျောင်းကား လွန်စွာစည်ကားလာပြီဖြစ်သည်။ နေ့စဉ်နှင့်အမျှ သိုင်းပညာသင်မည့် သင်တန်းသားအသစ်

များ တိုးပွားလာသည်။

သို့သော် ရောက်ရှိလာသော သင်တန်းသားများသည် များသောအားဖြင့် ငွေကြေးတတ်နိုင်ပြီး သိုင်းပညာတတ်မြောက်လျှင်ကိုယ်ထင်ရာကိုယ်လုပ်မည့် လူစားမျိုးသာ များလှ၏။

အကျင့်သိက္ခာနှင့် စိတ်သဘောထားမွန်မြတ်မှု၊ အများအကျိုးဆောင်ရွက်မှုတို့အပေါ် အခြေမခံပဲ ငွေကြေးအပေါ် အဓိကထားသည်ဖြစ်ရာ လူဆိုး လူယုတ်မာများအတွက် အခွင့်အရေးဖြစ်နေ၏။

ကျင်းခုံးလွေနှင့် ဟူကျန့်တို့က ယင်းသို့တမင်စီစဉ်ထားခြင်းလည်းဖြစ်သည်။

လူဆိုး လူယုတ်မာများသာလျှင် သူတို့၏စိတ်ထားနှင့် ကိုက်ညီမည်ဖြစ်သည်။ သူတို့၏နောက်လိုက်ဖြစ်နိုင်မည် ဖြစ်သည်။

သိုင်းသင်တန်းကျောင်း၊ စည်ပင်တိုးပွားလာသောအခါ ကျင်းခုံးလွေနှင့် ဟူကျန့်တို့ ဝမ်းသာပျော်ရွှင်နေကြ၏။ သူတို့သည် နေ့လယ်ပိုင်း သင်တန်းကျောင်းအား အခြေခံကာ သိုင်းလောကသို့ လွှမ်းမိုးရန် ကြံစည်ထား၏။

ထို့အပြင် ... ရှောင်လင်ကျောင်းအား တိုက်ခိုက်ချေမှုန်းရန် ပင် စိတ်ကူးထားလေသည်။

♣ ♣ ♣

# မီးကုန်ယမ်းကုန်

တစ်လ ...

အချိန်များ တစ်ရွေ့ရွေ့ကုန်ဆုံးသွားသည်။

တစ်လဟူသောအချိန် လျင်မြန်စွာ ကုန်ဆုံးသွားလေသည်။ တစ်လအတွင်း ကျင်းခုံးလွေ၏ သိုင်းသင်တန်းကျောင်းမှာ လူအင်အားများပြားလာ၏။

သူက ထိုလူအင်အားကိုအသုံးချကာ သိုင်းလောကတွင်စတင်ချေချကာ ဆိုးသွမ်းနှောင့်ယှက်လာ၏။

ရှောင်လင်ကျောင်းတော်သားများသည်လည်း ကျင်းခုံးလွေအား အုပ်စုဖွဲ့ကာ လိုက်လံရှာဖွေနေခဲ့သည်။

ထိုအချက်ကိုသိထားသော ကျင်းခုံးလွေက ဟူကျန့်နှင့် သင်တန်းသားများအနက် ရွေးချယ်ထားသော လက်ရွေးစင်သင်တန်းသားများအား အသုံးချကာ သူ့အားလိုက်လံရှာဖွေနေကြသည့် ရှောင်လင်ကျောင်းတော်သားများအား တိတ်တဆိတ် ထောင်ချောက်ဆင်လုပ်ကြံသုတ်သင်ခဲ့ကြလေသည်။

အဖွဲ့များခွဲကာ လိုက်လံရှာဖွေနေကြသော ရှောင်လင်ကျောင်း တော်သားများမှာ ကျင်းခုံးလွေ၏လက်ချက်မိကာ ကျဆုံးကုန်သည်။ ကျင်းခုံးလွေမှာ ပို၍ဆိုးသွမ်းသောင်းကျန်းလာလေတော့သည်။

ရှောင်လင်ကျောင်းမှ ကျင်းခုံးလွေ၏ ဉာဏ်များမှုကို ရိပ်မိ သွားကြ၏။ သူတို့၏အဖွဲ့ငယ်များအား ချက်ချင်းပင် ပြန်လည်စုစည်း ခေါ်ယူလိုက်သည်။

ထို့နောက် ချက်ချင်းပင် ထောင်ချောက်တစ်ခုဆင်ကာ အဖွဲ့ တစ်ဖွဲ့အား စေလွှတ်လိုက်လေသည်။

ဤတွင် ... ရှောင်လင်ကျောင်းတောင်ဘက် ငါးမိုင်ခန့်ဝေး သော မြေကွက်လပ်တစ်ခု၌ ရှောင်လင်ကျောင်းမှ လူများနှင့် ကျင်းခုံး လွေ၊ ဟူကျန့်တို့ဦးဆောင်သော သိုင်းသင်တန်းများ ရင်ဆိုင်တွေ့ဆုံ ကာ တိုက်ပွဲကြီးတစ်ရပ် ပေါ်ပေါက်လာခဲ့လေတော့သည်။

"ဝုန်း"

"အား"

"အွန့်"

"အမယ်လေး"

ညာသံပေးလိုက်ကြသောအသံများ၊ လက်နက်အချင်းချင်း ထိခိုက်မိသောအသံများ၊ စူးရှစွာအော်ဟစ်လိုက်သောအသံများ လေထဲ၌ လွင့်ပျံသွားသည်။

မြေကွက်လပ်၌ တိုက်ပွဲကြီးတစ်ခု ဖြစ်ပွားလျက်ရှိပြီး ဖုန်တ ထောင်းထောင်း ထနေသည်။ ရှောင်လင်ကျောင်းဘက်မှ အင်အားများ လှသည်။ သူတို့က ရှိသမျှအင်အားကို အဖွဲ့ခွဲကာ ကျင်းခုံးလွေ အား



လိုက်လံစုံစမ်းခဲ့ရာမှ ထောင်ချောက်ဆင်ပြီးနောက်ပိုင်း ရှိသမျှအင်အား အလုံးအရင်းဖြင့် ကျင်းခုံးလွေတို့လူစုအား ဝိုင်းရံချေမှုန်းခဲ့ခြင်းဖြစ်သည်။

ရှောင်လင်ကျောင်းမှ အုပ်စုကလေးတစ်စု လိုက်လံရှာဖွေ နေ သည်ဟူသော သတင်းကြောင့် ပိုင်ပြီဟုယူဆကာ ကျင်းခုံးလွေက ချက်ချင်းထွက်လာခဲ့သည်။ သူကရှောင်လင်ကျောင်းမှ လူများအား အမျိုးမျိုး ဒုက္ခပေးမည်ဟု ရည်ရွယ်ထားသည် မဟုတ်ပါလား။

သို့သော် ... တကယ်တမ်းတွင်မူ သူတို့ရင်ဆိုင်မိသည်မှာ အဖွဲ့ငယ်တစ်ဖွဲ့မဟုတ်ပဲ သူတို့ကို အင်နှင့်အားနှင့် ထောင်ချောက် ဆင်ကာ ဝိုင်းဝန်းချေမှုန်းနေခြင်းဖြစ်ကြောင်း သိခဲ့ရလေတော့သည်။

ကျင်းခုံးလွေ ခံပြင်းဒေါသထွက်နေ၏။ သူကမည်းမည်းမြင် သမျှ တရကြမ်းတိုက်ခိုက်တော့သည်။ ဟူကျန့်နှင့် စည်းကမ်းမဲ့ဆိုး သွမ်းသော သိုင်းသင်တန်းသားများကလည်း တရကြမ်း တိုက်ခိုက်ကြ လေသည်။

ထို့ကြောင့် တိုက်ပွဲမှာ အလွန်ပြင်းထန်လှသည်။ တိုက်ပွဲ၌ နှစ်ဘက်စလုံး အကျအဆုံးရှိခဲ့လေသည်။

သို့သော် ရှောင်လင်ကျောင်းတော်သားများထက် ကျင်းခုံးလွေ ၏ လူများမှာ ပို၍ အကျအဆုံးများပေသည်။

အကြောင်းမှာ ... အတွေ့အကြုံမှာ များစွာကွာခြားပြီး ကြာသေးမီကမှ သိုင်းပညာသင်ယူခဲ့ရသူများဖြစ်သောကြောင့်ပင်...

တိုက်ပွဲပြင်းထန်နေ၏။

ကျင်းခုံးလွေတို့ဘက်မှ အကျအဆုံးများလှသည်။ အချိန်ကြာ မြင့်သည်နှင့်အမျှ သိုင်းသင်တန်းသားများ လျော့ပါးလာသည်။

နောက်ဆုံး သုံးဆယ်ခန့်သာ ကျန်ရစ်ခဲ့တော့သည်။

သို့သော် ... ကျင်းခုံးလွေနှင့် ဟူကျန့်တို့ကား နောက်ဆုတ်ရန်မစဉ်းစားပဲ တိုက်ခိုက်နေကြဆဲ ...

သူတို့နှစ်ယောက်ကြောင့်လည်း ရှောင်လင်ကျောင်းတော်သားများ ထိခိုက်ဒဏ်ရာရ သေဆုံးကုန်ကြခြင်းဖြစ်၏။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများထွက်ပေါ်လာပြီး ရှောင်လင်ကျောင်းတော်သားများ ဖရိုဖရဲဖြစ်ကုန်ကြသည်။

သူတို့သည် ယခုထက်တိုင် ကျင်းခုံးလွေနှင့် ဟူကျန့်တို့၏အနီးသို့ ချဉ်းကပ်ရန် မလွယ်သလောက်ဖြစ်နေသည်။

ထို့ကြောင့် ခြေကုန်လက်ပမ်းကျသည်အထိ စောင့်ရန် ဆုံးဖြတ်လိုက်ကြပြီး ဝိတ်ဆို့တိုက်ခိုက်ထားလိုက်ကြ၏။

ကျင်းခုံးလွေနှင့် ဟူကျန့်မှာ ထိုးဖောက်ထွက်ခွင့်ရအောင် အပြင်းအထန်ပင် တိုက်ခိုက်နေ၏။

ထိုစဉ်မှာပင် ...

"ရပ်လိုက်ကြစမ်း"

အော်ငေါက်သံတစ်ချက် ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

အားလုံးက လှည့်ကြည့်လိုက်ကြသောအခါ လူတစ်ယောက်ပြေးလာနေသည်ကို တွေ့ရ၏။ ထိုလူသည်ကား မီးခိုးရောင်အဝတ်



အစားများ ဝတ်ဆင်ထားသော လျှို့ဝှက်အပြုံးပိုင်ရှင်ပင်ဖြစ်သည်။

စားသောက်ဆိုင်ကလေး၌ ရှမ်းထင်းအား အနိုင်တိုက်ခိုက်သွားခဲ့သူလည်းဖြစ်သည်။ ထိုလူက အော်ငေါက်ယင်း တိုက်ပွဲအတွင်းသို့ ပြေးဝင်တိုက်ခိုက်လာသည်။

သူနှင့် ပထမဦးဆုံး ရင်ဆိုင်မိသူမှာ ဟူကျန့်ပင်ဖြစ်သည်။

"သေပေတော့"

ဟူကျန့်ကအော်ငေါက်ကာ ထိုလူအား လျှပ်တစ်ပြက် ဆီးကြိုတိုက်ခိုက်လိုက်သည်။

ထိုလူကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက် ရင်ဆိုင်မိသည်နှင့်

"ဝုန်း"

အသံတစ်ချက်ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဟူကျန့်နောက်ဆုတ်သွား၏။

"ဟင်"

ဟူကျန့် မျက်နှာပျက်သွား၏။

ထိုလူအား ကြည့်လိုက်မိသည်။ ထိုလူ၏မျက်နှာမှာအေးစက်တင်းမာနေ၏။

စန့်ကွမ်းရှိ ပါပုထုံး၊ ကွမ်းကြိုးလုတို့ထက် ကြောက်စရာကောင်းသူဖြစ်ကြောင်း ရိပ်မိသွား၏။

သို့သော် ... သူကနောက်ဆုတ်ရှောင်တိမ်းရန် လမ်းမရှိတော့ပါချေ။ ဟူကျန့် အံတင်းတင်းကြိတ်လိုက်၏။

"သေပေတော့"

အော်ငေါက်ကာ ထပ်မံတိုက်ခိုက်လိုက်၏။ သူကပို၍ ပြင်းထန်စွာတိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ ထိုလူကလည်း ပြင်းထန်စွာပြန်လည်တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ထပ်မံရင်ဆိုင်မိလိုက်လျှင်

"ဝုန်း"

အသံတစ်ချက်ထွက်ပေါ်လာပြီး ဟူကျန့်နောက်ဆုတ်သွားရပြန်လေသည်။

ယခုတစ်ကြိမ် မီးခိုးရောင်ဝတ်ဆင်ထားသူက အလွတ်မပေးတော့ပါချေ။ သူက ဟူကျန့်အား အလွတ်မပေးပဲ ထက်ကြပ်မကွာလိုက်လံတိုက်ခိုက်လိုက်လျှင်

"ဝုန်း"

"အား"

ကျယ်လောင်သော အသံတစ်ချက်နှင့်အတူ ဟူကျန့်၏ စူးရှသော အော်ဟစ်သံထွက်ပေါ်လာသည်။

ထို့နောက် ... မြေပေါ် ဝုန်းခနဲလဲကျသွားလေတော့သည်။

♣ ♣ ♣

# လိုက်တမ်းပြေးတမ်း

ဟူကျန့်မှာ မြေပေါ်လဲကျသေဆုံးနေပြီဖြစ်သည်။

ကျင်းခုံးလွေ ဒေါသခြောင်းခြောင်းထွက်သွား၏။

ဟူကျန့်အား မြေပေါ်လဲသွားအောင် တိုက်ခိုက်လိုက်သူအားလှမ်းကြည့်လိုက်သည်။

ထိုလူ၏မျက်နှာကိုမြင်လျှင်

"ဟင် ... မင်း ... မင်း ... ကျင်ရှောင်ဖန်း" ဟုရေရွတ်လိုက်သည်။

မီးခိုးရောင်ဝတ်ဆင်ထားသူ မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်တယ်"

သူက စူးရဲသော မျက်လုံးအစုံဖြင့် ကျင်းခုံးလွေအားစိုက်ကြည့်လိုက်ပြီး ...

"မင်းက ငါ့ကိုမှတ်မိသေးတာကိုး" ဟုပြောလိုက်၏။

ကျင်းခုံးလွေက ...

"မင်း ... မင်းဘယ်လိုလုပ်ပြီး သည်ကိုရောက်နေရတာလဲ" ဟု စိတ်လှုပ်ရှားစွာ မေးလာလေသည်။

ကျင်းရှောင်ဖန်းက ...

"မင်းကို လိုက်ရှာနေတာ" ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။

"ဘာ"

ကျင်းခုံးလွေ၏ အသံဟိန်းထွက်လာသည်။ ခန္ဓာကိုယ်လည်း တစ်ချက်တုန်ခါသွားလေသည်။

ကျင်းရှောင်ဖန်းက ...

"မင်း ... အံ့ဩသွားသလား၊ မင်းက ကျေးဇူးရှင် ရှမ်းထုံကို သတ်သွားတာ ကျုပ်မသိဘူးများ မှတ်နေသလား"

ထိုစကားကြားလျှင် ကျင်းခုံးလွေသဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား ... ရှမ်းထုံက တို့နှစ်ယောက် မိဘမဲ့ဘဝနဲ့ ခြေသလုံးအိမ်တိုင်လျှောက်သွားနေတာ[illegible] ကယ်တင်ခဲ့တယ်၊ ဒါပေမယ့် သူကမင်းကိုပဲချစ်တယ်၊ ဘာလို့လိုက်တယ်၊ ကျုပ်ကိုတော့ အမြဲတမ်းဆူပူကြိမ်းမောင်းတယ်၊ ပြီးတော့ အိမ်ကမောင်းထုတ်ပစ်လိုက်တယ်။"

"မင်းက သူ့ရဲ့ ပံ့ပိုးမှုကြောင့် ရှောင်လင်ကျောင်းမှာ ပညာသင်ကြားနေချိန်မှာ ကျုပ်ကတော့ လမ်းဘေးမှာထမင်းတစ်လုပ်စားရဖို့ မနားမနေ ကြိုးစားခဲ့ရတယ်၊ ရှမ်းထုံကို ကျုပ်ကကျေးဇူးတင်ရမှာလား၊ ကျုပ်က သူ့ကိုမကျေနပ်ဘူး၊ သူ့ကိုသတ်ပစ်လိုက်တော့ကော ဘာဖြစ်သလဲ" ဟု နာကျည်းစွာဖြင့် ပြောလာ၏။



ကျင်းရှောင်ဖန်းအံကြိတ်ကာ ...

"မင်းကရက်စက်ကြမ်းကြုတ်တယ်၊ ကလိန်ဉာဏ်များတယ်၊ မင်းရဲ့ အကျင့်စရိုက်ကို မကြိုက်လို့ ကျေးဇူးရှင်ရှမ်းထုံဟာ ဆိုဆုံးမတာပေ့ါ၊ ဒါကိုလက်မခံဘဲ မင်းဘာသာအိမ်ကထွက်ပြေးသွားတာမဟုတ်လား၊ ကျုပ်ကရှောင်လင်ကျောင်းမှာ ပညာသင်ကြားပြီး သိုင်းလောကထဲမှာ ကျင်လည်ကျက်စားနေတော့ ကျေးဇူးရှင် ရှမ်းထုံ အိမ်ထောင်ပြုသွားတာလဲမသိဘူး"

"သူ့ရဲ့ဇနီးသေဆုံးသွားပြီး နှစ်နှစ်မြောက်နေ့မှာ မင်းသူ့ဆီရောက်သွားပြီး လုပ်ကြံခဲ့တာလဲ မသိခဲ့ဘူး၊ ဒါတွေကိုနောက်မှ စုံစမ်းသိရှိခဲ့ရတာ၊ ဒါကြောင့် မင်းကိုလိုက်ရှာနေတာကွ၊ မင်းနဲ့ငါ ညီအစ်ကိုဆိုပေမယ့် မင်းရဲ့မိုက်ပြစ်တွေကြောင့် မင်းကိုငါ သုတ်သင်ရှင်းလင်းပစ်ရလိမ့်မယ်"

ပြောယင်း တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

"ဟား ... ဟား ... ဟား"

ကျင်းခုံးလွေက ဟားတိုက်ရယ်မောလိုက်၏။

အတန်ကြာရယ်မောပြီးမှ ကျင်းရှောင်ဖန်းအားကြည့်ကာ

"မင်းက ရှောင်လင်ကျောင်းကို အရင်ရောက်ခဲ့တယ်ဆိုပြီး ဘဝင်မြင့်မနေနဲ့ဦး၊ ငါကနောက်မှရောက်ပြီး ကျောင်းထိုင်ဆရာတော်ရဲ့ အရင်းနှီးဆုံးတပည့်ဖြစ်ခဲ့တယ်ဆိုတာ မှတ်ထားပါ" ဟုပြောလိုက်၏။

ကျင်းရှောင်ဖန်း မဲ့ပြုံးပြုံးလိုက်၏။

"ကျောင်းထိုင်ဆရာတော်အပေါ်လဲ မင်းကကျေးဇူးကန်းခဲ့တာမဟုတ်လား၊ တကယ်တော့ မင်းဟာကျောင်းထိုင်ဆရာတော်ထင်းအိဆီက သိုင်းပညာကိုလိုချင်လို့ ပရိယာယ်ဆင်ပြီး ချဉ်းကပ်ခဲ့တာမဟုတ်လား၊ မင်းလိုရက်စက်ကြမ်းကြုတ်ပြီး ကောက်ကျစ်ယုတ်မာတဲ့လူစားမျိုးကို ငါအရှင်မထားနိုင်ဘူး"

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ...

"ခဏနေဦး"

အသံသြသြကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ကျင်းခုံးလွေနှင့် ကျင်းရှောင်ဖန်းတို့ ကြောင့်အမ်းအမ်းဖြစ်သွားကြလေသည်။

သူတို့က ချက်ချင်းပင် နောက်လှည့်ကြည့်လိုက်ကြ၏။

ထိုအခါ လူနှစ်ယောက် လျှောက်လှမ်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။

♣ ♣ ♣

## အပြစ်မှန်

လူနှစ်ယောက် လျှောက်လှမ်းလာ၏။

ဘုန်းတော်ကြီးတစ်ပါးနှင့် လူငယ်တစ်ယောက်တို့ဖြစ်သည်။

ကျင်းခုံးလွေ မျက်မှောင်ကြုတ်သွား၏။

ရောက်ရှိလာသူနှစ်ယောက်မှာ ဘုန်းတော်ကြီး ချန်ထိုင်နှင့်ရှမ်းထင်းတို့ပင် မဟုတ်ပါလား။

ရှမ်းထင်း၏မျက်နှာ ညိုမည်းနေ၏။

အံ့သြခြင်း၊ ခံပြင်းခြင်း၊ ဝမ်းနည်းခြင်း စသော ခံစားချက်များ . တစ်ပြိုင်နက် ခံစားလိုက်ရခြင်းဖြစ်သည်။

တစ်ဆက်တည်းပင် ... သူ၏မျက်လုံးထဲ၌ ကြမ်းပြင်ပေါ်လဲကျသွားသော ဖခင်ဖြစ်သူ၏ ရုပ်သွင်ကို မြင်ယောင်လာသည်။

ကျင်ရှောင်ဖန်းမှာ သူ၏ဖခင်အား လုပ်ကြံသတ်ဖြတ်သွားသူဟု ရုတ်တရက် ထင်မှတ်မိသည်။

ယခုတော့ အဖြစ်မှန်ကို သိလိုက်ရချေပြီ။

ကျင်းခုံးလွေသည် ရှည်လျားသော ဆံပင်များ၊ မုတ်ဆိတ်မွေးများကို သုတ်သင်ရှင်းလင်းပြီး အဝတ်အစား သေသေသပ်သပ် ဝတ်

ဆင်ထားလေသည်။

ထို့ကြောင့် … သူ၏ရုပ်သွင် ထင်းထင်းလင်းလင်းပေါ်လွင်လာသည်။

ကျင်းခုံးလွေနှင့် ကျင်ရှောင်ဖန်းတို့မှာ ရုပ်ရည်ချင်း ဆင်တူလှသည် မဟုတ်ပါလား။

ကျင်းရှောင်ဖန်းက ရှမ်းထင်းကို မျက်မှောက်ကြုတ်ကာအံကြိတ်ကြည့်နေသည်။

ကျင်းခုံးလွေက သဘောကျစွာပြုံးယင်း ….

"ငါ့တပည့်ကြီးက အခုမှပေါ်လာတာကိုး" ဟု ဝမ်းသာအားရ ပြောလိုက်၏။

ရှမ်းထင်းကာ ကျင်းရှောင်ဖန်းပြောသည့်စကားများကို ကြားထားပြီးဖြစ်သည်။

ကျင်းခုံးလွေအား စိုက်ကြည့်ကာ အတိတ်မှဖြစ်ရပ်များကို ပြန်လည်အမှတ်ရလာသည်။

တစ်နေ့ … ထိုနေ့ကို ရှမ်းထင်းဘယ်သောအခါမှ မမေ့ပါချေ။ ထိုနေ့ညကြီးမိုချုပ် လူတစ်ယောက် ရောက်ရှိလာသည်။ ထိုလူသည် အိမ်ထဲမရောက်လာမီ အပြင်ဘက်မှ တဟားဟား ရယ်မောကာ သူ၏ဖခင်အား သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ခြံဝင်းထဲရှိ အစောင့်များကိုလည်း တိုက်ခိုက်သတ်ဖြတ်ဖြစ်ခဲ့၏။

ဤတွင် … ဖခင်ဖြစ်သူ ရှမ်းထုံက သူ့အား အိမ်ထောင်ရှိ တိုင်တစ်လုံးနောက်သို့ အတင်းထိုးသွင်းပြီး အပြင်ဘက် ထွက်မလာရန်မှာကြားခဲ့၏။



ထို့အပြင် … အသံလုံးဝမထွက်ရန်နှင့် ငိုရှိုက်ခြင်းမပြုရန်ပင် မှာကြားခဲ့လေသည်။ ဖခင်အား ချစ်လွန်း၍ သူလည်းဖခင်စကားကို မြေဝယ်မကျ နားထောင်ခဲ့၏။

ရောက်လာသူ၏လက်ချက်ဖြင့် ဖခင်ဖြစ်သူ မရှုမလှခံနေရသည်ကို တွေ့ရသော်လည်း အပြင်မထွက်ဝံ့သည့်အပြင် အသံထွက်မလာတော့၍ မငိုဝံ့ပဲ ကြိတ်၍ငိုခဲ့ရသည်။

ဖခင်ဖြစ်သူ မိမိမျက်စိရှေ့မှောက်မှာ ရန်သူ့လက်ချက်ကြောင့် သွေးအလူးလူးဖြင့် သေဆုံးသွားရသည်ကို တွေ့မြင်ခဲ့ရသည်။ သူက အော်ဟစ်ငိုယိုခဲ့သော်လည်း စကားသံထွက်မလာတော့ချေ။

ထိုအချိန်မှစ၍ သူကဆွံ့အတစ်ယောက် ဖြစ်ခဲ့ရလေသည်။

ယခု … ကျင်းရှောင်ဖန်း၏ စကားကြားရသောအခါ ရှင်းရှင်းလင်းလင်းဖြစ်သွားချေပြီ။

ရုပ်ချင်းဆက်၍ လူချင်းမှားခဲ့သော်လည်း တကယ်တမ်းသူ့ဖခင်အား လုပ်ကြံသတ်ဖြတ်သွားသူမှာ သူ၏ဆရာ အကျဉ်းခံအဘိုးအို ကျင်းခုံးလွေဖြစ်ကြောင်း သိခဲ့ရပြီဖြစ်သည်။

ရှမ်းထင်းက ရှေ့သို့လှမ်းထွက်ကာ ကျင်းခုံးလွေအား စိုက်ကြည့်လိုက်သည်။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျနေသည်။ ခန္ဓာကိုယ်တဆတ်ဆတ် တုန်ယင်နေသလို နှုတ်ခမ်းလည်း တလှုပ်လှုပ်ဖြစ်နေ၏။

"ခင် … ခင်ဗျား လူသတ်တရားခံ"

သူ၏စကားသံ ပီပီသသကြီး ထွက်ပေါ်လာသည်။

"ဟင်"

"ဟာ"

ချန်ထိုင်၊ ကျင်းခုံးလွေ၊ ခုံးမိန်တို့အပြင် ရှောင်လင်ကျောင်းမှ လူအားလုံး အံ့ဩသွားကြသည်။

ရှမ်းထင်းမှာ စကားမပြောတတ်၊ ဆွံ့အသူတစ်ယောက်ဖြစ်ကြောင်း အားလုံးသိရှိထားကြသည် မဟုတ်လား။

အားလုံး၏ အံ့ဩသော အကြည့်သည် ရှမ်းထင်းထံသို့ စုပြုကျရောက်လာသည်။

ရှမ်းထင်းက ...

"ရှမ်းထုံဆိုတာ ကျုပ်အဖေပဲ၊ ကျုပ်ရဲ့မျက်စိရှေ့မှောက်မှာတင် ကျုပ်အဖေကို ခင်ဗျားသတ်ဖြတ်သွားခဲ့တာပဲ၊ ခင်ဗျားဟာ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ လူယုတ်မာ တစ်ယောက်ပဲ" ဟုပြောလိုက်ပြန်သည်။

လူသတ်တရားခံအား မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသောအခါ ဝစီပိတ်နေရာမှ ပြန်ပွင့်လာခဲ့ရခြင်းဖြစ်သည်။

ကျင်းခုံးလွေမှာ မည်သည့်စကားမျှ မဆိုနိုင်ပါ။ တအံ့တဩဖြင့် ရှမ်းထင်းအား ကြည့်နေ၏။

အတန်ကြာမှ သက်ပြင်းတစ်ချက်လေးပင်စွာ ချလိုက်ပြီး

"လက်စသတ်တော့ မင်းဟာရှမ်းထုံရဲ့သားကိုး" ဟုပြောလိုက်၏။

ထိုစဉ် ... ကျင်းရှောင်ဖန်းက မယုံကြည်နိုင်သည့်ဟန်ဖြင့်

"ငါ့တူ ... မင်းဟာ ကျေးဇူးရှင် ရှမ်းထုံရဲ့သား ဟုတ်လား" ဟု မေးလာသည်။

ရှမ်းထင်း ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ် ... ဖေဖေလုပ်ကြံခံလိုက်ရတဲ့အချိန်မှာ ကျွန်တော်ကိုယ်တိုင် အနားမှာရှိခဲ့တာပါ"

တစ်ဖန် ...

သူက ကျင်းခုံးလွေဘက်လှည့်လိုက်ပြီး ...

"ကျုပ်အဖေအတွက် ခင်ဗျားကို သုတ်သင်ပစ်ရလိမ့်မယ်" ဟု အေးစက်သောလေသံဖြင့် ပြောလိုက်၏။

ထို့နောက် ... ကျင်းခုံးလွေအား မျက်တောင်မခတ်စိုက်ကြည့်ယင်းရှေ့တိုးသွားလေသည်။

ချန်ထိုင် နောက်ဆုတ်လိုက်၏။

ကျင်းရှောင်ဖန်းက ...

"ငါ့တူသတိထား၊ သူကရက်စက်ကြမ်းကြုတ်တယ်၊ ကျုပ်ပဲသူ့ကိုဆုံးမလိုက်မယ်"

စကားဆုံးလျှင် ရှမ်းထင်းထက်ဦးအောင် ခုန်ဝင်သွားပြီးကျင်းခုံးလွေအား တိုက်ခိုက်လိုက်လေသည်။

"ဟား ... ဟား ... ဟား"

ကျင်းခုံးလွေက ဟားတိုက်ရယ်မောလိုက်ပြီး

"ကျုပ်ကမင်းကိုကြောက်တယ်များ မှတ်နေသလား၊ ညီအရင်းပေမယ့် ငါ့ကိုအမြဲလိုက်နှောင့်ယှက်တတ်တဲ့မင်းကို မညှာနိုင်ဘူး မင်းတို့အားလုံးကို တစ်ခါတည်းရှင်းပစ်မယ်ဆိုတာမှတ်ထား"

ပြောယင်း ဆီးကြိုတိုက်ခိုက်လိုက်သည်။ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိသည်နှင့် ခြေလက်များအသုံးပြုကာ တရကြမ်းယှဉ်ပြိုင်တိုက်ခိုက်လိုက်ကြလေသည်။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာသည်။

သိုင်းကွက်ငါးဆယ်ခန့် ယှဉ်ပြိုင်မိလျှင် ...

"ဝုန်း"

အသံတစ်ချက် ထွက်ပေါ်လာပြီး ကျင်းရှောင်ဖန်းနောက်ဆုတ်သွားရ၏။

ကျင်းခုံးလွေ ပြုံးလိုက်၏။

"ဘယ်လိုလဲ၊ မင်း ... မတတ်နိုင်ဘူးမဟုတ်လား"

ကျင်းရှာင်ဖန်း အံတင်းတင်းကြိတ်လိုက်၏။

"ယား"

သူကကျယ်လောင်သော ညာသံတစ်ချက်ပေးယင်း တရကြမ်း ပြေးဝင်တိုက်ခိုက်လိုက်၏။

"မင်းဘာတတ်နိုင်မှာလဲ"

ကျင်းခုံးလွေက ရေရွတ်ယင်း ပြန်လည်တိုက်ခိုက်လိုက်၏။ သိုင်းကွက်နှစ်ဆယ်ကျော်သို့ အရောက်တွင် ...

"ဝုန်း"

"အား"

ကျယ်လောင်သောအသံတစ်ချက်ထွက်ပေါ်လာပြီး ကျင်းရှောင်ဖန်းမှ နောက်သို့ဒယီးဒယိုင်ဖြင့် ဆုတ်သွားရသည်။

သူ၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေ၏။

သူ၏ရင်ဝတွင် ကျင်းခုံးလွေ၏ လက်သီးတစ်လုံး အထိုးခံလိုက်ရခြင်းကြောင့် နောက်ဆုတ်ပေးလိုက်ရခြင်းဖြစ်သည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။



ကျင်းရှောင်ဖန်းမှာ အတွင်းဒဏ်ရာ ရရှိသွားပြီဖြစ်သည်။

ကျင်းခုံးလွေသဘောကျစွာ ရယ်မောလိုက်ပြီး ...

"ဘယ်လိုလဲ မင်းရဲ့ပညာ ဒါအကုန်ပဲလား" ဟု ခနဲ့လိုက်၏။

ကျင်းရှောင်ဖန်း အံတင်းတင်းကြိတ်လိုက်၏။

ထို့နောက်... သူကထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

"ကျွန်တော့်ကို ခွင့်ပြုပါ"

စကားသံနှင့်အတူ ရှမ်းထင်း ရှေ့သို့ခုန်ဝင်လာသည်။

ကျင်းခုံးလွေ မဲ့ပြုံးပြုံးလိုက်၏။

"ဟွန်း ... ငါမွေးတဲ့မျောက် ငါ့ပြန်ခြောက်လို့ရမလား၊ ကြည့်ကြသေးတာပေါ့"

ပြောယင်း တရကြမ်းတိုက်ခိုက်လိုက်၏။

ရှမ်းထင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။ တခဏအတွင်းပင် သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်အပြန်အလှန် ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေသည်။

ကျင်းရှောင်ဖန်းနှင့်တကွ အားလုံးသော ရှောင်လင်ကျောင်းမှ လူများသည် တိုက်ပွဲကို မျက်တောင်မခတ် ငေးမောကြည့်ရှုနေကြလေတော့သည်။

♣ ♣ ♣

## ဆရာထက် လက်စောင်းထက်သည့်တပည့်

"ဝုန်း"

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

ရှမ်းထင်းနှင့် ကျင်းခုံးလွှေတို့နောက်သို့ ပြိုင်တူဆုတ်လိုက်ကြသည်။

ကျင်းခုံးလွှေ မျက်မှောင်ကြုတ်ကာ ...

"မင်းကဘယ်ဆိုးလို့တုန်း၊ ကောင်းပြီ ကျုပ်ရဲ့လက်ဝါးကိုကြည့်ထား"

အော်ပြောယင်း ပြေးဝင်တိုက်ခိုက်လိုက်သည်။

ရှမ်းထင်း၏ သိုင်းပညာမှာ ကျင်းခုံးလွှေထံမှ သင်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သူတိုက်ကွက်ဆင်လိုက်သည်နှင့် မည်သို့မည်ပုံတိုက်ခိုက်လာမည်ကို ကျင်းခုံးလွှေက ကြိုတင်သိရှိနေပြီဖြစ်သည်။

ထိုအခါ ... အငိုက်ဖမ်းတိုက်ခိုက်၍ ချေဖျက်ရန်အဆင်သင့်



ဖြစ်နေပေတော့သည်။ တိုက်ခိုက်ယင်း ရှမ်းထင်းတစ်ယောက် နောက်ဆုတ်လိုက်ရသည်။

ကျင်းခုံးလွှေက ရယ်မောယင်း ...

"ရှမ်းထင်းအခုနေ မင်းဒူးထောက်တောင်းပန်မယ်ဆိုယင် ကျုပ်ကမင်းကို အသက်ချမ်းသာရာပေးမယ်ကွ" ဟုလှမ်းပြောလိုက်သည်။

သို့သော် ... ရှမ်းထင်းက. သူ၏စကားကို လုံးဝအရေးမစိုက်ပါချေ။ အံကြိတ်ယင်း အမျိုးသမီးကြီး ဝါးမေသင်ကြားပေးလိုက်သောသိုင်းကွက်များ အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ဝါးမေက အမာကို အပျော့ဖြင့် ထိပ်တိုက်ရင်ဆိုင်ရန်သင်ကြားပေးခဲ့သည် မဟုတ်ပါလား။

ရှမ်းထင်းက မြေပေါ် ခြေဖျားထောက်လိုက်ပြီး လက်နှစ်ဘက်အပေါ် ဆန့်တန်းကာ လက်ငါးချောင်းစု၍ ငှက်နှုတ်သီးပုံသဏ္ဌာန်တိုက်ကွက်ဆင်လိုက်သည်။

သူ၏တိုက်ကွက်အနေအထားကိုကြည့်ကာ ကျင်းခုံးလွှေ မျက်မှောင်ကြုတ်သွားလေသည်။

"မင်းဘယ်က သိုင်းကွက်အသစ်အဆန်းတွေတတ်ထားတာလဲကွ" ဟု မေးလိုက်၏။

ရှမ်းထင်းက အဖြေမပေးပါ။

သူကခပ်သွက်သွက်လေး တိုက်ခိုက်လိုက်၏။ အမျိုးသမီးကြီး ဝါးမေ သင်ကြားပေးသည့်အတိုင်း တစ်ကိုယ်လုံးပေါ့ပါးလာသည်ဟု စိတ်ထဲစွဲမှတ်ကာ ခန္ဓာကိုယ်အား လိုအပ်သလို လှုပ်ရှားရနိုင်သည်

ဟု နှလုံးသွင်းပြီး အတင်းတိုးဝင်တိုက်ခိုက်လိုက်ခြင်း ဖြစ်တော့သည်။

ထိုသို့ တိုက်ခိုက်လိုက်သည်နှင့်

"ဖြို"

ကျင်းခုံးလွေ၏ ပခုံးမှ အကျီများ စုတ်ပြဲသွားသည်။ နောက်သို့လည်း သုံးလေးလှမ်းမျှ ဆုတ်သွားသည်။

ကျင်းခုံးလွေပြုံးလိုက်သည်။

"မင်းမဆိုးဘူး ... မင်းကိုတွေ့စကတည်းက ထက်ထက်မြက်မြက်ရှိမယ့်လူငယ်တစ်ယောက်ဆိုတာ ကျုပ်အကဲခတ်မိတယ်၊ အင်း ... မင်းကို သတ်ပစ်ရမှာ နှမြောတယ်၊ ဒါပေမယ့် ရှမ်းထုံရဲ့သားဖြစ်နေတော့လဲ သေရမှာပေါ့လေ"

စကားဆုံးလျှင် ရှေ့သို့တိုးကာ တိုက်ခိုက်လာသည်၊ ရှမ်းထင်းက လုံးဝနောက်မဆုတ် ခုခံတိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ် ...

ကျင်းခုံးလွေက ရှမ်းထင်း၏ တိုက်ကွက်များကို လှစ်ခနဲ လှစ်ခနဲ ရှောင်ကာ လူချင်းစင်လုံးလိုက်ခြင်းဖြစ်သည်။

ရှေ့သို့ အတင်းဝင်လာခြင်းကြောင့် ရှမ်းထင်း၏ ၄က်နူတ်သီးပမာ လက်ချောင်းများ၏ တိုက်ကွက်သုံးလေးချက်မျှ ထိသွား၏။

သူ၏အဝတ်အစားများစုတ်ပြဲကုန်ပြီး သွေးများပင်စို့လာသည်။

သို့သော် ... သူကမမှုပဲ အတင်းတိုးဝင်ကာ ဖမ်းချုပ်လိုက်ခြင်းဖြစ်လေသည်။

ရှမ်းထင်းနှင့် မျက်နှာချင်းဆိုင်သည်နှင့် ဆွဲယူကာလက်နှစ်



ဖက်ဖြင့် ပွေ့ဖက် ဖျစ်ညှစ်လိုက်၏။

ဤသည်ကား ကျင်းခုံးလွေ၏ လျှို့ဝှက်ပညာဖြစ်သည်။ သူက ယင်းသို့ဖျစ်ညှစ်လိုက်သည်နှင့် တစ်ဘက်လူမှာ အသက်ရှူမွှန်ကြပ်သလိုအကြောများဆိုင်းကာ အရိုးများ ကျိုးကျေပြီး ပြန်လည်တိုက်ခိုက်ခြင်း မပြုနိုင်ပဲ သေဆုံးသွားရမည်ဖြစ်ပေသည်။

ရှမ်းထင်းက ထင်းအိထံမှ ရရှိခဲ့သော သိုင်းကျမ်းစာအုပ်၌ ပါရှိသည့် သံမဏိကိုယ်လုံးသိုင်းပညာကို လေ့ကျင့်ထားပြီးဖြစ်လေသည်။

ထင်းအိသည် ကျင်းခုံးလွေအား သံမဏိ ကိုယ်လုံးသိုင်းပညာတတ်မှသာလျှင် အနိုင်ရမည်ဖြစ်ကြောင်း သိရှိထားသဖြင့် ချန်ထိုင်အား ရှမ်းထင်းကို သင်ပေးစေခြင်းဖြစ်၏။

ရှမ်းထင်းမှာ ရုတ်တရက် ဖျစ်ညှစ်ခံလိုက်ရလျှင် မျက်လုံးများပင်ပြူးထွက်လာသည်။

အသက်ပင်ရှူမရတော့ပဲ ခြေထောက်များ ဆန့်တန်းကာ ရုန်းကန်မိသည်။

"ဖျောက် ... ဖျောက်"

အရိုးအဆစ်များ မြည်သံပင် ထွက်ပေါ်လာသည်။

ကျင်းခုံးလွေ အားကုန် ဖျစ်ညှစ်နေ၏။

မကြာမီအချိန်တွင် ရှမ်းထင်း၏တစ်ကိုယ်လုံး အရိုးများကျိုးကြေကာ သေဆုံးသွားမည်ဟု ယုံကြည်ထားသည်။

ဤတွင် ... အခြေအနေစောင့်ကြည့်နေသည့် ချန်ထိုင်ထံမှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ရှမ်းထင်း... မင်းဘာလုပ်နေတာလဲ၊ သံမဏိကိုယ်လုံးပညာမင်းကိုသင်ပေးထားတယ် မဟုတ်လား"

ထိုစကားကြားလျှင် ကျင်းခုံးလွှေ မျက်လုံးပြူးသွား၏။

"ဟင် ... သံမဏိကိုယ်လုံးပညာ" ဟုလည်း လွှတ်ခနဲရေရွတ်မိ၏။ သူ၏ဖျစ်ညှစ်ထားမှု အနည်းငယ်လျော့ကျသွားလျှင် ရှမ်းထင်းအသက်ရှူခွင့်ရသွားသည်။

အသက်ပြင်းပြင်း ရှူရှိုက်ယင်း ...

"ယား"

ညာသံပေးကာ တစ်ကိုယ်လုံးရှိ ခွန်အားများကို ဖျစ်ညှစ်ထုတ်လိုက်သည်။

တစ်ဆက်တည်းပင် ... ကျင်းခုံးလွှေအား ပြန်လည်ပွေ့ဖက်ကာ ဖျစ်ညှစ်လိုက်၏။ နှစ်ယောက်သား ဗွေနပဲကြီးစွာဖြင့် တစ်ယောက်ကိုတစ်ယောက် အားထုတ်ဖျစ်ညှစ်နေကြ၏။

နှစ်ယောက်စလုံး ချွေးများ စို့ရွှဲလာသည်။ တစ်ခဏအကြာတွင် ကျင်းခုံးလွှေက

"လွှတ်စမ်း"

အော်ငေါက်ယင်း လက်နှစ်ဖက်ကို ဖျစ်ညှစ်ထားရာမှ လွှတ်ကာ ရှမ်းထင်း၏ လက်များကို ပင့်တင်လိုက်၏။

ထို့နောက် ... မြေပေါ်ခြေဆောင့်ကာ အနောက်ဘက်ခုန်ထွက်သွားလေသည်။

သူကအားပြိုင်မှုကို ရုပ်သိမ်းကာ နောက်သို့ခုန်ဆုတ်သွားလျှင် ရှမ်းထင်းလည်းရသည့်အခွင့်အရေးကို လက်မလွှတ်ပဲ ခြေ



ထောက်ဖြင့် ကန်ကျောက်လိုက်၏။

သူကတစ်လိုယ်လုံးတွင် စုစည်းထားသောအားများကို ခြေထောက်တွင်စုစည်းကာ ကန်ကျောက်လိုက်ခြင်းဖြစ်၏။

သူ၏ခြေကန်ချက်က နောက်ဆုတ်သွားသော ကျင်းခုံးလွှေ၏ရင်ဝသို့ တည့်တည့်မတ်မတ် ထိမှန်သွားလေသည်။

"ဝုန်း"

"အွန့်"

ကျင်းခုံးလွှေထံမှ မသဲမကွဲမြည်သံထွက်ပေါ်လာ၏။ အရှိန်ပြင်းသောကန်ချက်ကြောင့် ခြေဆယ်လှမ်းခန့်အကွာအဝေးသို့ လွင့်စဉ်သွား၏။

ကျွမ်းသုံးလေးပတ်ပစ်ကာ မြေပေါ်ရပ်လိုက်သော်လည်း ခန္ဓာကိုယ်မထိန်းနိုင်ပဲ ဒူးညွှတ်ကျသွားသည်။ တိုက်ပွဲ၏ အဖြေထွက်ပေါ်လာပြီဟု ချန်ထိုင်နှင့် ခုံးမိန်တို့ နားလည်သဘောပေါက်လိုက်၏။

ကျင်းရှောင်ဖန်းကလည်း ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ ရှမ်းထင်းအား ချီးကျူးသောအကြည့်ဖြင့် ကြည့်နေ၏။

ကျင်းခုံးလွှေ ဒူးထောက်ရာမှ ချောင်းတဟွတ်ဟွတ်ဆိုးလာပြီး

"ဝေါ့"

သွေးများ ပွက်ခနဲ အန်ထုတ်လိုက်သည်။

သူ၏ပုံဟန်မှာ အလွန်မြင့်မားသော တောင်တစ်လုံးပေါ်မှ ပြေးဆင်းလာခဲ့ရသူပမာရှိနေသည်။

ရင်ဘတ်နိမ့်ချည် မြင့်ချည်ဖြင့် အသက်ကိုပြင်းစွာ ရှူရှိုက်နေ

၏။ အသားများ တဆတ်ဆတ်တုန်ယင်နေရာမှ သမင်လည်ပြန်လှည့်ကြည့်လိုက်သည်။

ရှမ်းထင်းက မားမားမတ်မတ် ရပ်နေသည်။

သူကမျက်တောင်မခတ်စိုက်ကြည့်နေလေသည်။

ကျင်းခုံးလွေ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"မင်းတော်တယ်၊ မင်းလိုတပည့်မျိုး မွေးရကျိုးနပ်ပါပေတယ်ကွာ" ဟု ဝမ်းသာလှိုက်လှဲသော လေသံဖြင့် ပြောလိုက်သည်။

ရှမ်းထင်းကား ဘာမှမပြောပဲ ငေးကြည့်နေသည်။

ကျင်းခုံးလွေ ဒူးထောက်ရာမှ တဖြည်းဖြည်းချင်းထရပ်လိုက်လေသည်။

ထို့နောက် ရှမ်းထင်းအနီးသို့ လျှောက်လာသည်။

ရှမ်းထင်က မလှုပ်မယှက်ရပ်ကာ မျက်တောင်မခတ် စိုက်ကြည့်နေဆဲ ...

သူနှင့် ခြေသုံးလှမ်းခန့်အကွာတွင် ကျင်းခုံးလွေ ခြေလှမ်းရပ်လိုက်သည်။

တစ်ဖန် ဦးခေါင်း တညိတ်ညိတ်ဖြင့်

"မင်းက ဆရာထက် လက်ဝါးစောင်းထက်တဲ့ တပည့်တစ်ဦးပါပဲ၊ မင်းအခုလို သိုင်းပညာထူးထူးချွန်ချွန် တတ်မြောက်ထားတာတွေ့တော့ ကျုပ်သိပ်ဝမ်းသာမိတယ်၊ ကျုပ်သေမယ်ဆိုယင်တောင် ကျုပ်တပည့်တစ်ယောက် ထွန်းထွန်းပေါက်ပေါက် ကျန်ရစ်ခဲ့မှာမို့ သေပျော်ပါပြီကွာ"



ပြောယင်း လေသံတုန်ယင်လာသည်။

သူ၏မျက်ဝန်းအစုံ၌ မျက်ရည်များ ရစ်ဝိုင်းလာလေသည်။ ကျင်းခုံးလွေအား ကြည့်ကာ ကျောက်ဂူအတွင်းဆုံခဲ့ရသည့်အဖြစ်အပျက်များကို ပြန်လည်အမှတ်ရလာလေသည်။

ထိုစဉ်က သူ့အား ကျင်းခုံးလွေက ထိပ်တန်းသိုင်းပညာများ တက်တက်ကြွကြွ သင်ကြားပေးခဲ့သည် မဟုတ်ပါလား။

ကျင်းခုံးလွေကြောင့် ရှောင်လင်ကျောင်းမှ ထွက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ ကျင်းခုံးလွေသည် ရန်သူဖြစ်သော်လည်း ဆရာမှာ ဆရာသာ ဖြစ်သည်။

ကျင်းခုံးလွေက အားယူပြုံးယင်း ...

"မင်းဟာ ကျုပ်ကို အာဃာတမထားဘဲ ဆရာလို့ တစ်ခွန်းခေါ်မယ်ဆိုယင် ကျုပ်သေပျော်ပါပြီကွာ" ဟု ပြောလိုက်ပြန်သည်။

သူ၏လက်ချက်ကြောင့် ကျင်းခုံးလွေမှာ အတွင်းဒဏ်ရာပြင်းထန်စွာ ရသွားပြီဖြစ်ကြောင်း ရှမ်းထင်းနားလည်မိလေသည်။

ကျင်းခုံးလွေကား အနေးနှင့်အမြန် သေဆုံးသွားမည်သာဖြစ်ပေသည်။

ရှမ်းထင်းသက်ပြင်းချကာ ...

"ဆရာ"

မြေပေါ် ဒူးထောက်ယင်း ဆရာဟုခေါ် လိုက်သည်။ သူ၏ရင်ထဲ ကြေကွဲဆို့နင့်နေ၏။

ဖခင်အတွက် ရန်သူကို သုတ်သင်ရှင်းလင်းနိုင်ပြီမို့ ဝမ်းသာ

ရသလို တစ်ဖက်က ဆရာအရင်းဖြစ်နေခြင်းကြောင့် ဝမ်းနည်းနေရသည်။ ဝမ်းသာဝမ်းနည်း ခံစားချက်နှစ်ခု တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ခံစားနေရခြင်းတည်း။

ရန်သူဖြစ်သော်လည်း ဆရာမှာ ဆရာသာဖြစ်သည်ဟူသော အတွေးဝင်လာ၍ ဒူးထောက်ကာ ခေါ်လိုက်ခြင်းဖြစ်ပေသည်။

ကျင်းခုံးလွှေပြုံးလိုက်သည်။

"အင်း ... မင်းကို ကျုပ်ကသိုင်းပညာသင်ပေးခဲ့ရပေမယ့် မင်းကစကားမပြောနိုင်လို့ ဆရာဆိုပြီး တစ်ခွန်းမှ မခေါ်ဖူးဘူး၊ အခုတော့ မင်းစကားပြောနိုင်ပြီမဟုတ်လား၊ နောက်တစ်ခါခေါ်လိုက်စမ်းပါဦးကွာ"

ပြောယင်း ခန္ဓာကိုယ် ဒယီးဒယိုင်ဖြင့် ရှေ့တိုးလာသည်။ အရက်အလွန်မူးယစ်နေသော အရက်မူးသမားတစ်ယောက် သို့မဟုတ် ရောဂါဝေဒနာသည်းထန်စွာ ခံစားနေရသော ရောဂါသည်တစ်ယောက်နှင့်တူလှ၏။

ရှမ်းထင်းက ဒူးထောက်ခေါင်းငုံ့ကာ

"ဆရာ" ဟု ခေါ်လိုက်သည်။

ထိုအချိန်တွင် ကျင်းခုံးလွှေမှာ ရှမ်းထင်းရှေ့သို့ရောက်လာပြီးဖြစ်လေသည်။

ဦးခေါင်းတညိတ်ညိတ်ဖြင့် ...

"သိပ်တော်တဲ့ ငါ့တပည့်ပါလား"

ပြောယင်းရှမ်းထင်း၏ ဦးခေါင်းကို ပွတ်သပ်ပေး၏။

ရှမ်းထင်း တုတ်တုတ်မျှမလှုပ်ဘဲ ခေါင်းငုံ့ထားသည်။



ကျင်းခုံးလွှေက ...

"မင်းလိုတပည့်တစ်ယောက်ကို ကျုပ်ကလွဲပြီး ဘယ်သူကရှာနိုင်မှာလဲ၊ ဟား ... ဟား ... ဟား"

ပြောယင်း သဘောကျစွာ ရယ်မောလိုက်၏။

ရှမ်းထင်း၏ရင်ထဲ၌ ထူးခြားသောခံစားချက်များဖြစ်ပေါ်လာ၏။ သူ၏ဖခင် အသက်ခံရစဉ်ကငှင်း၊ လယ်သမားမိသားစုအား သုတ်သင်လိုက်စဉ်ကငှင်း ရယ်မောသည့် ကျင်းခုံးလွှေ၏ ရယ်မောသံနှင့် မျက်နှာထားကို မြင်ယောင်လာသည်။

ရှမ်းထင်းရင်ထိတ်သွားပြီး ခေါင်းမော့ကြည့်လိုက်၏။

"ဟင်"

မမျှော်လင့်သောမြင်ကွင်းအား တွေ့မြင်လိုက်ရခြင်းကြောင့် အံ့ဩထိတ်လန့်သွား၏။

အကြောင်းကား ...

ကျင်းခုံးလွှေက သူ၏ဦးခေါင်းပေါ်သို့ လက်ငါးချောင်းဖြင့် ကုပ်ချလာသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ပင်။

"ခင် ... ခင်ဗျား"

ရှမ်းထင်း အထိတ်တလန့် ခုန်ထလိုက်သည်။

ကျင်းခုံးလွှေ၏ရင်ထဲမှ ကောက်ကျစ်စဉ်းလဲမှုများသည်ကား အသက်သေဆုံးမှသာလျှင် လူ့လောကမှ ကွယ်ပျောက်သွားလိမ့်မည်ဟု နားလည်သဘောပေါက်သွား၏။

ရှမ်းထင်းက အချိန်သတ်၍ ရှမ်းထင်းကို သတ်ဖြတ်ရန်ကြိုးစားယင်း ရှမ်းထင်းခုန်ထသည်ကို တွေ့လျှင် ...

"မင်းပြေးလို့ လွတ်မလား" ဟု အော်ငေါက်ယင်း ရှေ့သို့လှမ်းတက်ကာ ကျောခိုင်း**ထွက်**သွားရန် ဟန်ပြင်နေသည့်ရှမ်းထင်းအား လက်တစ်ဖက်ဖြင့် **ဆွဲလိုက်**သည်။

သူ၏ပုံစံမှာ **အ**ရက်သမားနှင့်ငှင်း၊ ရောဂါသည်နှင့်ငှင်း လုံးဝမတူတော့ချေ။

ကျားရိုင်းတစ်ကောင်ပမာ လျှင်မြန် ဖျတ်လတ်နေ၏။

ရုတ်တရက်မို့ ရှမ်းထင်းလွတ်အောင် မရှောင်နိုင်ခဲ့ချေ။

ကျင်းခုံးလွေက ရှမ်းထင်းအား အနောက်ဘက်မှ သိုင်းဖက်မိသွား၏။

ဝဲဘက်လက်ဖြင့် ဆွဲဖိပြီး ယာဘက်လက်က စွန်ကုပ်သည့် သဏ္ဍာန်ဖြင့် ရှမ်းထင်း၏လည်ပင်းကို ကုပ်ချလိုက်သည်။

"ဟင်း"

"ဟာ"

ရှမ်းထင်းသေဆုံးသွားလိမ့်မည်ဟူသော ရှောင်လင်ကျောင်းတော်သားများ အော်ဟစ်မိကြလေသည်။

ထိုစဉ်မှာပင် ...

မမျှော်လင့်သော အဖြစ်အပျက်ဖြစ်ပေါ်လာသည်။

ရှမ်းထင်းကိုယ်တိုင်လည်း ထိတ်လန့်တုန်လှုပ်ကာ ရုတ်တရက် ခေါင်းငုံ့ရှောင်လိုက်သည်။

ထို့နောက် ... ငါးရှဉ့်တစ်ကောင်ပမာ ကျင်းခုံးလွေ၏လက်ထဲမှ လျှောခနဲရုန်းထွက်လိုက်၏။

ဤတွင် ...



ကုပ်ဆွဲလိုက်သော လက်ငါးချောင်းမှာ ရှမ်းထင်းကို မရိုက်မိတော့ပဲ သူ၏လည်ပင်းသို့ပင် ပြန်လည်ထိုးသွင်းသွားမိတော့သည်။

မယုံကြည်နိုင်စရာကောင်းသော အဖြစ်အပျက်တစ်ခုပင်

"အား"

ကျင်းခုံးလွေ၏ စူးရှသောအော်ဟစ်သံထွက်ပေါ်လာသည်။ ရှမ်းထင်းအား အသေသတ်ရန် အားကုန်ထိုးစိုက်လိုက်သော သူ၏ လက်ချောင်းများကား သူ၏လည်ပင်းသို့စိုက်ဝင်ခဲ့ချေပြီ။

ကျင်းခုံးလွေ၏ ခန္ဓာကိုယ်ဆတ်ခနဲတုန်ခါသွား၏။

မျက်လုံးများ ပြူးထွက်လာပြီး

" ဝုန်း"

မြေပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားလေတော့သည်။

"ဒေါင် ... ဒေါင် ... ဒေါင်"

တောင်ပေါ်မှ ချိုလွင်သော ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်။

စမ်းချောင်းကလေး၌ ရေခပ်နေသောရှောင်လင်ကျောင်းတော်သားနှစ်ယောက် တောင်ပေါ်သို့ မော့ကြည့်လိုက်ကြသည်။ ထိုစဉ် တောလမ်းကလေးအတိုင်း အမျိုးသမီးကြီးတစ်ယောက် လျှောက်လာနေသည်ကို တွေ့ရ၏။

ထိုအမျိုးသမီးကြီးကား ဝါးမေပင် ဖြစ်လေသည်။

ဝါးမေက တောင်ပေါ်သို့ မော့ကြည့်လိုက်၏။ တစ်ဖန် ရေခပ်နေသော ရှောင်လင်ကျောင်းတော်သားနှစ်ယောက်ကိုကြည့်ကာ ...

"တောင်ပေါ်မှာ ဘာများထူးခြားလို့လဲကွယ်" ဟု မေးလိုက်သည်

ရှောင်လင်ကျောင်းတော်သားတစ်ယောက်က

"ရှောင်လင်ကျောင်းတော်သား တစ်ယောက်ဖြစ်ခဲ့တဲ့ ရှမ်းထင်းက ရှောင်လင်ကျောင်းမှာ ရာသက်ပန်နေထိုင်မယ်ဆိုပြီး သာသနာ့ဘောင်ဝင်တဲ့ပွဲ ကျင်းပနေတာပါ။

ထိုစကားကြားလျှင် ဝါးမေ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ကောင်းပါပေတယ် ... ကောင်းပါပေတယ်"ဟု

တီးတိုးပြောကာ ကျောခိုင်းထွက်သွား၏။

ရှောင်လင်ကျောင်းတော်သားနှစ်ယောက်မှာ ဝါးမေ၏ နောက်ကျောကို ငေးမောကြည့်ယင်း ကျန်ရစ်ခဲ့ကြလေတော့သည်။

♣ ♣ ♣

တက္ကသိုလ်သီဟအောင်

**အမိုက်ဖိုးသောသိုင်းသခင်**

( ဒုတိယဇာတ်သိမ်းပိုင်း )

ပြီး၏။